# ရတနာပုံ

yadanarbonnews.com

၁၉၉၂ ခုနှစ် ၊ မေလ ၁ ရက် စတင်ထုတ်ဝေသည်။

၁၃၈၆ ခုနှစ် ၊ တပို့တွဲလဆန်း(၁၃)ရက် ၊ တနင်္လာနေ့ ၊ (10-2-2025) ၊ အတွဲ (၃၃) ၊ အမှတ် (၂၈၆)


**ဒို့တာဝန်အရေးသုံးပါး**

- ပြည်ထောင်စုမပြိုကွဲရေး။
- တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ်(၅)ရပ်

၁။ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေးအပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျိုးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအား မြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့်ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် NCA ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏အခွင့်အရေးများ နစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျနမှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေးဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# ၂၀၂၄ ခုနှစ်အတွက် မြန်မာ့ရုပ်ရှင်ထူးချွန်ဆုချီးမြှင့်ပွဲအခမ်းအနား ကျင်းပ

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် တက်ရောက်အဖွင့်အမှာစကားပြောကြားပြီး ရုပ်ရှင်တစ်သက်တာထူးချွန်ဆုများ ပေးအပ်ချီးမြှင့်



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှ ၂၀၂၄ ခုနှစ်အတွက် မြန်မာ့ရုပ်ရှင်ထူးချွန်ဆုရရှိသူများကို ရင်းရင်းနှီးနှီးလိုက်လံနှုတ်ဆက်စဉ်။

**နေပြည်တော် ဖေဖော်ဝါရီ ၉**

၂၀၂၄ ခုနှစ်အတွက် မြန်မာ့ရုပ်ရှင်ထူးချွန်ဆုချီးမြှင့်ပွဲအခမ်းအနားကို ယနေ့ညနေပိုင်းတွင် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်းဗဟိုဌာန-၁(MICC-1)၌ ကျင်းပရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် တက်ရောက်အဖွင့်အမှာစကားပြောကြားပြီး ရုပ်ရှင်တစ်သက်တာထူးချွန်ဆုများ ပေးအပ်ချီးမြှင့်သည်။

အခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်၏ ဇနီး ဒေါ်ကြူကြူလှ၊

**စာမျက်နှာ ၁၆ ကော်လံ ၁ ☞**




ရတနာပုံ
၂၀၂၅ ခုနှစ် ဖေဖော်ဝါရီ ၁၀ ရက်
အယ်ဒီတာ့အာဘော်

## တပ်မတော်နယ်လှည့်အထူးကုဆေးအဖွဲ့၏ ပြည်သူ့ကျန်းမာရေးစောင့်ရှောက်မှု

တပ်မတော်နယ်လှည့်အထူးကုဆေးအဖွဲ့မှ ပါရဂူများ၊ ဆေးမှူးများနှင့် သူနာပြုများပါဝင်သည့် တပ်မတော်ပင်လယ်သွားဆေးရုံရေယာဉ်(သံလွင်)သည် တနင်္သာရီကမ်းရိုးတန်းတစ်လျှောက်ရှိ မြို့နယ်၊ ကျေးရွာများ၊ ရန်ကုန်တိုင်းဒေသကြီး ကိုကိုးကျွန်းမြို့နယ်နှင့် ဧရာဝတီတိုင်းဒေသကြီး ဟိုင်းကြီးကျွန်းမြို့နယ်အတွင်းရှိ ပတ်ဝန်းကျင်ကျေးရွာများမှ ဒေသခံပြည်သူများကို ဇန်နဝါရီ ၁၆ ရက်မှ ဖေဖော်ဝါရီ ၅ ရက်ထိ ပြည်သူ့အကျိုးပြုကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ သွားရောက်ဆောင်ရွက်ပေးခဲ့သည်။

တပ်မတော်ပင်လယ်သွားဆေးရုံရေယာဉ်(သံလွင်)မှ တပ်မတော်နယ်လှည့်အထူးကုဆေးအဖွဲ့သည် တနင်္သာရီကမ်းရိုးတန်းဒေသများဖြစ်သော ပုလောမြို့နယ် မလိကျွန်းပတ်ဝန်းကျင်ကျေးရွာများ၊ ကျွန်းစုမြို့နယ် ကျွန်းစုမြို့ပတ်ဝန်းကျင်ကျေးရွာများ၊ ဘုတ်ပြင်းမြို့နယ် ပုလဲကျွန်းပတ်ဝန်းကျင်ကျေးရွာများ၊ ကော့သောင်းမြို့နယ် ဇာဒက်ကြီးကျွန်းပတ်ဝန်းကျင်ကျေးရွာများ၊ ရန်ကုန်တိုင်းဒေသကြီး ကိုကိုးကျွန်းမြို့နယ်အနီးတစ်ဝိုက်ဒေသများနှင့် ဧရာဝတီတိုင်းဒေသကြီး ငပုတောမြို့နယ် ဟိုင်းကြီးကျွန်းမြို့နှင့် ချောင်းဝကျေးရွာအနီးဝန်းကျင်ကျေးရွာများရှိ ဒေသခံပြည်သူများ၏ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကို ဆောင်ရွက်ပေးခဲ့ခြင်းဖြစ်ပေသည်။

တပ်မတော်ပင်လယ်သွားဆေးရုံရေယာဉ်(သံလွင်) တပ်မတော်နယ်လှည့်အထူးကုဆေးအဖွဲ့သည် ၂၀၁၆ ခုနှစ်မှစ၍ မြန်မာ့ပင်လယ်ကမ်းရိုးတန်းဒေသများနှင့် ပတ်ဝန်းကျင်ကျေးရွာများရှိ ဒေသခံပြည်သူများကို ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးခဲ့ရာ ယခုခရီးစဉ်သည် ၁၈ ကြိမ်မြောက်ဖြစ်ပြီး ဒေသခံပြည်သူစုစုပေါင်း ၁၆၃၆၄၆ ဦးတို့ကို ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများဆောင်ရွက်ပေးနိုင်ခဲ့သည့်အပြင် ကိုယ်ဝန်ဆောင်မိခင် ၂၂ ဦးတို့ကိုလည်း အောင်မြင်စွာမွေးဖွားပေးနိုင်ခဲ့ပေသည်။

တပ်မတော်ပင်လယ်သွားဆေးရုံရေယာဉ်(သံလွင်) တပ်မတော်နယ်လှည့်အထူးကုဆေးအဖွဲ့တွင် လိုက်ပါလာသည့် ပါရဂူများ၊ ဆေးမှူးများနှင့်သူနာပြုများကို ဒေသခံပြည်သူများက ယခုကဲ့သို့ ကျန်းမာရေးစောင့်ရှောက်မှုများဆောင်ရွက်ပေးသဖြင့် ကျေးဇူးတင်ဝမ်းသာပီတိဖြစ်ကြသကဲ့သို့ ဆေးကုသမှုပေးရန် စီစဉ်ပေးသော နိုင်ငံတော်အကြီးအကဲများကိုလည်း အထူးကျေးဇူးတင်လျက်ရှိကြသည်။

တပ်မတော်သည် နိုင်ငံအတွက် လိုအပ်နေသော ဆေးပညာဆိုင်ရာ လူ့စွမ်းအားအရင်းအမြစ်များနှင့် ဆေးဘက်ဆိုင်ရာပညာရပ်များ မြင့်မားတိုးတက်ရေးအတွက် စဉ်ဆက်မပြတ် မြှင့်တင်ဆောင်ရွက်လျက်ရှိသည်။ တပ်မတော်ဆေးတက္ကသိုလ်အနေဖြင့် ဆေးပညာဘွဲ့များအပြင် ပညာရပ်ဆိုင်ရာအဆင့်မြင့်ဘွဲ့ဒီဂရီရရှိအောင် တိုးချဲ့ဖွင့်လှစ်ပေးခဲ့သည်။ ထို့ပြင် နိုင်ငံတကာဆေးပညာတက္ကသိုလ်များသို့ စေလွှတ်ပြီး အဆင့်မြင့်ဆေးပညာများသင်ယူစေကာ ဆေးပညာရှင်များမွေးထုတ်ပေးခဲ့သည်။ အလားတူ တပ်မတော်သူနာပြုနှင့်ဆေးဘက်ပညာတက္ကသိုလ်များတွင်လည်း သူနာပြုနှင့်ကျွမ်းကျင်သူများကို မွေးထုတ်ပေးခဲ့ပြီး နိုင်ငံတကာသို့လည်း စေလွှတ်ကာ အဆင့်မြင့်ဆေးပညာများ လေ့လာဆည်းပူးစေခဲ့ပါသည်။

သို့ဖြစ်ရာ တပ်မတော်သည်နိုင်ငံတော်ကာကွယ်ရေးအပြင် ပြည်သူများ၏ကျန်းမာရေးစောင့်ရှောက်မှုနှင့် သဘာဝဘေးကူညီကယ်ဆယ်ရေးလုပ်ငန်းများကို စွမ်းစွမ်းတမံ ဆောင်ရွက်ပေးလျက်ရှိပေသည်။ ထို့ကြောင့် ယခုကဲ့သို့ တနင်္သာရီကမ်းရိုးတန်းတစ်လျှောက်ရှိ မြို့နယ်ကျေးရွာများ၊ ရန်ကုန်တိုင်းဒေသကြီး ကိုကိုးကျွန်းမြို့နယ်နှင့် ဧရာဝတီတိုင်းဒေသကြီး ငပုတောမြို့နယ် ဟိုင်းကြီးကျွန်းမြို့နှင့်ပတ်ဝန်းကျင်ကျေးရွာများရှိ ဒေသခံပြည်သူများကို တပ်မတော်ပင်လယ်သွားဆေးရုံရေယာဉ်(သံလွင်) တပ်မတော်နယ်လှည့်အထူးကုဆေးအဖွဲ့သည် မေတ္တာ၊ စေတနာ၊ အကြင်နာတရားအပြည့်ဖြင့် ပြည်သူ့အကျိုးပြုကျန်းမာရေးစောင့်ရှောက်မှုဆောင်ရွက်ပေးခဲ့မှုအပေါ် ဂုဏ်ယူဝမ်းမြောက်မိပါကြောင်း ရေးသားလိုက်ရပေသည်။

## ၂၀၂၅ ခုနှစ်၊ ၇၈ နှစ်မြောက် ပြည်ထောင်စုနေ့ အမျိုးသားရေးဦးတည်ချက်များ

(၁) ပြည်ထောင်စုစိတ်ဓာတ်၊ ဝံသာနုရက္ခိတတရား၊ ပြဟ္မစိုရ်တရားနှင့် စစ်မှန်သောမျိုးချစ်စိတ်များဖြင့် ပြည်ထောင်စုကြီး အစွန့်ရှည်တည်တံ့ဖွံ့ဖြိုးတိုးတက်အောင် အကောင်အထည်ဖော်ရေး။

(၂) လက်နက်ကိုင်ပဋိပက္ခများချုပ်ငြိမ်းပြီး ရေရှည်တည်တံ့ခိုင်မြဲသော ငြိမ်းချမ်းရေးရရှိရန်အတွက် တွေ့ဆုံဆွေးနွေးမှုလမ်းကြောင်းပေါ်တွင်လျှောက်လှမ်းနိုင်ရန် တိုင်းရင်းသားများ လက်တွဲပူးပေါင်းဆောင်ရွက်ရေး။

(၃) ပြည်ထောင်စုတိုင်းရင်းသားအားလုံး တိုင်းပြည်တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးအတွက် နိုင်ငံတော်အစိုးရ၊ တပ်မတော်နှင့်ပြည်သူအတူတကွ လက်တွဲကြိုးပမ်းဆောင်ရွက်ရေး။

(၄) ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲအောင်မြင်စွာကျင်းပနိုင်ရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းအောင် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ရေး။

(၅) ပြည်နယ်နှင့်တိုင်းဒေသကြီးအားလုံး တစ်ပြေးညီဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်ရေးနှင့် တိုင်းရင်းသားများ၏ ကျန်းမာရေး၊ ပညာရေးနှင့်အလုပ်အကိုင်အခွင့်အလမ်းများတိုးတက်အောင် ဖော်ဆောင်ပေးရေး။

**ပြည်ထောင်စုဖွား တိုင်းရင်းသားတို့ သွေးစည်းညီညီ တွဲလက်ညီမှ တို့ပြည်ထောင်စု ခိုင်မြဲမည်**

**တစ်လေ့တည်းစီး တစ်ခရီးတည်းသွား တစ်စိတ်တည်းတစ်ဝမ်းတည်း မကွဲပြား ပြည်ထောင်စုရဲ့ နှလုံးသား**



## ဖောင်းပြင်မြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ နေကြာ ၂၄၀၇ ကေထိ စိုက်ပျိုးပြီးစီး

**မော်လိုက် ဖေဖော်ဝါရီ ၉**

စစ်ကိုင်းတိုင်းဒေသကြီး မော်လိုက်ခရိုင် ဖောင်းပြင်မြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ နေကြာ ၂၄၀၇ ကေထိစိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း မော်လိုက်ခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်ကြွယ်ကြွယ်လှိုင်က ပြောပြ၍ သိရသည်။

ဖောင်းပြင်မြို့နယ်တွင် ယခုဆောင်းသီးနှံ စိုက်ပျိုးရာသီ၌ နေကြာ ၂၄၃၆ ဧက စိုက်ပျိုးရန် လျာထားပြီး ၂၀၂၄ ခုနှစ် အောက်တိုဘာလမှ စတင်စိုက်ပျိုးခဲ့ရာ ယနေ့ထိ ၂၄၀၇ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဆောင်းသီးနှံစိုက်ပျိုးရာသီ ဖောင်းပြင်မြို့နယ်မှာ နေကြာ ၂၄၃၆ ဧကစိုက်ပျိုးဖို့ လျာထားပါတယ်။ ဒီနေ့ထိ ၂၄၀၇ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ လျာထားဧကပြည့်မီအောင် စိုက်ပျိုးနိုင်ဖို့အတွက် ဆောင်ရွက်ပေးနေပါတယ်။ ပြည်ပမှ စားအုန်းဆီတင်သွင်းမှုကို လျှော့ချနိုင်ဖို့အတွက် ဆီထွက်သီးနှံဖြစ်တဲ့ နေကြာကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ဆောင်ရွက်ပေးနေပါတယ်။ ဆီထွက်သီးနှံဖြစ်တဲ့နေကြာရဲ့ တစ်ဧကဆီထွက်ရှိမှုက ကျန်တဲ့မြေပဲ၊ နှမ်းတွေထက် ပိုများပါတယ်"ဟု မော်လိုက်ခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်ကြွယ်ကြွယ်လှိုင်က ပြောပြသည်။

ဖောင်းပြင်မြို့နယ်တွင် နေကြာသီးနှံများ တိုးချဲ့စိုက်ပျိုးနိုင်ရေးအတွက် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက နေကြာစိုက်မည့်တောင်သူများစွမ်းဆောင်ရည် မြင့်မားရေးအတွက် ပညာပေးသင်တန်းများကို အရှိန်မြှင့်တင်ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

ဖောင်းပြင်မြို့နယ်တွင် နေကြာစိုက်မည့်တောင်သူများကို မျိုးစေ့များ ပံ့ပိုးပေးနိုင်ရေး၊ ယူရီးယားဓာတ်မြေသြဇာများကို ချိုသာသောဈေးနှုန်းဖြင့် ရောင်းချပေးနိုင်ရေးတို့ကို စီမံထားခြင်း၊ ထွက်ရှိလာသော နေကြာမျိုးများကို တောင်သူမှတောင်သူ ဖလှယ်သည့်နည်းစနစ်များဖြင့် ဖြန့်ဖြူးပေးလျက်ရှိကြောင်း သိရသည်။

ဖောင်းပြင်မြို့နယ်တွင် ဆီထွက်သီးနှံနေကြာကို အထွက်နှုန်းကောင်းမွန်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်း ဆီစားသုံးမှုဖူလုံနိုင်မည့်အပြင် ပိုလျှံမှုကိုရောင်းချနိုင်သဖြင့် ဝင်ငွေရရှိပြီး လူမှုစီးပွားဘဝများ ပိုမိုဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သောကြောင့် နေကြာကို ယခုထက် ပိုမိုစိုက်ပျိုးနိုင်ရေး ဒေသမရွေး ကြိုးပမ်းဆောင်ရွက်ကြရမည်ဖြစ်ကြောင်း ခရိုင်ဦးစီးမှူး ဒေါ်ကြွယ်ကြွယ်လှိုင် ပြောပြ၍ သိရသည်။

(၂၀၆)

## ကျုံပျော်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဇန်နဝါရီလအတွင်း မတ်ပဲ ၁၆ ပြည်ဝင်အိတ်ရေ ၆၇၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့

**ကျုံပျော် ဖေဖော်ဝါရီ ၉**

ဧရာဝတီတိုင်းဒေသကြီး ကျုံပျော်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ပြီးခဲ့သည့် ဇန်နဝါရီလအတွင်း မတ်ပဲ ၁၆ ပြည်ဝင်အိတ်ရေ ၆၇၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း ကျုံပျော်မြို့နယ် ပဲမျိုးစုံရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်တင်တင်ဌေးက ပြောပြ၍ သိရသည်။

ကျုံပျော်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ၂၀၂၄ ခုနှစ် ဒီဇင်ဘာလအတွင်းက မတ်ပဲ ၁၆ ပြည်ဝင်အိတ်ရေ ၄၅၀၀၀ သာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး ၂၀၂၅ ခုနှစ် ဇန်နဝါရီ ၁ ရက်မှ ၃၁ ရက်ထိ မတ်ပဲ ၁၆ ပြည်ဝင်အိတ်ရေ ၆၇၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း သိရသည်။

"ကျုံပျော်မြို့နယ်ကနေ ရန်ကုန်ဈေးကွက်ကို ၂၀၂၄ ခုနှစ် ဒီဇင်ဘာလအတွင်းက မတ်ပဲ ၁၆ ပြည်ဝင်အိတ်ရေ ၆၇၀၀၀ ထိတင်ပို့ရောင်းချခဲ့ရပါတယ်။ လက်ရှိလဲ ဒေသထွက် ပဲတွေကို ရန်ကုန်ဈေးကွက်က အဝယ်လိုက်နေပါတယ်။ မတ်ပဲတွေကို ပြည်ပဈေးကွက်က ပြန်လည်ဝယ်ယူမှု အားကောင်းလာတာကြောင့် ရန်ကုန်ဘက်ကလဲ မှာယူမှု အားကောင်းလာတာဖြစ်ပါတယ်။ ဒေသထွက်ပဲတွေ၊ စပါးတွေကို ဒီဘက်ကုန်သည်ပွဲရုံလုပ်ငန်းရှင်တွေက ရန်ကုန်မြို့ကို တင်ပို့ရောင်းချတာဖြစ်ပါတယ်။ အခု ပြည်ပဈေးကွက်က တော်တော်လေး အဝယ်လိုက်လာပါတယ်"ဟု ဒေါ်တင်တင်ဌေးက ပြောပြသည်။

ကျုံပျော်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ တင်ပို့ရောင်းချခဲ့သည့် မတ်ပဲ ၁၆ ပြည်ဝင်တစ်အိတ်လျှင် ငွေကျပ် ၁၁၅၀၀၀ ထိ ဈေးပေါက်ခဲ့ကြောင်း၊ အဆိုပါမတ်ပဲများ ဈေးကောင်းရရှိခြင်းနှင့် ဝယ်ယူမှု အားကောင်းလာခြင်းကြောင့် တောင်သူများ၊ ကုန်သည်များ၊ ကုန်တင်ကုန်ချ လုပ်သားများ၊ ကုန်တင်ကား အငှားလိုက်သူများ အဆင်ပြေလျက်ရှိကြောင်း သိရသည်။ **ကျော်ကျော်လင်း**

ထုတ်ဝေခွင့်အမှတ်-၀၀၃၂၄၊ ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်-၀၀၁၆၈၊ စာတည်းအဖွဲ့-၀၃၃-၇၂၇၈၁၊ ၀၉-၄၅၈၈၉၁၃၀၀၊ ကြော်ငြာ-၈၄ လမ်းနှင့် ၂၉-၃၀ လမ်းကြား- ၀၂-၄၀၆၆၆၅၁၊ ဖြန့်ချိရေး-၀၂-၄၀၃၆၄၂၂၊
E-mail-yadanarbonnewspaper@gmail.com၊ မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ ဘိုးရာဇာလမ်းနှင့် ဝေရက်လမ်းကြား၊ ရတနာပုံသတင်းစာတိုက်တွင် ပုံနှိပ်ထုတ်ဝေသည်။

# မိုင်းတုံမြို့နယ် လွယ်ခမ်းလုံကျေးရွာ၌ ဘက်စုံသုံးခန်းမတည်ဆောက်ပြီးစီးမှု စစ်ဆေး

**မိုင်းတုံ ဖေဖော်ဝါရီ ၉**

ရှမ်းပြည်နယ် (အရှေ့ပိုင်း) မိုင်းတုံခရိုင် မိုင်းတုံမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်တွင် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း(VDP)ဖြင့် လွယ်ခမ်းလုံကျေးရွာ၌ ဘက်စုံသုံးခန်းမ တည်ဆောက်ခြင်းလုပ်ငန်းဆောင်ရွက်ပြီးစီးမှုများကို ဖေဖော်ဝါရီ၈ရက် နံနက်ပိုင်းကတာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် မိုင်းတုံခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်ကျော့ကျော့ခိုင်နှင့် တာဝန်ခံအင်ဂျင်နီယာ ဝန်ထမ်းများက လွယ်ခမ်းလုံကျေးရွာ၌ ဘက်စုံသုံးခန်းမ တည်ဆောက်ခြင်း လုပ်ငန်းဆောင်ရွက်ပြီးစီးမှုများ ကြည့်ရှုစစ်ဆေးပြီးခရိုင်ဦးစီးမှူးကကျေးရွာဖွံ့ဖြိုးတိုးတက်ရေး ကော်မတီဝင်များ၊ ကျေးရွာသူ၊ ကျေးရွာသားများနှင့်တွေ့ဆုံကာ ဆောင်ရွက်ပြီး ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို ရေရှည်တည်တံ့အောင် ဝိုင်းဝန်းထိန်းသိမ်းကြရန် ဆွေးနွေးမှာကြားသည်။

လွယ်ခမ်းလုံ ကျေးရွာ၌ အလျားပေ ၅၀၊ အကျယ်ပေ ၃၀၊ အမြင့် ၁၂ ပေရှိ ကျေးရွာ ဘက်စုံသုံးခန်းမကိုကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း ပံ့ပိုးရန်ပုံငွေကျပ် ၁၅ သန်း ပြည်သူထည့်ဝင်ငွေကျပ်၉ ဒသမ ၂ သန်း စုစုပေါင်း ရန်ပုံငွေကျပ်၂၄ ဒသမ ၂ သန်းကို အသုံးပြုကာ ခရိုင်၊ မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဝန်ထမ်းများ၏ နည်းပညာပံ့ပိုးမှု၊အနီးကပ်ကြီးကြပ်မှုတို့ဖြင့် ကျေးရွာသူ၊ ကျေးရွာသားများ ကိုယ်တိုင် ၂၀၂၄ ခုနှစ် နိုဝင်ဘာလ ဒုတိယပတ်မှ စတင်အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ အားလုံးရာနှုန်းပြည့် ဆောင်ရွက်ပြီးစီးပြီ ဖြစ်ကြောင်း မိုင်းတုံခရိုင် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ သိရသည်။

**မောင်ခိုင်**



မန္တလေး ချမ်းမြသာစည်မြို့နယ် ကန်တော်ကြီးကန်ပတ်လမ်းရှိ ဇီဝိတဒါနသံဃာ့ဆေးရုံကြီးတွင် မန္တလေးမြို့ အကွက်(၇၉၆)၊ မဟာဇေယျာဘုံရပ်ကွက် ၆၂-၆၃ လမ်းကြား၊ ၃၂-၃၃ လမ်းကြားနေ ဒေါက်တာဒေါ်မိမိက မိဘနှစ်ပါးနှင့်ခင်ပွန်းဖြစ်သူ ဦးစိုးတင့်တို့အား ရည်စူး၍ ဆေးပဒေသာပင် အလှူငွေကျပ် ၃၀၀၀၀၀ လှူဒါန်းရာ ဆေးရုံအုပ် ဒေါက်တာဦးတင်ဝင်းက လက်ခံရယူစဉ်။

# ယင်းမာပင်ခရိုင်တွင် ယခုနှစ် နွေသီးနှံစိုက်ပျိုးရာသီ၌ နွေနှမ်း ၃၆၇၃ ဧက စိုက်ပျိုးမည်



ယခင်နှစ်က နွေနှမ်းစိုက်ခင်းကို တွေ့ရစဉ်။

**ယင်းမာပင် ဖေဖော်ဝါရီ ၉**

စစ်ကိုင်းတိုင်းဒေသကြီး ယင်းမာပင်ခရိုင်တွင် ယခုနှစ် နွေသီးနှံစိုက်ပျိုးရာသီ၌ နွေနှမ်း ၃၆၇၃ ဧကစိုက်ပျိုးသွားမည် ဖြစ်ကြောင်းယင်းမာပင်ခရိုင်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ယင်းမာပင်ခရိုင်တွင်နွေသီးနှံစိုက်ပျိုးရာသီ၌ နွေနှမ်းစိုက်ပျိုးရန်အတွက် မြို့နယ်အလိုက် လျာထားမှုအနေဖြင့် ယင်းမာပင်မြို့နယ်တွင် ၂၀၇၉ ဧက၊ ကနီမြို့နယ်တွင် ၈၀၃ ဧကနှင့် ပုလဲမြို့နယ်တွင် ၇၉၁ ဧက စုစုပေါင်း ၃၆၇၃ ဧကတို့ဖြစ်ကြောင်း သိရသည်။

"ဒီနှစ် နွေသီးနှံစိုက်ပျိုးရာသီ ယင်းမာပင်ခရိုင်မှာ နွေနှမ်းဧက ၃၀၀၀ ကျော် စိုက်ပျိုးဖို့ လျာထားပါတယ်။ လျာထားဧကပြည့်မီအောင် စိုက်ပျိုးနိုင်ဖို့အတွက် ဆောင်ရွက်ပေးသွားမယ်။ နှမ်းစိုက်ဧကတိုးချဲ့စိုက်ပျိုးနိုင်ရေး၊ အထွက်နှုန်းကောင်းမွန်ရေး၊GAP နည်းနစ်တွေနဲ့စိုက်ပျိုးဖို့အတွက်လဲ ဆောင်ရွက်ပေးလျက်ရှိပါတယ်"ဟု ယင်းမာပင်ခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်မြတ်မိုးဝင်းက ပြောပြသည်။

ယင်းမာပင်ခရိုင်တွင် နွေနှမ်းစိုက်တောင်သူများကို သက်ဆိုင်ရာ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ နှမ်းတိုးချဲ့စိုက်ပျိုးနိုင်ရေး၊ GAPနည်းစနစ်များဖြင့် စိုက်ပျိုးနိုင်ရေး၊မျိုးကောင်းမျိုးသန့်များ စိုက်ပျိုးနိုင်ရေး၊အထွက်နှုန်းကောင်းမွန်သည့်မျိုးများ စိုက်ပျိုးနိုင်ရေးအတွက် အသိပညာပေးသွားမည်ဖြစ်ကြောင်း သိရသည်။

GAPနည်းစနစ်ဖြင့် စိုက်ပျိုးထုတ်လုပ်သည့် သီးနှံများသည် အခြားစိုက်ပျိုးနည်းစနစ်များဖြင့် စိုက်ပျိုးထုပ်လုပ်ထားသည့်သီးနှံများထက် အရည်အသွေးပိုမိုကောင်းမွန်ခြင်း၊ ဈေးနှုန်းပိုမိုရရှိခြင်း၊ ပြည်တွင်းဈေးကွက်တွင်သာမက ပြည်ပဈေးကွက်များကိုပါ တင်ပို့ရောင်းချနိုင်မည်ဖြစ်ကြောင်း သိရသည်။

နှမ်းကို အထွက်နှုန်းကောင်းမွန်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်း စားသုံးဆီဖူလုံစေသည့်အပြင် ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် လူမှုစီးပွားဘဝများ ဖွံ့ဖြိုးလာမည်ဖြစ်သောကြောင့် နှမ်းကို ပိုမိုတိုးချဲ့စိုက်ပျိုးနိုင်ရန် ဒေသမရွေး ကြိုးပမ်းသင့်ကြောင်း ခရိုင်ဦးစီးမှူး ဒေါ်မြတ်မိုးဝင်းက ပြောပြ၍ သိရသည်။ (၂၀၆)

# မလှိုင်မြို့နယ် ထန်းတောကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ စစ်ဆေး

**မလှိုင် ဖေဖော်ဝါရီ ၉**

မန္တလေးတိုင်း ဒေသကြီး မိတ္ထီလာခရိုင် မလှိုင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးလက်နေပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းနှင့် မိသားစုဝင်ငွေများ တိုးပွားလာပြီး ဆင်းရဲမှုလျော့ချစေရန် ရည်ရွယ်၍ ဖျောက်ဆိပ်ကျင်းကျေးရွာအုပ်စု၊ ထန်းတောကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းဖြင့် အကောင်အထည်ဖော် ဆောင်ရွက်ထားရှိသော လုပ်ငန်းများကို ဖေဖော်ဝါရီ ၈ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် မလှိုင်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်စုစု၊ ဦးစီးအရာရှိ ဒေါ်အေးမိုးခိုင်နှင့် စီမံကိန်း တာဝန်ခံဝန်ထမ်းများက မြစိမ်းရောင်ကျေးရွာ စီမံကိန်း ရန်ပုံငွေကျပ် ၃၇သန်းဖြင့် ဆောင်ရွက်ထားသော စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် အရောင်းအဝယ်လုပ်ငန်းများ ဆောင်ရွက်ထားရှိမှု အခြေအနေများနှင့် လအလိုက်ဖြည့်သွင်းရမည့်စာရင်းပုံစံများ ပြည့်စုံမှုရှိ၊ မရှိ စစ်ဆေးပြီး လိုအပ်သည်များ ဆောင်ရွက်ပေးခဲ့သည်။

ထန်းတောကျေးရွာတွင် စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၂၆ ဦးကိုငွေကျပ် ၇သန်း၊ မွေးမြူရေးလုပ်ငန်း လုပ်ကိုင်သူ ၆၆ဦးကို ငွေကျပ် ၂၈ဒသမ ၆၅သန်းနှင့် အရောင်းအဝယ် လုပ်ငန်းလုပ်ကိုင်သူ ၉ဦး၊ ငွေကျပ် ၁ ဒသမ ၃၅ သန်း စုစုပေါင်း ၁၀၁ ဦး ငွေကျပ် ၃၇သန်းကို ထုတ်ချေးပေးထားကြောင်း မလှိုင်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှသိရသည်။

**ဟိန်းထက်စိုး(မလှိုင်)**

# ဟိုင်းကြီးကျွန်းမြို့တွင် စားဖိုဆောင်သီးနှံ ၂၄၉၉ ဧကစိုက်ပျိုးပြီးစီး

**ပုတော ဖေဖော်ဝါရီ ၉**

ဧရာဝတီတိုင်းဒေသကြီး ပုတောမြို့နယ် ဟိုင်းကြီးကျွန်းမြို့တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ စားဖိုဆောင်သီးနှံလျာထား ၂၄၉၉ ဧကရာနှုန်းပြည့် စိုက်ပျိုးပြီးဖြစ်ကြောင်း ပုတောမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ဟိုင်းကြီးကျွန်းမြို့တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ စားဖိုဆောင်သီးနှံ ၂၄၉၉ ဧကကို ၂၀၂၄ခုနှစ် နိုဝင်ဘာလ ပထမပတ်က စတင်စိုက်ပျိုးခဲ့ကြောင်း၊ အဆိုပါ စားဖိုဆောင်သီးနှံလျာထား ၂၄၉၉ ဧကအားလုံး ယနေ့တွင် ရာနှုန်းပြည့် စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း၊ အဆိုပါဆောင်းသီးနှံများ အခက်အခဲမရှိ စိုက်ပျိုးနိုင်ရန် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနနှင့် ဒေသခံတောင်သူများ ပူးပေါင်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။

''ဆောင်းသီးနှံ စိုက်ပျိုးရာသီမှာ စားဖိုဆောင်သီးနှံလျာထားဧကရာနှုန်းပြည့်စိုက်ပျိုးနိုင်ခဲ့ပြီဖြစ်ပါတယ်။ စိုက်ပျိုးထားတဲ့ အသီးအနှံများမှာလဲ ပိုးမွှားအန္တရာယ် ကင်းရှင်းနေတာတွေ့ရပါတယ်။ အပင်များလဲအောင်မြင်ဖြစ်ထွန်းနေတယ်။ စားဖိုဆောင်သီးနှံတွေ လျာထားဧကပြည့်မီကျော်လွန်အောင် စိုက်ပျိုးနိုင်ဖို့ အတွက်မျိုးစေ့နဲ့၊ဈေးကွက်ဝင်အသီးနှံများ၊ နည်းပညာများနဲ့ အခြားပံ့ပိုးမှုများကို မစိုက်မီ စိုက်ပျိုးရေးဦးစီးဌာနက ဆောင်ရွက်ပေးခဲ့ပါတယ်'' ဟု ပုတောမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဆန်းဝင်းက ပြောပြသည်။

ဟိုင်းကြီးကျွန်းမြို့တွင် ဆောင်းသီးနှံ စိုက်ပျိုးရာသီ၌ ပန်းဂေါ်ဖီ၊ နံနံ၊ မုန်လာ၊ ခရမ်း၊ ကန်စွန်း၊ ကြက်ဟင်းခါးသီး၊ ပဲပုစွန်၊ တိုင်ထောင်ပဲ၊ သခွားစသည့်သီးနှံများကို စိုက်ပျိုးခဲ့ကြောင်း သိရသည်။

စားဖိုဆောင်သီးနှံများကို အထွက်နှုန်းကောင်းမွန်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်း စားသုံးမှုဖူလုံစေသည့်အပြင် ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် လူမှုစီးပွားဘဝများ ဖွံ့ဖြိုးလာမည်ဖြစ်သောကြောင့် စားဖိုဆောင်သီးနှံများကို ပိုမိုတိုးချဲ့စိုက်ပျိုးနိုင်ရန် ဒေသမရွေး ကြိုးပမ်းသင့်ကြောင်း ပုတောမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဆန်းဝင်းက သိရသည်။

**ကျော်ကျော်လင်း**



# အပ်ဖျားရေစက် အနက်ပင်လယ်

ချစ်နိုင်(စိတ်ပညာ)

"The mind is its own place, and in itself can make a heaven of hell, a hell of heaven"

JOHN MILTON(1608–1674)

(English poet)

ကဗျာတစ်ပုဒ်ထဲက စာကြောင်းလေးတစ်ကြောင်း နှစ်ကြောင်းဟာ အပ်ဖျားက ရေစက်ကလေးလောက်ပင် သေးငယ်ပါစေ၊ ဒီရေတစ်ပေါက်ဟာ ပင်လယ်သမုဒ္ဒရာလောက်ကျယ်ဝန်းနက်နဲတဲ့ အနက်အဓိပ္ပာယ်ဋီကာချဲ့လို့ရအောင် နက်နဲလွန်းတယ်။ ကျယ်ဝန်းလွန်းတယ်။ ကြည့်ပါ။ စိတ်ဆိုတာဟာ သူ့မှာ ကိုယ်ပိုင်တည်နေတဲ့နေရာ သူ့အလိုအလျောက်ရှိနေပါတယ်တဲ့။ အဲဒါက ငရဲထဲမှာ ကောင်းကင်ဘုံလည်းဖြစ်နိုင်တယ်။ ကောင်းကင်ဘုံထဲက ငရဲလည်းဖြစ်ချင်ဖြစ်နိုင်တယ်လို့ ၁၇ ရာစု အင်္ဂလိပ် ကဗျာဆရာအကျော်အမော်တစ်ဦးဖြစ်တဲ့ ဂျွန်မီလ်တန်က သီကုံးဖွဲ့ဆိုခဲ့ဖူးတယ်။

အလားတူ ခပ်ဆင်ဆင်ပါပဲ၊ နာမည်ကျော်အင်္ဂလိပ်ဝတ္ထုရေးဆရာ ဂျိုးဇက်ကွန်းနရက်(၁၈၅၇–၁၉၂၄)က ရေးဖူးတယ်။ လူ့စိတ်ဟာ အရာရာ ဘာမဆိုဖြစ်နိုင်ပါတယ်တဲ့။ ဘာ့ကြောင့်လဲဆိုတော့ စိတ်ဆိုတဲ့အရာထဲမှာ အားလုံးသောအတိတ်တွေလည်းရှိတယ်။ အလားတူ အနာဂတ်တွေလည်းရှိနေတာမို့ပဲတဲ့။ စိတ်ဆိုတာဟာ အလွန်တရာထူးခြားဆန်းကြယ်တယ်ဆိုတာကိုတော့ မိမိတို့မြန်မာလူမျိုးက ရှေးသရောအခါကာလကတည်းကပင် သိမြင်နားလည်ခဲ့ကြတယ်။ စိတ်ဆိုတဲ့စကားလုံးသည်မူရင်း စိတ္တရံဆိုတဲ့ပါဠိသက်ဝေါဟာရကနေ မွေးစားသိမ်းသွင်းယူလာခဲ့တဲ့ ပါဠိသက်ဝေါဟာရစကားလုံးပဲလေ။ စိတ္တရံဆိုတာဘာလဲ။ အလွန်အကြူးထူးခြားဆန်းကြယ်တဲ့သဘောရှိလို့ စိတ္တ၊ စိတ္တံ၊ စိတ္တရံ၊ စိတ်လို့ခေါ်ဝေါ်ပါတယ်တဲ့။

စိတ်အကြောင်း ဆက်ပြောမယ်ဆိုရင်တော့ အတော်ကျယ်ဝန်းလှပါတယ်။ နှစ်ဆယ်ရာစုအတွင်းမှာ အမေရိကန်ပြည်ထောင်စုနဲ့ အနောက်နိုင်ငံတွေဟာ စိတ်ပညာဆိုင်ရာသုတေသနတွေ သိပ္ပံနည်းကျစမ်းသပ်စစ်ဆေးမှုတွေအများကြီး ပြုလုပ်ခဲ့ကြလို့ယခင်က မသိခဲ့သေးတာတွေလည်း အတော်တိုးတက်နားလည်လာကြတယ်။ ငြင်းခုံကြရင်း အဖြေတွေ့လာတာတွေလည်းရှိတယ်။ ဉာဏ်ရည်ဉာဏ်သွေး Intelligence Quotient ဉာဏ်ရည်ပြကိန်းဆိုတာကို ဂဏန်းသင်္ချာနဲ့ စစ်ဆေးအဖြေထွက်အောင်လုပ်နိုင်ခဲ့တယ်။ Emotional Quient အီးကျူလို့ခေါ်ဝေါ်သုံးစွဲနေကြတဲ့ စိတ်ထားရင့်ကျက်မှု၊ အလိုက်သိတတ်မှု၊ စာနာနားလည်မှု၊ ဆက်ဆံရေးပြေပြစ်ဆွဲဆောင်မှုဆိုတာကိုလည်း စနစ်တကျအဓိပ္ပာယ်ဖွင့်ပြီး တိုင်းတာပြနိုင်လာခဲ့တယ်။

အံ့သြစရာတွေရှိချက်ကတော့ သိပ္ပံနဲ့ နည်းပညာနဲ့ စိတ်ပညာပေါင်းစပ်ပြီး AI= Artificial Intelligence ဉာဏ်ရည်တုဆိုတာကို တီထွင်ဖန်တီးနိုင်လာတဲ့ ဆန်းသစ်မှုပဲဖြစ်ပါတယ်။ ဝမ်းသာစရာ ကြည်နူးပျော်ရွှင်စရာ တကယ်ပဲ လေးစားချီးကျူးစရာ သုတေသနတွေနဲ့ လူသားရဲ့ မြင့်မားလှတဲ့ စွမ်းဆောင်အောင်မြင်မှုကြီးဖြစ်သလိုပဲ သူ့ရဲ့အစွမ်းထက်မှု၊ နယ်ပယ်ကျယ်ဝန်းမှုကြောင့် လူက မထိန်းချုပ်နိုင်ဘဲ အဆိုးဘက်၊ အဖျက်ဘက်၊ အကုသိုလ်ဒုစရိုက်ဘက်ကို ရောက်ရှိသွားလေမလားဆိုတဲ့ စိုးရိမ်သောကဟာ သိပ္ပံပညာရှင်တွေတောင် ဘာမှကြိုတင်မပြောနိုင်တဲ့ AI ရဲ့အနာဂတ်အခြေအနေပါပဲ။

ကောင်းတာလုပ်မယ်၊ ဖြစ်မယ်ဆိုရင် လူ့လောကကို နတ်ဘုံနတ်နန်းဖြစ်အောင် AI က ဖန်ဆင်းနိုင်စွမ်းရှိလာတာ တွေ့မြင်ကြရမယ်။

အေးဗျာ၊ သူက ဆိုးတာလုပ်မယ်ဆိုရင်လည်း လက်ရှိလူသားတွေ ၂၁ ရာစုအတွင်း အချိန်အထိ ပြုလုပ်ထားကြတဲ့ ကြောက်မက်ဖွယ်ရာ လက်နက်မျိုးစုံရဲ့ အဖျက်စွမ်းအား အဆပေါင်းသိန်းသန်းပြင်းထန်လွန်ကဲအောင် ဖျက်ဆီးနိုင်မှာမို့ ကမ္ဘာမြေသာမက နေစကြဝဠာတိုက်ကိုတောင် မီးလောင်တိုက်သွင်းမလား၊ အမှောင်ထုကြီးဖုံးလွှမ်းသွားအောင် အဲဒီဉာဏ်ရည်တုတွေက ဖျက်ဆီးလေမလား။ မတွေးရဲအောင်ပါပဲဗျာ။

စိတ္တေန နိယတိလောကော။ စိတ်ဟာ လောကကိုဆောင်အပ်တယ်။ လောကဟာ စိတ်စေရာနောက်သို့ လိုက်ပါကြရတယ်ဆိုတဲ့သဘောကို ဟိုးလွန်ခဲ့တဲ့ နှစ်ပေါင်း ၂၅၀၀ ကျော် အတိတ်ကာလဆီကပင် ဂေါတမဗုဒ္ဓမြတ်စွာဘုရား (ဘီစီ ၅၆၃–၄၈၃) က ဟောကြားတော်မူခဲ့ဖူးပါတယ်။ မြတ်စွာဘုရား ပွင့်ထွန်းပေါ်တဲ့ကာလထက် နှစ်တစ်ရာလောက် နောက်ကျပြီး မွေးဖွားခဲ့တဲ့ ဂရိ(ခေါမပညာရှိ) အတွေးအခေါ်ပညာရှင် ဆိုကရေးတီး(အချို့က ဆော့ခရတ္တိလို့လည်း အသံထွက်ကြတယ်) (ဘီစီ ၄၆၈–၃၉၉)က "ကိုယ့်အကြောင်းကို ကိုယ်သိနားလည်အောင် ကြိုးစားပါ" ဆိုတာကို ဟောပြောခဲ့ပါတယ်။

ဆော့ခရတ္တိပညာရှိဟာ မြတ်စွာဘုရားပရိနိဗ္ဗာန်စံဝင်တော်မူပြီးနောက် ဆယ်နှစ် ဆယ်လေးနှစ်ခန့်ကြာမှ မွေးဖွားလာခဲ့သူဖြစ်ပါတယ်။ သူ လူဖြစ်ချိန်မှာ ဗုဒ္ဓဝါဒတရားတော်များဟာ ရောမ၊ ခေါမဒေသအထိ ရောက်ရှိချင်လည်းရောက်ရှိနိုင်တယ်။ ရောက်ချင်မှလည်း ရောက်ပေလိမ့်မယ်။ ဘယ်လိုပဲဖြစ်ဖြစ် ဒီစကား ဒီစာသားဟာ လေထဲမှာပဲ ပျောက်ကွယ်မသွားဘဲ ယနေ့အထိ အခိုင်အမာအထောက်အထားအနေနဲ့ လူတွေကိုးကားပြောဆိုနေကြရတဲ့ အပ်ဖျားရေစက်၊ စကားတစ်ခွန်း "ကိုယ့်ကိုယ်ကိုယ်သိ"ဆိုတဲ့ စာလုံးလေးများဟာ ခရစ်တော်မတိုင်မီ ခြောက်ရာစု (ဗုဒ္ဓနှင့်ခေတ်ပြိုင်) အချိန်ကာလလောက်က ပါနပ်ဆပ်စ်တောင်ခြေမှာ ဆောက်လုပ်ထားတဲ့ ဂရိဗျာဒိတ်နတ်ဘုရား ဒယ်လ်ဖီရဲ့ ကျောင်းတော်နံရံမှာ ရေးထိုးထားတဲ့စာတမ်းဖြစ်ပါတယ်။

ဒီအဆုံးအမဟာ လူမျိုးမရွေး၊ ကျား၊ မ မခွဲ၊ ဘာသာအယူ ဘယ်သူပဲဖြစ်ဖြစ်၊ အသက်အရွယ် ငယ်ငယ်ကြီးကြီး၊ ပညာအရည်အချင်းနိမ့်နိမ့် မြင့်မြင့်၊ ဒေသမရွေး ပစ္စည်းဥစ္စာဆင်းရဲချမ်းသာမဟူ၊ လူတိုင်း လူတိုင်း သက်ဆိုင်နေတယ်လို့ မဆိုနိုင်ပေဘူးလား။ စာလုံးရေလေး နည်းပင်နည်းသော်ငြားလည်းလူသားဟာ ကိုယ့်အတ္တကိုသိမြင်ရေးအတွက်တော့ အသိဉာဏ်ရှိဖို့လိုတယ်လို့ သတိပေးတဲ့အဆုံးအမစကားဟာ မနက်နဲပေဘူးလား။ မကျယ်ဝန်းပေဘူးလား။

ဂေါတမဗုဒ္ဓကလည်း ဆော့ခရတ္တိထက်စောပြီး လူသားဟာ ကိုယ့်အတ္တကိုသိရေးအတွက် အလေးအနက်ဟောကြားတော်မူခဲ့တာပဲလေ။ တစ်ခုတော့ မတူဘူး။ ဗုဒ္ဓဟောတဲ့ ကိုယ့်အတ္တကိုသိရေးနဲ့ မပြီးဘူး။ ဒီအတ္တဟာ ငါမဟုတ်ဘူး။ ငါမပိုင်ဘူး။ ငါဆုပ်ကိုင်ထားရလောက်အောင်လည်း မခိုင်မြဲဘူး။ ငါဆိုတာ တကယ်မရှိဘဲ ဖြစ်စဉ်သဘောအနေနဲ့ ခန္ဓာငါးပါးဖြစ်တဲ့ ရုပ်သဘော၊ ခံစားမှုသဘော၊ မှတ်သားမှုသဘော၊ ပြုလုပ်မှုစေတနာသဘော၊ သိမှုသဘောဆိုတဲ့ (ရူပက္ခန္ဓာ၊ ဝေဒနက္ခန္ဓာ၊ သညက္ခန္ဓာ၊ သင်္ခါရက္ခန္ဓာ၊ ဝိညာဏက္ခန္ဓာဆိုတဲ့ ခန္ဓာငါးပါးအစဉ်မပြတ်ဖြစ်ပေါ် ပြောင်းလဲနေတဲ့ အကြောင်းအကျိုးဆက်စပ်ပြီး ဖြစ်ခြင်းပျက်ခြင်း ဥပါဒ်၊ ဌီတိ၊ ဘင်္ဂ။ ဖြစ်၊ ရွေ့၊ ပျက်) အစဉ်အတန်းကို ဉာဏ်မျက်စိနဲ့ထွင်းဖောက်သဘောပေါက်တဲ့အထိ ရောက်ရှိအောင် သမထ၊ ဝိပဿနာ၊ ဘာဝနာ၊ ကမ္မဋ္ဌာန်းတရား ကျင့်ကြံပွားများရမှာ အတိအကျညွှန်ပြတာနော်။

❖"ကိုယ့်ကိုယ်ကိုယ်သိ၊ ကိုယ့်အတ္တကိုယ်သိ"ဆိုတဲ့ အပ်ဖျားရေစက် အဆုံးအမစကားများသည်ကား ဘဝတန်ဖိုးကို အမြင့်မားဆုံးအဆင့်အထိရောက်ရှိအောင် အသိဉာဏ်အလင်းပြပေသော အရေးအကြီးဆုံး အခြေခံသဘောပါတကား။ သတ္တဝါတို့သည် ပြင်ပကိုမြင်တတ်သည်။ မိမိကိုယ်ကိုတော့ ဆိုဆုံးမအလင်းပြသူက ခတ်မီးနဲ့ သေသေချာချာမြင်အောင် သိအောင် ထိုးညွှန်ပြမှ သိရတာဖြစ်ပါတယ်။ မိမိကိုယ်မိမိ သဘာဝကျကျသိဖို့ သတိပြုမိစေလိုပါတယ်။❖

ဂရိပညာရှိကြီး ဆော့ခရတ္တိက ကိုယ့်အတ္တကိုသိရေးနဲ့ပတ်သက်လို့ ဆွေးနွေးဟောပြောခဲ့တာတွေကိုတော့ အကျယ်သိလိုရင် ဆရာဇော်ဂျီဘာသာပြန်ထားခဲ့တဲ့ "ပလေတို နိဒါန်း"စာအုပ်ကို ဆက်လက်လေ့လာသင့်ပါတယ်။ မိမိစိတ်၊ မိမိအကြောင်းနဲ့တကွ လူ့သဘောလူ့သဘာဝ၊ လူ့အဖွဲ့အစည်းများရဲ့ သဘောသဘာဝတွေကိုပါ သိလာရပါမယ်။

ခန္ဓာငါးပါးအစုအဝေးများက အကြောင်းတရားဆုံစည်းပြီး ယာယီမျှသာ ဖွဲ့စည်းနေခြင်းဖြစ်တယ်။ တကယ်က အနိစ္စ၊ မမြဲခြင်းသဘောသာပဲ။

ဒီခန္ဓာငါးပါးကို ထွင်းဖောက်ခွဲခြားမသိမြင်ထားဘဲ လူ၊ ပုဂ္ဂိုလ်၊ သတ္တဝါအနေ၊ အကောင်းအဆိုးအနေ၊ ထင်မြင်စွဲလမ်းပြီး ချစ်ခြင်း၊ မုန်းခြင်း၊ နှစ်သက်ခြင်း၊ မနှစ်မြို့ခြင်းတွေဟာ အမှန်တော့ အတ္တအမြင်တွေသာ မဟုတ်လား။

တကယ်အရှိတရားဖြစ်တဲ့ ရုပ်တရားနဲ့နာမ်တရားများဟာ ဖြစ်ပြီးပျက်နေကြတဲ့အနတ္တ(အန–အတ္တ) ငါမရှိ၊ ငါမဟုတ်၊ ငါမပိုင်တဲ့သဘော အမှန်တရားအထိသိရန် အားထုတ်ကြိုးစားကြရမှာပါကလား။

သိရန်လိုအပ်တဲ့အတွက် ဘာဝနာတရားကိုပွားများအားထုတ်ရပါမယ်။ လူ့ဘဝဆိုတာကလည်း ရေပွက်ပမာ တိုတောင်းလှတာ သတိပြုကြည့်ရှုဆင်ခြင်လိုက်ပါ။ မွေးစကလေးမှ ကလေးငယ်ဘဝ၊ လူငယ်ဘဝ၊ လူရွယ်ဘဝ၊ လူလတ်ပိုင်းအရွယ် (ရုပ်မနေပါ)၊ လူကြီးပိုင်းမှတစ်ဆင့် အိုမင်းယိုယွင်းယိမ်းယိုင်လာပြီးသေချာပေါက်လမ်းအဆုံးမျှော်ကြည့်လိုက်တော့ သေခြင်း၊ ရှောင်ကွင်းလို့မရတဲ့အရာ။

ဇာတိ၊ ဇရာ၊ ဗျာဓိ၊ မရဏ၊ မွေးလာပြီးရင်တော့ မရပ်မနား အချိန်နဲ့အမျှ တရွေ့ရွေ့ ရွေ့ဆက်သွားတော့ အိုရမယ်၊ နာရမယ်၊ သေဆုံးရမယ်။ မသိသလို မမြင်သလို မေ့လျော့ပေါ့ဆနေပြီး ရှောင်လွှဲလို့လည်း မရပါ။

လူမှာရှိနေတဲ့ခန္ဓာ ငါးပါးဆိုတာကို သိအောင်ကြည့်လိုက်ရင် ဘာတွေ့ရမလဲ။ ရုပ်ဆိုတဲ့အစိုင်အခဲသဘောကို ထင်ထင်ရှားရှား မြင်တွေ့ရပါမယ်။ ရူပံ–ရူပ၊ရုပ်ဆိုတာ မခိုင်မာဘဲ ပြောင်းလဲလဲတဲ့သဘောပဲနော်။ ပူရာမှ အေးတယ်။ အေးရာမှပူတယ်။ ပြောင်းလဲနိုင်တယ်။ ဓာတ်သဘောနဲ့ပြောပြပါရစေ။ ဒွန်တွဲလွန်ဆွဲနေတဲ့ ဓာတ်သဘာဝရှစ်ချက်ရှိပါတယ်။ မိမိသိသည်ဖြစ်စေ၊ မသိသည်ဖြစ်စေ ကိုယ့်မှာရှိနေတယ်။ သိသင့်ပါတယ်လေ။


၁၊ **ပထဝီ** = မာခြင်း၊ ပျော့ခြင်း

၂၊ **တေဇော** = ပူ၊ အေး

၃၊ **အာပေါ** = ယို၊ စေး

၄၊ **ဝါယော** = ကျုံ့၊ ကျယ်

လုံးဝခြားနားဆန့်ကျင့်တဲ့သဘော(Dichotomy) ရှိတဲ့အတွက် ဒီလိုဖော်ပြလိုပါတယ်။ အားပြိုင်နေတာပဲ။




နာမ်သဘောမှာတော့ သိပြီးဖြစ်တဲ့အတိုင်း ဝေဒနာခံစားမှုအမျိုးမျိုး၊ မှတ်သားမှုအမျိုးမျိုး၊ စေ့ဆော်ပြုမူမှုအမျိုးမျိုး၊ ပြီးတော့ ဝိညာဉ်သဘောသိခြင်း မနောဆိုတဲ့စိတ်ကတော့ နာမ်တရား လေးပါးအစုထဲမှာ ဦးဆောင်ရှေ့ဆောင်တယ်တဲ့နော်။

**"မနောပုဗ္ဗင်္ဂမာ ဓမ္မာ"**

**နာမ်ခန္ဓာလေးပါးတွင် စိတ်ကသာ ဦးဆောင်သည်။**

ဩော် ဒါကြောင့် မဟာဂန္ဓာရုံဆရာတော် အစရှိတဲ့ ဆရာတော်ကြီးများက "စိတ်ကောင်းရှိဖို့က ပထမ"ရယ်လို့ အလေးထား မီးမောင်းထိုးပြကာ ဦးစားပေး ဟောပြတော်မူကြပေတာကိုး။ ဆရာတော် အရှင်ဇနကာဘိဝံသကို ဦးခိုက်ပူဇော်အပ်ပါတယ်ဘုရား။ ဆရာတော်ပြုစုတဲ့ **"ကိုယ်ကျင့်အဘိဓမ္မာ"** စာအုပ်ကို အကြိမ်ကြိမ်ဖတ်ပြီး ကိုယ့်ကိုယ်ကိုယ် သိမြင်နားလည်မိအောင် အထပ်ထပ်ကြိုးစားခဲ့လို့ တိုးတက်မှုရရှိခဲ့ပါတယ် အရှင်ဘုရား။

ဘဝတစ်သက်တာမှာ စာပေတာဝန်ကို ၅၅ နှစ်ကျော် ထမ်းဆောင်ခဲ့တဲ့ စာရေးဆရာကြီး ရွှေဥဒေါင်း (၁၈၈၉–၁၉၇၃) အသက် ၈၂ နှစ်အရွယ်မှာ ၁၉၇၁ ခုနှစ် ဇူလိုင် ၂၅ ရက်ထုတ် မန္တလေးမြို့ ဟံသာဝတီသတင်းစာမှာ သူ့ရဲ့နောက်ဆုံးလက်ရာလို့ ပြောရမယ့် စာကြောင်းရေ လေး၊ ငါးကြောင်းစာ **"ရွှေဥဒေါင်း၏ဖြောင့်ဆိုချက်"** တဲ့ စာဖတ်ပရိသတ်ကို နောက်ဆုံးနှုတ်ဆက်အမှာစကား။

**"ယခင်ကမူ လူများများကို သိချင်သည်။**

**မိမိကိုလည်း လူများများကသိအောင်လုပ်ခဲ့မိဖူးသည်။**

**ယခုမူ ဂေါတမဗုဒ္ဓ၏ဩဝါဒအတိုင်း မိမိကိုယ်မိမိ သိအောင် ကြိုးစားလျက်ရှိပြီဖြစ်၍ လူတွေကိုလည်း မသိလို။ မိမိအား လူများက သိခြင်းကိုလည်း မလိုလား။ မိမိကိုယ်မိမိ သဘာဝကျကျ သိဖို့ကိုသာ အရေးကြီးပါတော့သတည်း။" ရွှေဥဒေါင်းတဲ့။**

"ကိုယ့်ကိုယ်ကိုယ်သိ၊ ကိုယ့်အတ္တကိုယ်သိ"ဆိုတဲ့ အပ်ဖျားရေစက်အဆုံးအမစကားများသည်ကား ဘဝတန်ဖိုးကို အမြင့်မားဆုံးအဆင့်အထိရောက်ရှိအောင် အသိဉာဏ်အလင်းပြပေသော အရေးအကြီးဆုံး အခြေခံသဘောပါတကား။

သတ္တဝါတို့သည် ပြင်ပကို မြင်တတ်သည်။

မိမိကိုယ်ကိုတော့ ဆိုဆုံးမအလင်းပြသူက ခတ်မီးနဲ့သေသေချာချာမြင်အောင် သိအောင် ထိုးညွှန်ပြမှ သိရတာဖြစ်ပါတယ်။ မိမိကိုယ်မိမိ သဘာဝကျကျသိဖို့ သတိပြုမိစေလိုပါတယ်။ ချစ်လို့ပြောတာမှတ်ပါ။

# လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ၏ အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန်လိုအပ်

**“လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများအနေဖြင့် ၎င်းတို့ အစမ္ပဝင်ရောက်နေထိုင်နေသည့်မြို့ရွာများ၌ တပ်မတော်၏တန်ပြန်ထိုးစစ်ဆင်မှုများကို ကာကွယ်ရန်အတွက် ပြည်သူတို့၏ နေအိမ်အဆောက်အအုံများ၊ အရပ်ဘက်အုပ်ချုပ်မှုဆိုင်ရာအဆောက်အအုံများကို အသုံးပြုခြင်း၊ အပြစ်မဲ့ပြည်သူလူထုကို လူသားတံတိုင်းအဖြစ်အသုံးပြုနိုင်ရေး ယာယီနေရပ်စွန့်ခွာနေရသူများကို ပြန်လည်နေထိုင်ရန်ဆွဲဆောင်စည်းရုံးခြင်း၊ အတင်းအဓမ္မလူသစ်စုဆောင်းခြင်းများကိုလုပ်ဆောင်လျက်ရှိကြောင်း၊ တပ်မတော်အနေဖြင့် နိုင်ငံတော်၏ အချုပ်အခြာအာဏာကို မဖြစ်မနေ ကာကွယ်စောင့်ရှောက်သွားမည်ဖြစ်ပြီး အဆိုပါလက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ၏ သတင်းရရှိမှုနှင့် အခြေအနေအရပ်ရပ်အပေါ်မူတည်၍ လိုအပ်သလိုတုံ့ပြန်ဆောင်ရွက်သွားမည်ဖြစ်သဖြင့် ၎င်းတို့အစမ္ပဝင်ရောက်နေထိုင်လျက်ရှိသည့် မြို့ရွာများရှိပြည်သူများအနေဖြင့် ၎င်းတို့၏အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန် လိုအပ်ကြောင်း။”**

( ၃-၉-၂၀၂၄ ရက်တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ရှမ်းပြည်နယ် အစိုးရအဖွဲ့ဝင်များ၊ ပြည်နယ်နှင့် ခရိုင်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများအားပြောကြားသည့် အမှာစကားမှကောက်နုတ်ချက် )

## မအူပင်မြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ဆီထွက်သီးနှံ နေကြာ ၁၁၅၂ ဧက စိုက်ပျိုးပြီးစီး



**မအူပင် ဖေဖော်ဝါရီ ၉**

ဧရာဝတီတိုင်းဒေသကြီး မအူပင်ခရိုင် မအူပင်မြို့နယ်တွင် ဆောင်းသီးနှံ စိုက်ပျိုးရာသီ၌ ဆီထွက်သီးနှံ နေကြာ ၁၁၅၂ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း မအူပင်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

မအူပင်မြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ဆီထွက်သီးနှံ နေကြာ ဧက ၁၁၅၀ ကို ၂၀၂၄ ခုနှစ် နိုဝင်ဘာလ ပထမပတ်က စတင်စိုက်ပျိုးခဲ့ရာ ယနေ့ထိ ၁၁၅၂ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း၊ အဆိုပါ ဆီထွက်သီးနှံ နေကြာများ ရာနှုန်းပြည့် စိုက်ပျိုးနိုင်ရန် ဒေသခံတောင်သူများနှင့် စိုက်ပျိုးရေးဦးစီးဌာနတို့ ပူးပေါင်းစိုက်ပျိုးဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

"မအူပင်မြို့နယ်အတွင်းမှာ ဆောင်းသီးနှံနေကြာ လျာထားဧက ၁၁၅၀ စိုက်ပျိုးခဲ့ပါတယ်။ လက်ရှိ ဆီထွက်သီးနှံ နေကြာ ၁၁၅၂ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ စိုက်ပျိုးထားတဲ့ နေကြာသီးနှံတွေ အထွက်နှုန်းကောင်းမွန်စေရေး၊ ပိုးမွှားအန္တရာယ်ကင်းရှင်းစေရေးနဲ့ တစ်မြို့နယ်လုံးအနေနဲ့ နေကြာအထွက်နှုန်းတွေ တိုးတက်အောင် ခရိုင်နဲ့မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနနဲ့ တောင်သူတွေ ပူးပေါင်းဆောင်ရွက်နေပါတယ်"ဟု မအူပင်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဇော်မင်းထွန်းက ပြောပြသည်။

မအူပင်မြို့နယ်တွင် ဆီထွက်သီးနှံနေကြာများ အထွက်နှုန်းညီစေရန် မြေယာပြုပြင်ခြင်းလုပ်ငန်းများ၊ မြေဩဇာနှင့်ပိုးသတ်ဆေးအသုံးပြုသည့် နည်းစနစ်များ၊ ရေအသုံးချမှုပိုင်းဆိုင်ရာများ၊ နေကြာမျိုးကောင်း မျိုးသန့်အသုံးချမှုများနှင့် စိုက်ပျိုးနည်းစနစ်များစသည့်လုပ်ငန်းများကို အသိပညာပေး ဆောင်ရွက်လျက်ရှိကြောင်း၊ နေကြာသီးနှံများကို အထွက်နှုန်းတိုးတက်ကောင်းမွန်အောင်စိုက်ပျိုးနိုင်ပါက ဒေသတွင်းဆီစားသုံးမှု ဖူလုံနိုင်မည့်အပြင် ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် ဝင်ငွေရရှိကာ လူမှုစီးပွားဘဝများ ပိုမိုဖွံ့ဖြိုးတိုးတက်လာနိုင်မည်ဖြစ်ကြောင်း မအူပင်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဇော်မင်းထွန်းက ဆက်လက်ပြောပြ၍ သိရသည်။

**ကျော်ကျော်လင်း**

## ငဖဲမြို့နယ် သီပေါ်ရွာသစ်ကျေးရွာ၌ VRFP စီမံကိန်းရန်ပုံငွေ ဆင့်မအကြိမ် ထုတ်ချေး

**ငဖဲ ဖေဖော်ဝါရီ ၉**

မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင် ငဖဲမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက သီပေါ်ရွာသစ်ကျေးရွာ၌ ကျေးရွာမတည်ရန်ပုံငွေစီမံကိန်း (VRFP) ရန်ပုံငွေ ဆင့်မအကြိမ် ထုတ်ချေးခြင်းကို ဖေဖော်ဝါရီ ၈ ရက် နံနက်ပိုင်းက ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ငဖဲမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ဖြိုးပြည့်စုံဟိန်းက ကျေးရွာမတည်ရန်ပုံငွေစီမံကိန်းဖြင့် သီပေါ်ရွာသစ်ကျေးရွာရှိလုပ်ကွက်ငယ်တောင်သူများ၊ စိုက်ပျိုးမွေးမြူထုတ်လုပ်သူများနှင့်အသေးစားစီးပွားရေးလုပ်ငန်းလုပ်ကိုင်သူများ လိုအပ်သည့်ငွေကြေးအရင်းအနှီးရရှိစေရန် ရည်ရွယ်၍ ထုတ်ချေးပေးခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ စီမံကိန်းတာဝန်ခံနှင့် ဝန်ထမ်းများကအတိုးနှုန်းနှင့် ကာလသတ်မှတ်ချက်များ၊ ချေးငွေထုတ်ချေးရာတွင် လိုက်နာရမည့် စည်းကမ်းသတ်မှတ်ချက်များ၊ ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဥပဒေ၊ နည်းဥပဒေပါ အကြောင်းအရာများကို ရှင်းလင်းဆွေးနွေးပြီး မြို့နယ်ဦးစီးမှူးက ကျေးရွာမတည်ရန်ပုံငွေစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များထံ ရန်ပုံငွေများ လွှဲပြောင်းပေးအပ်သည်။

ထို့နောက် ကျေးရွာမတည်ရန်ပုံငွေစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များက VRFP စီမံကိန်း ဆင့်မအကြိမ်အဖြစ် သီပေါ်ရွာသစ်ကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၂၅ ဦးကို ငွေကျပ် ၂၀၁ သိန်း၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ခုနစ်ဦးကို ငွေကျပ် သိန်း ၄၀၊ အသေးစားလုပ်ငန်းလုပ်ကိုင်သူ တစ်ဦးကို ငွေကျပ် ၁၈ သိန်း၊ စုစုပေါင်း အသင်းသား၊ အသင်းသူ ၃၃ ဦးကို VRFP စီမံကိန်း ရန်ပုံငွေကျပ် ၂၅၉ သိန်း ထုတ်ချေးပေးခဲ့ကြောင်း ငဖဲမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ဖြိုးပြည့်စုံဟိန်း ထံမှ သိရသည်။

**ဇင်မာ**

## ပညာသင်ယူစို့

- လမ်းမှန်ဆီရောက်စေဖို့
  လူငယ်တို့ အတွေးအကြံ၊
  ပညာကို သင်ယူရေး
  အားပေးစေရန်၊
  ပညာမဲ့ အသိဉာဏ်
  ပြုလဲအမှန် ဘဝမလှ၊
  ငယ်ရွယ်ချိန် ပညာပန်းကို
  ဆင်မြန်းသာစွ။

- လူငယ်တွေ အခွင့်ရေး
  ပညာမဝေး ဖြစ်ဖို့ရာ၊
  ပွဲထိန်းကာ အနာဂတ်
  မှတ်ကျောက်တင်ကာ၊
  ကျောင်းတော်က လမ်းပြမှာ
  ပို့ဆောင်ပါ အပ်နှင်း၊
  အဖိုးတန် မျိုးဆက်သစ်
  ထုဆစ်ပုံသွင်း။

- လူငယ်တွေ နှလုံးသား
  အမှန်တရား ကင်းစင်စေ၊
  ပညာကို အမွေပေး
  အေးချမ်းဖို့လေ၊
  အကျိုးရှိ ပညာတွေ
  ပျော်မွေ့ပေ တည့်မတ်၊
  နုနယ်ချိန် အသိနှလုံးကို
  ခြယ်မှုန်းပြုအပ်။ ။

**ဖြိုးထက်(ရေစကြို)**


ကိုဗစ်-၁၉ ရောဂါကူးစက်မှုကိုကာကွယ်ရာတွင် အထောက်အကူဖြစ်စေရန်

ငရုတ်သီး၊ ငရုတ်ကောင်းတို့၏ အပူဓာတ်သည် သွေးလည်ပတ်စီးဆင်းမှုကိုအားကောင်းစေပြီး အသက်ရှူလမ်းကြောင်းအတွင်း ရောဂါပိုးများဝင်ရောက်ခြင်းကို တိုက်ထုတ်ပေးသည်။



## နိုင်ငံတကာ သတင်းများ

# ဒေလီမြို့ဖက်ဒရယ်နယ်မြေ ရွေးကောက်ပွဲ၌ ဝန်ကြီးချုပ်မိုဒီ၏ ဘီဂျေပီပါတီ အနိုင်ရရှိ



**ဒေလီ ဖေဖော်ဝါရီ ၉**

အိန္ဒိယဝန်ကြီးချုပ်မိုဒီ၏ဘာရာတီယာဂျနေတာပါတီ (ဘီဂျေပီ) ပါတီသည် ဒေလီမြို့ ဖက်ဒရယ်နယ်မြေရွေးကောက်ပွဲ၌ အနိုင်ရရှိခဲ့ကြောင်း ဖေဖော်ဝါရီ ၈ ရက် သတင်းများတွင် ရေးသားဖော်ပြထားသည်။

ဖေဖော်ဝါရီ ၈ရက်တွင် ကျင်းပခဲ့သော ဒေလီဖက်ဒရယ်နယ်မြေလွှတ်တော် ရွေးကောက်ပွဲတွင် ဘီဂျေပီပါတီသည် လွှတ်တော်အမတ်နေရာ ၇၀ အနက် ၄၈ နေရာကို ရရှိခဲ့ကြောင်း သိရသည်။

ဘီဂျေပီပါတီသည် ၂၇ နှစ်တာကာလအတွင်း ပထမဆုံးအကြိမ်အဖြစ် ဒေလီဖက်ဒရယ်နယ်မြေလွှတ်တော်ရွေးကောက်ပွဲ၌ အမတ်နေရာအများစုရရှိခဲ့ခြင်းဖြစ်သည်။

ဒေလီ ဖက်ဒရယ်နယ်မြေလွှတ်တော် ရွေးကောက်ပွဲတွင် ဘီဂျေပီ၏ အဓိကပြိုင်ဘက်အေအေပီပါတီက အမတ်နေရာ ၂၂ နေရာသာရရှိခဲ့သည်။

ပြီးခဲ့သည့် ဒေလီဖက်ဒရယ်နယ်မြေလွှတ်တော်ရွေးကောက်ပွဲနှစ်ခုတွင် အေအေပီပါတီက လွှတ်တော်အမတ်နေရာအများစုကို ရရှိခဲ့သည်။

ဝန်ကြီးချုပ်မိုဒီ၏ဘာရာတီယာဂျနေတာပါတီသည် ပြီးခဲ့သည့်နှစ် အမျိုးသားရွေးကောက်ပွဲ၌ လွှတ်တော်ကို အမတ်နေရာအများစုဖြင့် ထိန်းချုပ်ထားနိုင်စွမ်းကို လက်လွှတ်ဆုံးရှုံးထားကြောင်း သိရသည်။

**Ref : Xinhua**
**Trs : KKO**

# လက်ဘနွန်ဝန်ကြီးချုပ် နဝပ်ဆလမ် အစိုးရအဖွဲ့သစ် အောင်မြင်စွာဖွဲ့စည်း

**ဘေရွတ် ဖေဖော်ဝါရီ ၉**

လက်ဘနွန် ဝန်ကြီးချုပ်သစ် နဝပ်ဆလမ်သည် ဖေဖော်ဝါရီ ၈ ရက်တွင် လက်ဘနွန်အစိုးရအဖွဲ့သစ်ကို ဖွဲ့စည်းခဲ့ကြောင်း သိရသည်။

အစိုးရအဖွဲ့ဝင် ၂၄ ဦး ပါဝင်သော လက်ဘနွန်အစိုးရအဖွဲ့သစ်အနေဖြင့် ဘဏ္ဍာရေးပြုပြင်ပြောင်းလဲရေး လုပ်ငန်းများနှင့် တိုင်းပြည်ပြန်လည်တည်ဆောက်ရေးလုပ်ငန်းများကို ဦးစားပေးဆောင်ရွက်မည် ဖြစ်ကြောင်း လက်ဘနွန်ဝန်ကြီးချုပ် နဝပ်ဆလမ်က သတင်းထောက်များကို ပြောကြားခဲ့သည်။

လက်ဘနွန်ပြည်တွင်းပြိုင်ဘက်နိုင်ငံရေးပါတီများကြား ရက်သတ္တသုံးပတ်ကြာ အကြိတ်အနယ်ဆွေးနွေးခဲ့ပြီးနောက် ဝန်ကြီးချုပ်နဝပ်ဆလမ်အနေဖြင့် အစိုးရအဖွဲ့သစ်ကို ဖွဲ့စည်းနိုင်ခဲ့ခြင်းဖြစ်သည်။

လက်ဘနွန်နိုင်ငံသည် ပြီးခဲ့သည့်ငါးနှစ်ခန့်မှစ၍ ဘဏ္ဍာရေးအကျပ်အတည်း၊ စီးပွားရေးအကျပ်အတည်းများနှင့် ရင်ဆိုင်ခဲ့ရသည်။

လက်ဘနွန်သမ္မတ ဂျိုးဆက်အောင်းသည် သမ္မတအဖြစ် ရွေးကောက် တင်မြှောက်ခံခဲ့ရပြီး ရက်ပိုင်းအကြာမှာပင် နိုင်ငံတကာတရားရုံး (အိုင်စီဂျေ)ဥက္ကဋ္ဌဟောင်း နဝပ်ဆလမ်ကို လက်ဘနွန်ဝန်ကြီးချုပ်အဖြစ် ရွေးချယ်ခန့်အပ်ခဲ့သည်။

လက်ဘနွန်လွှတ်တော်အမတ်များသည် ယခုနှစ် ဇန်နဝါရီ ၉ ရက်က လက်ဘနွန်တပ်မတော် အကြီးအကဲ ဂျိုးဆက်အောင်းကို သမ္မတအဖြစ် ရွေးချယ်တင်မြှောက်ခဲ့ကြောင်း သိရသည်။

**Ref : Xinhua**
**Trs : KKO**



# မက္ကဆီကို၌ ခရီးသည်တင်ဘတ်စကားနှင့် ကုန်တင်ကားဝင်တိုက်မှုကြောင့် လူပေါင်း ၄၁ ဦး သေဆုံး

**မက္ကဆီကိုစီးတီး ဖေဖော်ဝါရီ ၉**

မက္ကဆီကိုနိုင်ငံ တာဘာစကိုပြည်နယ်၌ ဖေဖော်ဝါရီ ၈ ရက် နံနက်ပိုင်းက ယာဉ်မတော်တဆမှုဖြစ်ပွားခဲ့ရာ လူပေါင်း ၄၁ ဦး သေဆုံးခဲ့ကြောင်း သိရသည်။

ဖေဖော်ဝါရီ ၈ ရက် နံနက်ပိုင်းတွင် တာဘာစကိုပြည်နယ်၌ ခရီးသည်တင်ဘတ်စကားတစ်စီးနှင့် ကုန်တင်ယာဉ်တစ်စီးတို့ ဝင်တိုက်ခဲ့ကြကြောင်း မက္ကဆီကိုသတင်းမီဒီယာများက သတင်းထုတ်ပြန်ထားသည်။

အဆိုပါယာဉ်မတော်တဆမှုကြောင့် ဘတ်စကားပေါ်၌ လိုက်ပါလာသူ ခရီးသည် ၃၈ ဦးနှင့် ယာဉ်မောင်းနှစ်ဦးသေဆုံးခဲ့ရသည်။

ယင်းအပြင် ကုန်တင်ယာဉ်မောင်းဖြစ်သူသည်လည်း ယာဉ်မတော်တဆမှုအတွင်း သေဆုံးခဲ့ရကြောင်း မက္ကဆီကိုတာဝန်ရှိသူများက ပြောကြားခဲ့သည်။

ယာဉ်တိုက်မှု ဖြစ်စဉ်အတွင်း ခရီးသည်တင်ဘတ်စကားတစ်စီးလုံး မီးလောင်ကျွမ်းခဲ့ရကြောင်း မက္ကဆီကိုမီဒီယာများ၏အဆိုအရ သိရသည်။

လက်ရှိအချိန်တွင် ယာဉ်မတော်တဆမှု ဖြစ်ပွားရခြင်း၏ အကြောင်းရင်းကို မက္ကဆီကိုတာဝန်ရှိသူများက စုံစမ်းစစ်ဆေးနေဆဲဖြစ်ကြောင်း သိရသည်။

**Ref : Xinhua**
**Trs : KKO**



# ပါလက်စတိုင်းလူမျိုးများအတွက် အရေးပေါ် အာရပ်ထိပ်သီးညီလာခံ အီဂျစ်ကျင်းပမည်

**ကိုင်ရို ဖေဖော်ဝါရီ ၉**

ပါလက်စတိုင်းလူမျိုးများကိစ္စ ဆွေးနွေးရေးအတွက် အရေးပေါ် အာရပ်ထိပ်သီး ညီလာခံတစ်ခုကို အီဂျစ်နိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပမည်ဖြစ်ကြောင်း အီဂျစ်နိုင်ငံခြားရေးဝန်ကြီးဌာနက ယနေ့တွင် သတင်းထုတ်ပြန်ထားသည်။

ဂါဇာကမ်းမြောင် ဒေသကို အမေရိကန်နိုင်ငံက လက်လွှဲရယူ၍ ပါလက်စတိုင်းလူမျိုးများအား အခြားနေရာများသို့ ရွှေ့ပြောင်းရန် အမေရိကန်သမ္မတ ဒေါ်နယ်ထရန့်က အဆိုပြုခဲ့ပြီးနောက် အရေးပေါ် အာရပ်ထိပ်သီးညီလာခံကို အိမ်ရှင်အဖြစ် လက်ခံကျင်းပရန် အီဂျစ်နိုင်ငံက စီစဉ်ထားခြင်းဖြစ်သည်။

အဆိုပါ အရေးပေါ် အာရပ်ထိပ်သီးညီလာခံကို ဖေဖော်ဝါရီ ၂၇ ရက်တွင် ကျင်းပမည်ဖြစ်ကြောင်း အီဂျစ်နိုင်ငံခြားရေးဝန်ကြီးဌာနက သတင်းထုတ်ပြန်ထားသည်။

အမေရိကန်သမ္မတ ဒေါ်နယ်ထရန့် ဖေဖော်ဝါရီ ၅ ရက်တွင် ကြေညာခဲ့သော ဂါဇာအဆိုပြုချက်ကို အာရပ်နိုင်ငံများက ကန့်ကွက်ထားကြသည်။

သမ္မတဒေါ်နယ်ထရန့်၏ ဂါဇာအဆိုပြုချက်ကို ဆန့်ကျင်သည့် အာရပ်နိုင်ငံများထဲတွင် အမေရိကန်၏ အဓိကမဟာမိတ်ဆော်ဒီအာရေဗျနိုင်ငံလည်း ပါဝင်သည်။

အီဂျစ်နိုင်ငံနှင့် ဂျော်ဒန်နိုင်ငံတို့သည် ဂါဇာကမ်းမြောင်ဒေသနှင့် ထိစပ်နေသော နိုင်ငံများဖြစ်ကြကြောင်း သိရသည်။

**Ref : Xinhua**
**Trs : KKO**

# ကိုရီးယားကျွန်းဆွယ်တင်းမာမှုများအတွက် အမေရိကန်နိုင်ငံကို မြောက်ကိုရီးယားခေါင်းဆောင်ကင်ဂျုံအန် အပြစ်တင်

**ပြုံယမ်း ဖေဖော်ဝါရီ ၉**

အမေရိကန်၊ တောင်ကိုရီးယားနှင့် ဂျပန်တို့ကြား စစ်ရေးပူးပေါင်းဆောင်ရွက်မှုများကြောင့်ကိုရီးယားကျွန်းဆွယ်၌ တင်းမာမှုများမြင့်တက်လာရကြောင်း မြောက်ကိုရီးယားခေါင်းဆောင်ကင်ဂျုံအန်က ဖေဖော်ဝါရီ ၈ ရက်တွင် ပြောကြားခဲ့သည်။

ပြုံယမ်းမြို့၌ ကျင်းပသည့် မြောက်ကိုရီးယား တပ်မတော်ဖွဲ့စည်းတည်ထောင်မှု အထိမ်းအမှတ်အခမ်းအနား၌ အဆိုပါအတိုင်းဝေဖန်ခဲ့ခြင်းဖြစ်သည်။

နျူကလီးယားလက်နက်များ သယ်ဆောင်နိုင်သော လေယာဉ်နှင့် ရေငုပ်သင်္ဘောများကို အမေရိကန်နိုင်ငံက ဖြန့်ကြက်ထားမှု၊ ဂျပန်နိုင်ငံ၊ တောင်ကိုရီးယားနိုင်ငံတို့နှင့် စစ်ရေးပူးပေါင်းဆောင်ရွက်မှုများပြုလုပ်နေမှုကြောင့် ကိုရီးယားကျွန်းဆွယ်၌ စစ်ရေးချိန်ခွင်လျှာပျက်ပြားနေကြောင်း မြောက်ကိုရီးယားခေါင်းဆောင် ကင်ဂျုံအန်က ဝေဖန်သုံးသပ်ခဲ့သည်။

မြောက်ကိုရီးယားနိုင်ငံအနေဖြင့် မလိုအပ်ဘဲ အခြေအနေများ တင်းမာလာစေရန် ဆန္ဒမရှိသော်လည်း ဒေသတွင်းစစ်ရေးချိန်ခွင်လျှာကိုထိန်းညှိရေးအတွက် လိုအပ်သည့်အစီအမံများပြုလုပ်မည်ဖြစ်ကြောင်း ကင်ဂျုံအန်က ပြောကြားခဲ့သည်။

အမေရိကန်သမ္မတ ဒေါ်နယ်ထရန့်နှင့်ဂျပန်ဝန်ကြီးချုပ်အီရှီဘာတို့ ဝါရှင်တန်မြို့၌ တွေ့ဆုံဆွေးနွေးပြီး ရက်ပိုင်းအကြာတွင် မြောက်ကိုရီးယား ခေါင်းဆောင်ကင်ဂျုံအန်၏ အဆိုပါဝေဖန်သုံးသပ်ချက် ပေါ်ထွက်လာခြင်းဖြစ်သည်။

ဝါရှင်တန် ဆွေးနွေးပွဲတွင် အမေရိကန်သမ္မတနှင့် ဂျပန်ဝန်ကြီးချုပ်တို့သည် မြောက်ကိုရီးယားနျူကလီးယားလက်နက်ကိစ္စကိုပါ ထည့်သွင်းဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**Ref : RT**
**Trs : KKO**

# SCIENCE AND TECHNOLOGY

## အင်တာနက်သတင်းအချက်အလက်ချိတ်ဆက်မှုဂြိုဟ်တု ငါးစင်းကို ဖေဖော်ဝါရီ ၈ ရက်တွင် Rocket Lab ကုမ္ပဏီက လွှတ်တင်ခဲ့



**ဝါရှင်တန် ဖေဖော်ဝါရီ ၉**

အမေရိကန်နိုင်ငံ အခြေစိုက် Rocket Lab ကုမ္ပဏီသည် အင်တာနက် သတင်းအချက်အလက် ချိတ်ဆက်မှုဂြိုဟ်တု ငါးစင်းကို ဖေဖော်ဝါရီ ၈ ရက်တွင် အောင်မြင်စွာလွှတ်တင်ခဲ့ကြောင်း သိရသည်။

ပြင်သစ်အခြေစိုက် Kineis ကုမ္ပဏီက တည်ဆောက်ထားသည့် အင်တာနက်သတင်းအချက်အလက် ချိတ်ဆက်မှုဂြိုဟ်တု ငါးစင်းကို အီလက်ထရွန်ဒုံးပျံဖြင့် နယူးဇီလန်နိုင်ငံမှတစ်ဆင့် လွှတ်တင်ခဲ့ခြင်း ဖြစ်ကြောင်း သိရသည်။

လွှတ်တင်ပြီး ၆၆ ဒသမ ၅ မိနစ်အကြာတွင် အီလက်ထရွန်ဒုံးပျံသည် Kineis ဂြိုဟ်တုငါးစင်းကို ကမ္ဘာမြေပြင်အထက် အမြင့် ၄၀၁ မိုင်တွင်ရှိသော ပတ်လမ်းပေါ်သို့ ပို့ဆောင်ပေးနိုင်ခဲ့ကြောင်း သိရသည်။

အဆိုပါမစ်ရှင်သည် Rocket Lab ကုမ္ပဏီအတွက် ယခုနှစ်၏ ပထမဆုံး အာကာသမစ်ရှင်ဖြစ်ကြောင်း သိရသည်။

ကယ်လီဖိုးနီးယားပြည်နယ် အခြေစိုက် Rocket Lab ကုမ္ပဏီသည် ၂၀၂၄ ခုနှစ်အတွင်း အီလက်ထရွန်ဒုံးပျံမစ်ရှင်ပေါင်း ၁၄ ခုထိ လွှတ်တင်ခဲ့သည်။

Rocket Lab ကုမ္ပဏီသည် Kineis ကုမ္ပဏီအတွက် အင်တာနက် သတင်းအချက်အလက် ချိတ်ဆက်မှုဂြိုဟ်တုများကို အစင်း ၂၀ ထိ လွှတ်တင်ပေးထားပြီးဖြစ်ကြောင်း သိရသည်။

**Ref : Russia Today**

**Trs : KKO**


## ယခုနှစ် ဇန်နဝါရီလတွင် စတားလင့်ခ်အင်တာနက်ဝန်ဆောင်မှု ဂြိုဟ်တုအစင်း ၁၂၀ ထိ ကမ္ဘာ့လေထုလွှာအတွင်း ပြန်လည်ဝင်ရောက်ခဲ့

**ဝါရှင်တန် ဖေဖော်ဝါရီ ၉**

၂၀၂၅ ခုနှစ် ဇန်နဝါရီလတွင် Space-X ကုမ္ပဏီ၏ စတားလင့်ခ် အင်တာနက်ဝန်ဆောင်မှုဂြိုဟ်တု အစင်း ၁၂၀ ထိ ကမ္ဘာ့လေထုလွှာ အတွင်း ပြန်လည်ဝင်ရောက်ခဲ့ကြောင်း ဖေဖော်ဝါရီ ၈ ရက်သတင်းများအရ သိရသည်။

Space-X ကုမ္ပဏီ၏စတားလင့်ခ်ဂြိုဟ်တု လေထုလွှာအတွင်း ပြန်လည် ဝင်ရောက်မှုမြင့်တက်လာခြင်းကြောင့် လေထုလွှာညစ်ညမ်းမည့်အရေးကို သိပ္ပံပညာရှင်များက စိုးရိမ်လျက်ရှိသည်။

အမေရိကန်နိုင်ငံ အခြေစိုက် Space-X ကုမ္ပဏီသည် အင်တာနက်ဝန်ဆောင်မှုလုပ်ငန်းအတွက် စတားလင့်ခ်ဂြိုဟ်တု ကွန်ရက်ကို တည်ဆောက်လျက်ရှိရာ လက်ရှိတွင် စတားလင့်ခ်ဂြိုဟ်တုအစင်း ရေ၇၀၀၀ ကျော်ထိ လွှတ်တင်ထားပြီးဖြစ်သည်။



သို့ရာတွင် စတားလင့်ခ်ကွန်ရက် ပို၍ကြီးမားလာသည်နှင့်အမျှ စတားလင့်ခ်ဂြိုဟ်တုများ လေထုလွှာအတွင်း ပြန်လည်ဝင်ရောက်မှုနှုန်းလည်း မြင့်တက်လာကြောင်း အမေရိကန် သိပ္ပံပညာရှင်များက ပြောကြားသည်။

အမေရိကန် သိပ္ပံပညာရှင်များ၏အဆိုအရ ယခုနှစ် ဇန်နဝါရီ တစ်လအတွင်းမှာပင် Space-X ကုမ္ပဏီ၏ စတားလင့်ခ်ဂြိုဟ်တု အစင်း ၁၂၀ ကမ္ဘာ့လေထုလွှာအတွင်း ပြန်လည်ဝင်ရောက်ခဲ့ကြောင်း သိရသည်။

ထို့ပြင် လက်ရှိစတားလင့်ခ် ဂြိုဟ်တုကွန်ရက်အတွင်း မစ်ရှင်သက်တမ်း ကုန်လွန်သွားပြီဖြစ်သည့် စတားလင့်ခ်ဂြိုဟ်တုအစင်း ရေမှာလည်း ၅၀၀ ကျော်ထိရှိနေကြောင်း သိရသည်။

**Ref : Sputnik News**

**Trs : KKO**

## စတားလင့်ခ်အင်တာနက်ဝန်ဆောင်မှုဂြိုဟ်တု ၂၁ စင်းကို Space-X ကုမ္ပဏီ လွှတ်တင်

**ဝါရှင်တန် ဖေဖော်ဝါရီ ၉**

အမေရိကန်နိုင်ငံ အခြေစိုက် Space-X ကုမ္ပဏီသည် စတားလင့်ခ် အင်တာနက်ဝန်ဆောင်မှုဂြိုဟ်တု ၂၁ စင်းကို ဖေဖော်ဝါရီ ၈ ရက်တွင် အောင်မြင်စွာ လွှတ်တင်ခဲ့ကြောင်း သိရသည်။



စတားလင့်ခ်ဂြိုဟ်တု ၂၁ စင်း သယ်ဆောင်ထားသော ဖယ်လ်ကွန်-၉ ဒုံးပျံကို ဖလော်ရီဒါပြည်နယ် ကိပ်ကာနေဗာရယ် အာကာသစခန်းမှလွှတ်တင်ခဲ့သည်။

လွှတ်တင်ပြီး ၆၅ မိနစ်အကြာတွင် ဖယ်လ်ကွန်-၉ ဒုံးပျံ၏ထိပ်ဖူးအဆင့်ဒုံးယာဉ်သည် သယ်ဆောင်ထားသော စတားလင့်ခ်ဂြိုဟ်တုများကို သတ်မှတ်ပတ်လမ်းပေါ်သို့ ပို့ဆောင်ပေးနိုင်ခဲ့သည်။

ဖယ်လ်ကွန်-၉ ဒုံးပျံ၏ပထမအဆင့် ပင်မဒုံးယာဉ်ကမူ လွှတ်တင်ပြီး ၈ ဒသမ ၅ မိနစ်ခန့်အကြာတွင် အတ္တလန္တိတ်သမုဒ္ဒရာအတွင်း စောင့်ဆိုင်းနေသော မောင်းသူမဲ့ တွဲရေယာဉ်ပေါ်သို့ ပြန်လည်ဆင်းသက်နိုင်ခဲ့သည်။

Space-X ကုမ္ပဏီသည် ယခုနှစ်အတွင်း ဖေဖော်ဝါရီ ၈ ရက် မစ်ရှင်အပါအဝင် ဖယ်လ်ကွန်-၉ ဒုံးပျံမစ်ရှင်ပေါင်း ၁၆ ခုလွှတ်တင်ထားပြီးဖြစ်ကြောင်း သိရသည်။

**Ref : Xinhua News**

**Trs : KKO**

# HEALTH

## စမ်းသပ်ဆဲကာကွယ်ဆေးတစ်မျိုးက ကျောက်ကပ်ကင်ဆာကိုကုရာတွင် အကျိုးပြုနိုင်

**နယူးယောက် ဖေဖော်ဝါရီ ၉**

စမ်းသပ်ဆဲ ကာကွယ်ဆေးတစ်မျိုးသည် ကျောက်ကပ်ကင်ဆာရောဂါကို ကုသရာတွင် အကျိုးကျေးဇူးပြုနိုင်ဖွယ်ရှိကြောင်း သုတေသနပညာရှင်များက ဖေဖော်ဝါရီ ၈ ရက်တွင် ပြောကြားသည်။

အဆိုပါ ကာကွယ်ဆေးသည် ကင်ဆာဆဲလ်များ ခွဲစိတ်ဖယ်ရှားပြီးနောက် ကျန်ရစ်ခဲ့သောကင်ဆာဆဲလ်များကို လိုက်လံရှာဖွေဖျက်ဆီးရေးအတွက် ခုခံအားစနစ်ကို လှုံ့ဆော်ပေးနိုင်ကြောင်း အမေရိကန်နိုင်ငံယေးလ်တက္ကသိုလ်မှ သုတေသန ပညာရှင်များက ပြောကြားသည်။

အဆိုပါ ကင်ဆာကာကွယ်ဆေးသစ်ကို ကျောက်ကပ်ကင်ဆာလူနာများ ခွဲစိတ်ကုသမှုခံယူပြီးနောက်ပိုင်း ကင်ဆာဆဲလ်များ တစ်ကျော့ပြန်ပေါ်နိုင်ခြေကို တားဆီးရေးအတွက် ရည်ရွယ်ဖန်တီးထားခြင်းဖြစ်သည်။

လက်ရှိအချိန်တွင် အမေရိကန် သုတေသန ပညာရှင်များသည် ခွဲစိတ်ကုသမှု ခံယူထားသည့် ကျောက်ကပ်ကင်ဆာလူနာကိုးဦးတို့ဖြင့် ကနဦးစမ်းသပ်မှုများ ပြုလုပ်လျက်ရှိသည်။

စမ်းသပ်မှုမှ ပေါ်ထွက်လာသည့်ရလဒ်များအရ ကာကွယ်ဆေးရယူထားသော ကျောက်ကပ်ကင်ဆာလူနာများ၌ ခုခံအားစနစ်များ၏ ကင်ဆာဆဲလ်တိုက်ဖျက်မှုစွမ်းရည် မြင့်တက်လာသည်ကို တွေ့ရကြောင်း သုတေသနပညာရှင်များက ပြောကြားသည်။

အဆိုပါ ကာကွယ်ဆေးကို ကျောက်ကပ်ကင်ဆာ အဆင့်-၃ နှင့် အဆင့်-၄ လူနာများအတွက် ရည်ရွယ် စမ်းသပ်နေခြင်းဖြစ်ကြောင်း သိရသည်။

**Ref : Sputnik News**

**Trs : KKO**

## ဆံပင်မျှင်ဖြင့် အော်တစ်ဇင်ရောဂါကိုရှာဖွေနိုင်မည့် ရောဂါစစ်ဆေးနည်းတစ်မျိုးကို ဖန်တီးထား

**နယူးယောက် ဖေဖော်ဝါရီ ၉**

ဆံပင်မျှင် တစ်မျှင်တည်းဖြင့် အော်တစ်ဇင်ရောဂါကို ရှာဖွေဖော်ထုတ်ပေးနိုင်မည့် ရောဂါစစ်ဆေးနည်းတစ်မျိုးကို အမေရိကန်နိုင်ငံ အခြေစိုက် Linus Bio အမည်ရှိ ဇီဝနည်းပညာကုမ္ပဏီ တစ်ခုက ဖန်တီးထားကြောင်း ဖေဖော်ဝါရီ ၈ ရက်သတင်းများအရ သိရသည်။

Clear Strand – ASD အမည်ရှိ အဆိုပါရောဂါ စစ်ဆေးနည်းသည် အသက်တစ်လနှင့် ၃၆ လကြား ကလေးများ၌ အော်တစ်ဇင်ရောဂါ ရှိ၊ မရှိ ဖော်ထုတ်ရာတွင် ဆေးပညာရှင်များကို ကူညီနိုင်မည်ဖြစ်ကြောင်း သိရသည်။

Clear Strand – ASD နည်းပညာသည် ဆံပင်မျှင်ကိုလေဆာရောင်ခြည်၊ လူ့ဉာဏ်ရည်တုနည်းပညာ (AI) အကူအညီတို့ဖြင့် ဆန်းစစ်၍ ကလေးများ၌ အော်တစ်ဇင်ရှိ၊ မရှိ ဖော်ထုတ်ပေးနိုင်ကြောင်း Linus Bio ကုမ္ပဏီမှ သုတေသနပညာရှင်များက ပြောကြားသည်။

လက်တွေ့ စမ်းသပ်မှုရလဒ်များအရ Clear Strand–ASD သည် အော်တစ်ဇင်ရောဂါကို ၈၂ ဒသမ ၅ ရာခိုင်နှုန်းထိ တိကျစွာရှာဖွေနိုင်ပြီး ရလဒ်ကို သီတင်းသုံးပတ်အတွင်း ထုတ်ပေးနိုင်ကြောင်း သိရသည်။

လက်ရှိတွင် Clear Strand–ASD စစ်ဆေးနည်းကို အမေရိကန်နိုင်ငံ ပြည်နယ် ၄၄ ခုတို့၌ စတင်သုံးစွဲနိုင်ပြီဖြစ်ကြောင်း၊ Clear Strand–ASD အော်တစ်ဇင်ရောဂါ စစ်ဆေးနည်းကို အသုံးပြုမည်ဆိုပါက ကုန်ကျစရိတ် အမေရိကန်ဒေါ်လာ ၂၇၅၀ ထိ ရှိမည်ဖြစ်ကြောင်း သိရသည်။

**Ref : Russia Today**

**Trs : KKO**



## နိုင်ငံတကာ အားကစားသတင်းများ

# တိုက်စစ်မှူးမာတင်နယ်လီ ဒဏ်ရာကြောင့် လာမည့်ပွဲစဉ်များကို လွဲချော်မည်

**လန်ဒန် ဖေဖော်ဝါရီ ၉**

နယူးကာဆယ် အသင်းနှင့် အာဆင်နယ်အသင်းတို့ ကစားခဲ့သည့် ကွာရာဘောင်းဖလားဆီမီးဖိုင်နယ် ဒုတိယအကျော့ပွဲစဉ်တွင် တိုက်စစ်မှူးမာတင်နယ်လီ ကြွက်သားဒဏ်ရာ ရရှိခဲ့သောကြောင့် လာမည့်ပွဲစဉ်များကို လွဲချော်မည်ဖြစ်ကြောင်း အာဆင်နယ်အသင်းက ထုတ်ပြန်ခဲ့သည်။

မာတင်နယ်လီသည် အဆိုပါပွဲစဉ်တွင် အသင်းတိုက်စစ်ကို ဦးဆောင်လာခဲ့သော်လည်း ပွဲကစားချိန် ၃၇ မိနစ်အရောက်တွင် ဒဏ်ရာရရှိခဲ့သဖြင့် အသင်းဖော်ကစားသမားနဝမ်နာရီနှင့် လူစားလဲထွက်ခွာခဲ့ရပြီး လက်ရှိတွင် ဒဏ်ရာကို စစ်ဆေးမှုများ ပြုလုပ်ခဲ့ရာ ကြွက်သားဒဏ်ရာ ရရှိခဲ့သဖြင့် တစ်လခန့်အနားယူရမည်ဖြစ်သောကြောင့် အသင်း၏ ပွဲစဉ်ရှစ်ပွဲခန့်ထိ လွဲချော်မည်ဖြစ်သည်။

အသက် ၂၃ နှစ်ရှိတိုက်စစ်မှူးသည် ကြွက်သားဒဏ်ရာကြောင့် အနားယူနေရသည့် ဆာကာနှင့် အရွတ်ထိ ခိုက်ဒဏ်ရာကြောင့် အနားယူနေရသည့် တိုက်စစ်မှူးဂျီးဆပ်တို့ ပါဝင်နိုင်ခြင်းမရှိချိန်တွင် တိုက်စစ်ပိုင်းတွင် အဓိကကစားသမားအဖြစ် ပါဝင်ကစားနေရသော်လည်း ယခုအခါ ကြွက်သားဒဏ်ရာကြောင့် ဒဏ်ရာရကစားသမားစာရင်းတွင် ပါဝင်ခဲ့ပြီးလာမည့် ဖေဖော်ဝါရီ ၁၅ ရက်တွင်ကစားမည့် လက်စတာအသင်း၊ ဖေဖော်ဝါရီ ၂၂ ရက်တွင်ကစားမည့် ဝက်စ်ဟမ်းအသင်း၊ ဖေဖော်ဝါရီ ၂၇ ရက်တွင်ကစားမည့် နော်တင်ဟမ်အသင်း၊ မတ် ၉ ရက်တွင်ကစားမည့် မန်ယူအသင်း၊ မတ် ၁၆ ရက်တွင်ကစားမည့် ချဲလ်ဆီးအသင်း ပွဲစဉ်အပါအဝင် ချန်ပီယံလိဂ်ပွဲစဉ်နှစ်ပွဲကို လွဲချော်မည်ဖြစ်သည်။

လက်ရှိအာဆင်နယ်အသင်းတွင် တိုက်စစ်မှူး မာတင်နယ်လီ အပါအဝင် တိုက်စစ်မှူးဂျီးဆပ်၊ ခံစစ်ကစားသမား တိုမီယာဆု၊ ဘန်ဝိုက်၊ တောင်ပံကစားသမား ဆာကာတို့ ဒဏ်ရာပြဿနာကြောင့် ပါဝင်နိုင်ခြင်းမရှိသဖြင့် နည်းပြအာတီတာက လာမည့် ပွဲစဉ်များတွင် တိုက်စစ်ပိုင်းအတွက် ကိုင်ဟာဗက်၊ ထရိုဆာ့ဒ်၊ နဝမ်နာရီ သို့မဟုတ် စတားလင်းတို့ကို ပွဲထွက်ခွင့်ပေးရမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

Ref : 90min

Trs : ML





## အားကစားသတင်းအတိုအထွာများ

- ရီးရဲလ်မက်ဒရစ်အသင်းသည် ကာလရှည်အနားယူနေရသည့် မီလီတာအို၏နေရာတွင် အစားထိုးရန်အတွက် အာဆင်နယ်အသင်းကဆာလီယာကို လာမည့်နွေရာသီတွင် စံချိန်တင်ပြောင်းရွှေ့ကြေးဖြင့် ခေါ်ယူသွားမည်ဖြစ်ကြောင်းထုတ်ဖော်ပြောကြားခဲ့သည်။
- လီဗာပူးအသင်းက ပလိုင်းမောက်အသင်းကို တစ်ဂိုး ဂိုးမရှိဖြင့် ရှုံးနိမ့်ခဲ့သည့်ပွဲစဉ်တွင် ဒဏ်ရာမှပြန်လည်ကောင်းမွန်လာသည့် ခံစစ်ကစားသမား ဂိုမက်ဇ်အနေဖြင့် ပွဲချိန် ၁၁ မိနစ်တွင် ဒဏ်ရာထပ်မံရရှိခဲ့ပြီး ပြိုင်ပွဲမှထွက်ခွာခဲ့ရကြောင်း သိရသည်။

ML

# Royal-D Qualified Futsal Cup Mandalay 2025 ပြိုင်ပွဲ ဆီမီးဖိုင်နယ်အဆင့်ပွဲစဉ်များ ဆက်လက်ယှဉ်ပြိုင်ကစား





**မန္တလေး ဖေဖော်ဝါရီ ၉**

မန္တလေးတိုင်းဒေသကြီး သဲသောင်ပြင်နှင့် ဖူဆယ်ကော်မတီက ကြီးမှူးကျင်းပမည့် Royal-D Qualified Futsal Cup Mandalay 2025 ပြိုင်ပွဲ ဆီမီးအဆင့်ပွဲစဉ်များကို ယနေ့နံနက်ပိုင်းတွင် မန္တလေးမြို့ မန္တလာသီရိ အားကစားကွင်းရှိ Multipurpose Stadium တွင် ဆက်လက် ယှဉ်ပြိုင်ကစားခဲ့ကြကြောင်း သိရသည်။

Royal-D Qualified Futsal Cup Mandalay 2025 ပြိုင်ပွဲကို ပြိုင်ပွဲဝင်အသင်း ငါးသင်းပါ နှစ်အုပ်စု၊ လေးသင်းပါ ခြောက်အုပ်စု စုစုပေါင်းပြိုင်ပွဲဝင်အသင်း ၃၄ သင်းဖြင့် ဇန်နဝါရီ ၂၆ရက်မှစတင်ပြီး ကျင်းပနေခြင်းဖြစ်သည်။

Royal-D Qualified Futsal Cup Mandalay 2025 ပြိုင်ပွဲ ဆီမီးဖိုင်နယ်အဆင့် ပွဲစဉ်များအဖြစ် ယနေ့နံနက် ၈ နာရီက ခိုင်မြဲသစ္စာအသင်းနှင့်SK FC အသင်းတို့ကစားခဲ့ရာ SK FC အသင်းက ရှစ်ဂိုးလေးဂိုးဖြင့်အနိုင်ရရှိခဲ့ပြီး ဗိုလ်လုပွဲအဆင့်သို့တက်ရောက်နိုင်ခဲ့ကာ အဆိုပါပွဲစဉ်အတွက် အကောင်းဆုံးကစားသမားဆုကိုSK FCအသင်းမှ မျိုးကိုနိုင်က ဆွတ်ခူးနိုင်ခဲ့ခြင်းဖြစ်သည်။

အလားတူ နံနက် ၁၀ နာရီက Mali Kyal Sin အသင်းနှင့် Phoe-nix အသင်းတို့ကစားခဲ့ရာ Mali Kyal Sin အသင်းက နှစ်ဂိုး တစ်ဂိုးဖြင့်အနိုင်ရရှိခဲ့ပြီး ဗိုလ်လုပွဲအဆင့်တက်ရောက်နိုင်ခဲ့ကာ အဆိုပါပွဲစဉ်အတွက်အကောင်းဆုံးကစားသမားဆုကို Mali Kyal Sin အသင်းမှ သီဟကိုကိုက ဆွတ်ခူးနိုင်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ STA

# အက်ဖ်အေဖလားပွဲစဉ်တွင် ကွင်းလယ်ကစားသမား နစ်ဂိုးဂွန်ဇာလက်ဇ် ဒဏ်ရာရရှိခဲ့ဟုဆို

**မန်ချက်စတာ ဖေဖော်ဝါရီ ၉**

အက်ဖ်အေဖလားစတုတ္ထအဆင့် ပွဲစဉ်အဖြစ်ကစားခဲ့သည့် မန်စီးတီးအသင်းနှင့် လေတန်အသင်းတို့ ပွဲစဉ်တွင် ဇန်နဝါရီအပြောင်းအရွှေ့ကာလကခေါ်ယူထားသည့် ကွင်းလယ်ကစားသမား နစ်ကိုးဂွန်ဇာလက်ဇ်သည် ပွဲဦးထွက်တွင် ဒဏ်ရာရရှိခဲ့ကြောင်း မန်စီးတီးအသင်းက ထုတ်ပြန်ခဲ့သည်။

နစ်ကိုးဂွန်ဇာလက်ဇ်သည် ဇန်နဝါရီ အပြောင်းအရွှေ့ကာလက ပေါ်တိုအသင်းမှ မန်စီးတီးအသင်းသို့ ယူရိုသန်း ၆၀ ဖြင့်ပြောင်းရွှေ့ခဲ့ပြီးနောက် အသင်းမှ ကာလရှည် အနားယူနေရသည့် ရိုဒရီ၏နေရာတွင် ပါဝင်ကစားခဲ့ရသော်လည်း အသင်းနှင့် ပွဲဦးထွက်ပါဝင်ကစားခဲ့သည့် အက်ဖ်အေဖလားပြိုင်ပွဲတွင် လေတန်အသင်းကစားသမားပါကင်းနှင့် ထိခိုက်မိခဲ့ပြီးနံရိုးဒဏ်ရာရရှိခဲ့ကြောင်း သိရသည်။

လေတန်အသင်းနှင့် ပွဲစဉ်တွင် နစ်ကိုးဂွန်ဇာလက်ဇ်သည် ပွဲထွက်ကစားသမားအဖြစ် ပါဝင်ခွင့်ရခဲ့သော်လည်းပွဲကစားချိန် ၂၂ မိနစ်အရောက်တွင် နံရိုးထိခိုက်ခဲ့မှုကြောင့် အသင်းဖော်ကစားသမား ဘာနာဒိုဆေးဗားနှင့် လူစားလဲထွက်ခွာခဲ့ရပြီး အသင်း၏ဒဏ်ရာရကစားသမားစာရင်းတွင် ပါဝင်ခဲ့သည်။

လက်ရှိတွင် နစ်ကိုးဂွန်ဇာလက်ဇ်၏ဒဏ်ရာကိုလိုအပ်သည့် စစ်ဆေးမှုများပြုလုပ်နေသဖြင့် အတိအကျမသိရသေးသော်လည်း ဒဏ်ရာပြင်းထန်မည်ကို စိုးရိမ်နေကြောင်း နည်းပြဂွါဒီယာလာက ထုတ်ဖော်ပြောကြားခဲ့ပြီး လာမည့်ချန်ပီယံလိဂ် play-off ပွဲစဉ်တွင် ပါဝင်နိုင်ရန် သေချာမည်မဟုတ်ကြောင်း အတည်ပြုခဲ့သည်။

Ref : ESPN

Trs : ML





# အက်ဖ်အေဖလားစတုတ္ထအဆင့်တွင် ချဲလ်ဆီးအသင်း ရှုံးပွဲကြုံတွေ့ပြီး ပြိုင်ပွဲမှထွက်ခွာခဲ့ရ

**လန်ဒန် ဖေဖော်ဝါရီ ၉**

အက်ဖ်အေဖလား စတုတ္ထအဆင့်ပွဲစဉ်အဖြစ် ဘရိုက်တန်အသင်းနှင့် ချဲလ်ဆီးအသင်းတို့ ကစားခဲ့သည့် ပွဲစဉ်တွင် ဘရိုက်တန်အသင်းက ချဲလ်ဆီးအသင်းကို နှစ်ဂိုးတစ်ဂိုးဖြင့် အနိုင်ရခဲ့သဖြင့် ချဲလ်ဆီးအသင်း ရှုံးပွဲကြုံခဲ့ပြီးပြိုင်ပွဲမှ ထွက်ခွာခဲ့ရကြောင်း သိရသည်။

အဆိုပါပွဲစဉ်တွင် နောက်တစ်ဆင့်တက်ရောက်ရန် ကြိုးပမ်းလာသည့် ချဲလ်ဆီးအသင်းသည် ဘရိုက်တန်အသင်းကို ပွဲစကတည်းက ဖိအားပေးနိုင်ခဲ့သဖြင့် ပွဲကစားချိန် ငါးမိနစ်တွင် ဘရိုက်တန်ကစားသမားဘာဗက်ဂျန်၏ ကိုယ့်ဂိုးကို သွင်းယူမှုကြောင့် ဦးဆောင်ဂိုးရခဲ့ပြီးနောက် ဘရိုက်တန်အသင်းက ဆက်တိုက် ဖိအားပေးလာခဲ့ရာ ပွဲကစားချိန် ၁၂ မိနစ်အရောက်တွင် ဗယ့်မန်း၏ ဖန်တီးမှုမှ ရက်တာက ချေပဂိုးသွင်းယူနိုင်ခဲ့ပြီး ပထမပိုင်းတွင် သရေရလဒ်ထွက်ပေါ်ခဲ့သည်။

ဒုတိယပိုင်းတွင် ဘရိုက်တန်အသင်းက ခံစစ်ပိုင်းအပြောင်းအလဲပြုလုပ်၍ ပြိုင်ပွဲကိုထိန်းချုပ်ကစားရန်ကြိုးပမ်းလာသော်လည်း ချဲလ်ဆီးအသင်း၏ တိုက်စစ်ဆင်မှုများကြောင့် အခက်တွေ့ခဲ့ရပြီး ပွဲကစားချိန် ၅၇ မိနစ်အရောက်တွင် တန်ပြန်တိုက်စစ်မှ မီတိုမာကဦး ဆောင်ဂိုးသွင်းယူနိုင်ခဲ့ကာ လက်ကျန်ပွဲချိန်များတွင် ချဲလ်ဆီးအသင်း ဘောလုံးပိုင်ဆိုင်မှုအသာရခဲ့သော်လည်းထိရောက်သည့် ဂိုးပေါက်ကန်သွင်းမှုများပြုလုပ်နိုင်ခြင်းမရှိခဲ့သဖြင့် ဘရိုက်တန်အသင်းက နှစ်ဂိုးတစ်ဂိုးဖြင့် အနိုင်ရခဲ့ပြီး ပဉ္စမအဆင့်သို့ တက်ရောက်ခဲ့ခြင်းဖြစ်သည်။

စတုတ္ထအဆင့်ပွဲစဉ် များအပြီးတွင် မန်ယူအသင်းက လက်စတာအသင်းကို နှစ်ဂိုးတစ်ဂိုး၊လိဒ်အသင်းကိုမီဝေါလ်အသင်းက နှစ်ဂိုးဂိုးမရှိ၊ မန်စီးတီးအသင်းက လေတန်အသင်းကို နှစ်ဂိုးတစ်ဂိုး၊ အစ်ဝှစ်အသင်းက ကိုဗင်ထရီအသင်းကို လေးဂိုးတစ်ဂိုး၊ ဘုန်းမောက်အသင်းက အဲဗာတန်အသင်းကို နှစ်ဂိုးဂိုးမရှိ၊ ပရက်စတန်က ဝိုင်ကွမ်ဘီအသင်းကိုပင်နယ်တီအဆုံးအဖြတ်၊ ဘန်လေအသင်းက ဆောက်သမ်တန်အသင်းကို တစ်ဂိုးဂိုးမရှိ၊ စတုတ်အသင်းက ကာဒစ်ကို ပင်နယ်တီအဆုံးအဖြတ်၊ ဖူလ်ဟမ်အသင်းက ဝီဂန်အသင်းကို နှစ်ဂိုးတစ်ဂိုးဖြင့် အနိုင်ရခဲ့ပြီးနောက်တစ်ဆင့် တက်ရောက်ခဲ့ကြောင်း သိရသည်။

Ref : Fotmob

Trs : ML

# MFF U-15 Youth League 2024-2025 ပြိုင်ပွဲ

# တောင်ကြီးဇုန်နှင့် မန္တလေးဇုန် ပွဲစဉ်(၂)ပွဲစဉ်များ ဆက်လက်ယှဉ်ပြိုင်ကစား



**မန္တလေး ဖေဖော်ဝါရီ ၉**

ကမ္ဘာ့ဘောလုံးအဖွဲ့ချုပ်(ဖီဖာ)၏ လမ်းညွှန်မှုများဖြင့် မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်က ကြီးမှူးပြီး မျိုးဆက်သစ်လူငယ်အားကစား ကစားသမားများပေါ်ထွက်လာစေရန်ရည်ရွယ်ပြီး ကျင်းပလျက်ရှိနေသည့် MFF U-15 Youth League 2024-2025 ပြိုင်ပွဲ တောင်ကြီးဇုန်ပြိုင်ပွဲနှင့် မန္တလေးဇုန်ပြိုင်ပွဲ ပွဲစဉ်(၂) ပွဲစဉ်များကို ယနေ့ နံနက်ပိုင်းနှင့် မွန်းလွဲပိုင်းတို့တွင် ဆက်လက်ကျင်းပလျက်ရှိနေကြောင်း သိရသည်။

ကမ္ဘာ့ဘောလုံးအဖွဲ့ချုပ်(ဖီဖာ)၏ လမ်းညွှန်မှုများဖြင့် မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်က ကြီးမှူးပြီး မျိုးဆက်သစ်လူငယ်အားကစား ကစားသမားများပေါ်ထွက်စေရန် ရည်ရွယ်ပြီး ယခုနှစ်တွင် ရန်ကုန်ဇုန်ပြိုင်ပွဲ၊ မန္တလေးဇုန်ပြိုင်ပွဲနှင့် တောင်ကြီးဇုန် ပြိုင်ပွဲဟူပြီး ပြိုင်ပွဲသုံးခု ခွဲခြားကျင်းပနေခြင်း ဖြစ်သည်။

MFF U-15 Youth League 2024-2025 ပြိုင်ပွဲ တောင်ကြီးဇုန်ပြိုင်ပွဲ ပွဲစဉ်(၂)အဖြစ် ယနေ့နံနက်ပိုင်းက ရှမ်းပြည်နယ်(တောင်ပိုင်း) ရွှေညောင်မြို့နယ် အားကစားကွင်းတွင် Eastern Shan FC အသင်းနှင့် Shan Southern FCအသင်းတို့ကစားခဲ့ရာEastern Shan FCအသင်းက နှစ်ဂိုး ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သည်။

အလားတူ အဆိုပါပြိုင်ပွဲ ပွဲစဉ်(၂)အဖြစ် ယနေ့ညနေပိုင်းက မန္တလေးမြို့ အကယ်ဒမီလေ့ကျင့်ရေးကွင်း အမှတ်(၂)တွင် Youth Soccer အသင်းနှင့်Saging Unitedအသင်းတို့ကစားခဲ့ရာ Youth Soccer အသင်းက ခြောက်ဂိုး နှစ်ဂိုးဖြင့် အနိုင်ရရှိခဲ့ကြောင်း သိရသည်။

**STA**

# Abu Dhabi Open ပြိုင်ပွဲ ချန်ပီယံဆု

# ဆွစ်ဇာလန်တင်းနစ်မယ် ဘန်ဆစ် ဆွတ်ခူး

**အဘူဒါဘီ ဖေဖော်ဝါရီ ၉**

ယူအေအီးနိုင်ငံ အဘူဒါဘီမြို့တွင်ကျင်းပခဲ့သည့် Abu Dhabi Openတင်းနစ်ပြိုင်ပွဲ ဗိုလ်လုပွဲစဉ်တွင် ဆွစ်ဇာလန် တင်းနစ်မယ် ဘန်ဆစ်နှင့် အမေရိကန်တင်းနစ်မယ် ကရူဂါတို့ ယှဉ်ပြိုင်ကစားခဲ့ရာ ဘန်ဆစ်က (၄-၆ ၊ ၆-၁ ၊ ၆-၁) ရလဒ်ဖြင့်အနိုင်ရရှိကာ ချန်ပီယံဆုကို ဆွတ်ခူးခဲ့ကြောင်း ယနေ့တွင် ဖော်ပြခဲ့သည်။

ဘန်ဆစ်အနေဖြင့် ကလေးမွေးပြီးနောက်ပိုင်း ပထမဆုံးအကြိမ် ချန်ပီယံဆုအားဆွတ်ခူးနိုင်ခဲ့ခြင်းဖြစ်ပြီး ကလေးမွေးပြီးနောက် တင်းနစ်ပြန်ကစားခဲ့သည်မှာလည်း တစ်လကျော်ကာလသာရှိသေးသည်။

ဘန်ဆစ်သည် ဗိုလ်လုပွဲစဉ်တွင် ပထမပွဲငယ်၌ ရှုံးနိမ့်ခဲ့ရသော်လည်း နောက်မှလိုက်ကစားပြီး ပွဲငယ်နှစ်ပွဲဆက်တိုက် ပြန်လည်အနိုင်ရရှိကာ ချန်ပီယံဆုကို ဆွတ်ခူးနိုင်ခဲ့ခြင်းဖြစ်သည်။

ဘန်ဆစ်သည် ဆီမီးဖိုင်နယ်အဆင့်တွင်လည်း လက်ရှိချန်ပီယံဖြစ်သူကာဇက်စတန်တင်းနစ်မယ် ရိုင်ဘာကီနာကို အနိုင်ရခဲ့ခြင်းလည်းဖြစ်သည်။

ဘန်ဆစ်က "အရမ်းဝမ်းသာလွန်းလို့ ဘာပြောရမှန်းတောင် မသိတော့ဘူး။ ကလေးမွေးပြီး တင်းနစ်ပြန်ကစားတာ မကြာသေးတဲ့အခြေအနေမှာ ချန်ပီယံဆုကို ပထမဆုံး ဆွတ်ခူးခဲ့တယ်။ ကျွန်မရဲ့ကလေး ဘယ်လာကို မွေးပြီးနောက်ပိုင်း ကျွန်မအတွက် ကံကောင်းခြင်းတွေ ရောက်ရှိလာတယ်။ တင်းနစ်ပြန်ကစားတာ မကြာသေးတဲ့အတွက် အခုလိုမျိုးအချိန်တိုအတွင်း ဆုဖလားဆွတ်ခူးနိုင်လိမ့်မယ်လို့ မျှော်လင့်မထားပါဘူး။ မျှော်လင့်မထားတာတွေ ဖြစ်လာတော့ ပိုပြီးတော့ စိတ်လှုပ်ရှားမိတယ်"ဟု ပြောကြားခဲ့ကြောင်း သိရသည်။

**Ref : Xinhua**

**Trs : AZL**

# Vic Open ဂေါက်သီးရိုက်ပြိုင်ပွဲ ချန်ပီယံဆု နယူးဇီလန်ကစားသမားဂီအာရီ ဆွတ်ခူး

**ဗစ်တိုးရီးယား ဖေဖော်ဝါရီ ၉**

ဩစတြေးလျနိုင်ငံ ဗစ်တိုးရီးယားပြည်နယ်တွင် ကျင်းပခဲ့သော Vic Openဂေါက်သီးရိုက်ပြိုင်ပွဲတွင် နယူးဇီလန်ဂေါက်သီးရိုက် ကစားသမားဂီအာရီက စုစုပေါင်းသတ်မှတ်ရိုက်ချက်ထက် ၁၃ ချက်လျော့ရိုက်ကာ ချန်ပီယံဆုအား ဆွတ်ခူးခဲ့ကြောင်း ယနေ့တွင် ဖော်ပြခဲ့သည်။

ဩစတြေးလျ ဂေါက်သီးရိုက် ကစားသမားမက်ကင်နီကစုစုပေါင်းသတ်မှတ်ရိုက်ချက်ထက် ကိုးချက်လျော့ရိုက်ကာ အမှတ်ပေးဇယား၏ ဒုတိယနေရာတွင် ရပ်တည်နိုင်ခဲ့ပြီး နယူးဇီလန်ဂေါက်သီးရိုက်ကစားသမားများ ဖြစ်ကြသည့် မောင့်ကက်စတယ်၊ ဟန်ဒရိုင်းနှင့် ဩစတြေးလျဂေါက်သီးရိုက်ကစားသမား ဘာတစ္စတာတို့ကစုစုပေါင်းသတ်မှတ်ရိုက်ချက်ထက်ရှစ်ချက်စီလျော့ရိုက်ကာ အမှတ်ပေးဇယား၏ တတိယနေရာတွင် ပူးတွဲရပ်တည်နိုင်ခဲ့ကြသည်။

အိမ်ရှင်ဩစတြေးလျ ဂေါက်သီးရိုက်ကစားသမားအများစု ပါဝင်ယှဉ်ပြိုင်သည့် ပြိုင်ပွဲတစ်ရပ်ဖြစ်ပြီး အိမ်ရှင်ကစားသမားများအားကျော်ဖြတ်ကာ ဂီအာရီက ချန်ပီယံဆုကို ဆွတ်ခူးခဲ့ခြင်းဖြစ်သည်။

ဂီအာရီက "နောက်ဆုံးနေ့ဟာ ကစားရတာအရမ်းကိုခက်ခဲတဲ့နေ့ဖြစ်ခဲ့ပါတယ်။ လေတိုက်နှုန်းအရမ်းမြင့်မားခဲ့တဲ့အတွက် ကစားရတော်တော်လေးကို ခက်ခဲခဲ့တယ်။ ပြိုင်ပွဲဝင်လာတဲ့သက်တမ်းတစ်လျှောက် နောက်ဆုံးနေ့မှာ



ရင်ဆိုင်ခဲ့ရတဲ့ အခက်အခဲမျိုး တစ်ကြိမ်မှ မကြုံတွေ့ဖူးသေးဘူး။ အခက်အခဲကြားကနေ ချန်ပီယံဆုကိုဆွတ်ခူးနိုင်ခဲ့လို့ ဝမ်းသာဂုဏ်ယူပါတယ်။ ကျွန်တော့်ရဲ့ အိပ်မက်တွေ အမှန်တကယ်ဖြစ်လာပြီလို့လဲသတ်မှတ်နိုင်ပါတယ်" ဟုပြောကြားခဲ့ကြောင်း သိရသည်။

**Ref : RT**

**Trs : AZL**

# မြန်မာနေရှင်နယ်လိဂ်ပြိုင်ပွဲ ပွဲစဉ်(၁၉)၌

# ရခိုင်ယူနိုက်တက်အသင်း အနိုင်ရရှိ

**ရန်ကုန် ဖေဖော်ဝါရီ ၉**

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် မြန်မာနေရှင်နယ်လိဂ် ကော်မတီက ကြီးမှူးကျင်းပလျက်ရှိသည့် မြန်မာနေရှင်နယ်လိဂ်ပြိုင်ပွဲ ပွဲစဉ်(၁၉)အဖြစ် ယနေ့ညနေ ၄နာရီက ရန်ကုန်မြို့ သုဝဏ္ဏအားကစားကွင်းတွင် သစ္စာအားမာန်အသင်းနှင့် ရခိုင်ယူနိုက်တက် အသင်းတို့ကစားခဲ့ရာ ရခိုင်ယူနိုက်တက်အသင်းက သုံးဂိုးတစ်ဂိုးဖြင့်အနိုင်ရရှိခဲ့ကြောင်း သိရသည်။

အဆိုပါပွဲစဉ်၏ပထမပိုင်းတွင် နှစ်သင်းစလုံးအပြန်အလှန်ဖိအားပေးမှုများဖြင့် အကြိတ်အနယ်ရှိခဲ့ပြီး အပြန်အလှန်ဂိုးသွင်းခွင့်များ ရရှိခဲ့သော်လည်း အဆုံးသတ်ပိုင်းအားနည်းမှုများကြောင့် ဂိုးသွင်းယူနိုင်ခြင်းမရှိခဲ့ဘဲ ဂိုးမရှိသရေရလဒ်ထွက်ပေါ်ခဲ့သည်။

ထို့နောက် ဒုတိယပိုင်းပြန်လည်စတင်ချိန် ပွဲချိန် ၄၆ မိနစ်တွင်ပင် အောင်ထွန်းထွန်းက သစ္စာအားမာန်အသင်းအတွက် ဦးဆောင်ဂိုးသွင်းယူနိုင်ခဲ့သော်လည်း ပွဲချိန် ၆၄ မိနစ်၊၈၂မိနစ်နှင့်၈၈မိနစ်တို့တွင် Nvandoက ရခိုင်ယူနိုက်တက်အသင်းအတွက် ချေပဂိုးနှင့် အနိုင်ဂိုးများ သွင်းယူနိုင်ခဲ့သည့်အတွက် ပွဲပြီးဆုံးချိန်တွင် ရခိုင်ယူနိုက်တက်အသင်းက သစ္စာအားမာန်အသင်းကိုသုံးဂိုး တစ်ဂိုးဖြင့်အနိုင်ရရှိခဲ့ကာ အဆိုပါပွဲစဉ်အတွက် အကောင်းဆုံးကစားသမားဆုကို ရခိုင်ယူနိုက်တက်အသင်းနှင့်အတူ အကောင်းဆုံး ခြေစွမ်းပြသနိုင်ခဲ့ပြီး ချေပဂိုးနှင့် အနိုင်ဂိုးများသွင်းယူနိုင်ခဲ့သည့် Nvandoက ဆွတ်ခူးနိုင်ခဲ့ကြောင်း သိရသည်။

**STA**



# IBF၊ WBC၊ WBO စူပါမစ်ဒယ်ဝိတ်တန်းချန်ပီယံစိန်ခေါ်ပွဲတွင်

# ကာနယ်လိုက ဝီလီယံစကူနှင့်ထိုးသတ်ရန် သဘောတူညီချက်ရရှိ

**ရီယာ့ဒ် ဖေဖော်ဝါရီ ၉**

WBC၊ WBO စူပါမစ်ဒယ်ဝိတ်တန်းချန်ပီယံ မက္ကဆီကိုလက်ဝှေ့သမား ကာနယ်လိုသည် လက်ရှိချန်ပီယံ ကာကွယ်ပွဲစဉ်အဖြစ် စိန်ခေါ်သူIBF စူပါမစ်ဒယ်ဝိတ်တန်းကမ္ဘာ့ချန်ပီယံကျူးဘားလက်ဝှေ့သမား ဝီလီယံစကူနှင့် ထိုးသတ်သွားရန် သဘောတူညီချက်ရရှိခဲ့ပြီးဖြစ်ကြောင်း ယနေ့တွင် ထုတ်ပြန်ခဲ့သည်။

ကာနယ်လိုနှင့် ဝီလီယံစကူတို့၏ ကမ္ဘာ့ချန်ပီယံ စိန်ခေါ်ထိုးသတ်ပွဲအား မေ ၃ ရက်တွင် ဆော်ဒီနိုင်ငံရီယာ့ဒ်မြို့၌ ထိုးသတ်သွားမည်ဖြစ်သည်။

ကာနယ်လိုတို့ ပွဲစဉ်အား ဆော်ဒီနိုင်ငံGeneral Entertainment Authorityအဖွဲ့အစည်းက ဦးဆောင် ကျင်းပပေးသွားမည်ဖြစ်ပြီး၂၀၂၅ ခုနှစ်၏အကောင်းဆုံးစိန်ခေါ်ပွဲတစ်ပွဲ ဖြစ်လာနိုင်သည်။

ဝီလီယံစကူသည် ရှုံးပွဲမရှိသေးသည့်လက်ဝှေ့သမားတစ်ဦးဖြစ်ပြီး ကာနယ်လို၏ ကမ္ဘာ့ချန်ပီယံခါးပတ်များအား ခြိမ်းခြောက်နိုင်ဆုံးသော လက်ဝှေ့သမားအဖြစ်လည်း သတ်မှတ်ခံထားရသည်။

ကာနယ်လိုသည် ဝီလီယံစကူနှင့် ထိုးသတ်သွားရန် သဘောတူညီချက်မရမီနာမည်ကြီးYouTube Star ဖြစ်သူ ဂျိတ်ပေါလ်နှင့် ထိုးသတ်သွားဖွယ် ရှိနေကြောင်းလည်း သတင်းများ ထွက်ပေါ်ခဲ့သော်လည်း ကာနယ်လိုက ပရော်ဖက်ရှင်နယ်လက်ဝှေ့သမားကောင်းမျိုးနှင့်သာ ထိုးသတ်သွားလိုကြောင်း ဂျိတ်ပေါလ်နှင့် ပတ်သက်ပြီး ထွက်ပေါ်နေသည့်သတင်းများကိုတုံ့ပြန်ခဲ့သည်။

ကာနယ်လိုက "လက်ဝှေ့လောက က တကယ့်ဖိုက်တာတွေနဲ့ပဲ ထိုးသတ်သွားချင်တယ်။ ဒါကြောင့်လဲ ဝီလီယံနဲ့ထိုးသတ်သွားဖို့လက်ခံခဲ့တာပါ။ ကျွန်တော့်အတွက် ပြိုင်ဘက်ကင်းကမ္ဘာ့ချန်ပီယံဆုကအရေးကြီးတယ်"ဟု ပြောကြားခဲ့ကြောင်း သိရသည်။

ဝီလီယံစကူက "ကာနယ်လိုနဲ့ ထိုးသတ်သွားချင်တဲ့ ဖိုက်တာတွေအများကြီးပါ။ အဲ့ဒီထဲမှာ ကျွန်တော်လဲပါတယ်။ အခုလို အခွင့်အရေးရလာလို့ ဝမ်းသာမိပါတယ်" ဟု ပြောကြားခဲ့ကြောင်း သိရသည်။

**Ref : RT**

**Trs : AZL**

ညွန့်ဝင်း(နတ်တလင်း)

# တစ်ရောင်တည်းပါ

ကျွန်တော် အလယ်တန်း ကျောင်းသားဘဝက သင်ခဲ့ရသည့် သိပ္ပံသင်ခန်းစာတစ်ခုကို ယခုထိ မှတ်မိနေသည်။ သင်ကြားသည့် ဆရာကလည်း စိတ်ရှည်လက်ရှည်ဖြင့် လက်တွေ့စမ်းသပ်မှုပါ ပြုလုပ်ပြပြီး သင်ကြားပေးသည်။ စိတ်ဝင်စားစရာ အလွန်ကောင်း၍ ကျောင်းသားအားလုံး စိတ်ပါလက်ပါ သင်ယူကြသည်။ ဆရာကိုယ်တိုင် လက်တွေ့ပြုလုပ်ပြပြီးသည့်အခါ ကျွန်တော်တို့ကိုယ်တိုင် လက်တွေ့လုပ်ရသည်။ ၎င်းမှာ တွေ့မြင်နေကျ အရာတစ်ခုတွင်ရှိနေသော အံ့သြစရာ လျှို့ဝှက်ချက်တစ်ခုကို ဖော်ထုတ်ပြခြင်းဖြစ်သည်။ ကောင်းကင်တွင် လူတိုင်းတွေ့မြင်ဖူးသည့် သက်တံရောင်စဉ်များ၏ လျှို့ဝှက်ချက်ကို ဖော်ထုတ်သည့် စမ်းသပ်ချက်ပင်ဖြစ်သည်။

သက်တံကို အများအားဖြင့် မိုးတွင်းကာလများတွင် အတွေ့ရများသည်။ ကောင်းကင်တွင် လေးကိုင်းသဏ္ဌာန်ညွှတ်ကွေး၍ ရောင်စဉ်များဖြင့် လှပစွာ ဖွဲ့စည်းထားသဖြင့် ကြည့်ရှုရသည်မှာ မျက်စိပသာဒ အလွန်လှပပေသည်။ တစ်စုံတစ်ယောက်သည် ကောင်းကင်တွင် သက်တံကို မြင်တွေ့ပါက အပေါင်းအသင်းများကို ခေါ်ပြရသည်မှာလည်း အလုပ်တစ်ခုပင်ဖြစ်သည်။ အပေါင်းအသင်းသူငယ်ချင်းများကလည်း သက်တံဆိုလျှင် မော့မကြည့်ချင်သူ မရှိ။ဆေးရောင်စုံသဘာဝပန်းချီကားချပ်တစ်ခုဟု ဆိုနိုင်သည့် ၎င်းသက်တံရောင်စုံကို ကလေးတိုင်း မက်မက်မောမော ကြည့်ရှုကြသည်။ သက်တံရောင်စဉ် အလှများက ကလေးများကို ညှို့ယူဖမ်းစားထားသည်။ ထိုသို့ညှို့ယူဖမ်းစားနိုင်ရန် သက်တံတွင် လှလှပပ ပါဝင်ဖွဲ့စည်းထားသော ရောင်စဉ်ခုနစ်မျိုးရှိသည်။ ၎င်းရောင်စဉ်ခုနစ်မျိုးမှာ ခရမ်းရောင်၊ မဲနယ်ရောင်၊ အပြာရောင်၊ အစိမ်းရောင်၊ အဝါရောင်၊ လိမ္မော်ရောင်၊ အနီရောင်တို့ပင်တည်း။ ၎င်းရောင်စဉ်ခုနစ်မျိုးဖြင့် လှပသော သက်တံကြီးဖြစ်လာစေရန် သဘာဝပန်းချီဆရာကမည်သို့ ဆေးခြယ်ထားသနည်း။ ဆရာက လေယူလေသိမ်းအဖိအဖော့အမျိုးမျိုးဖြင့် စိတ်ဝင်စားစေရန် ပြောပြခဲ့သည်။

သက်တံဖြစ်လာရန် သေးငယ်သော မိုးရေအမှုန်အမွှားကလေးများနှင့် နေရောင်ခြည်များ လိုအပ်သည်။ ၎င်းသေးငယ်သော မိုးရေအမှုန်အမွှားကလေးများ ကောင်းကင်၌ ပြန့်ကျဲနေချိန်တွင် နေရောင်ခြည် ဆလိုက်က ထိုးလိုက်သည့်အခါ ကြည့်ရှု၍ မဝနိုင်အောင် လှပသည့် ခုနစ်ရောင်ခြယ် သက်တံကြီးကို ကွေးကွေးကြီး မြင်ရပါသည်။ သက်တံတွင် အရောင်ခုနစ်ရောင် ထွက်ပေါ်လာစေရန် နေမင်းကြီးက အရောင်ခုနစ်မျိုးဖြင့် ဆလိုက်ထိုးလိုက်လေသလော။ ကျွန်တော်တို့ စဉ်းစားကြည့်ကြရန် ဆရာက လမ်းဖွင့်ပေးခဲ့သည်။ စဉ်းစားကြသည့်အခါ နေမင်းမှလာသော အလင်းရောင်သည် ရောင်စဉ်ခုနစ်မျိုးမဟုတ်။ ဖြူဖွေးသော အလင်းရောင်တစ်မျိုးတည်းပင်ဖြစ်သည်။ သို့ဆိုလျှင် အဘယ်ကြောင့် သက်တံတွင် ရောင်စဉ်ခုနစ်မျိုးထင်လာရသနည်း။ စဉ်းစားခဲ့ကြဟုဆို၍ သင်ခန်းစာကို ဆရာက ရပ်နားခဲ့ပြီး နောက်တစ်နေ့ကျမှ ဆက်လက် အဖြေထုတ်ကြမည်ဟုဆိုလျက် စိတ်ဝင်စားမှုအရှိန်ကို မြှင့်ပေးခဲ့သည်။

ကျွန်တော် အိမ်မှာ အထပ်အခါခါ စဉ်းစားသည်။ သက်တံမှာ ဘာကြောင့် ခုနစ်ရောင်ဖြစ်နေရသနည်း။ အဖြေကို စဉ်းစားမရ။ သူငယ်ချင်းများလည်း ကျွန်တော့်နည်းတူ စဉ်းစားကြလိမ့်မည်ကို သိနေသည်။ နောက်တစ်နေ့ ကျောင်းတက်ချိန်တွင် သူငယ်ချင်းများဆုံတွေ့ချိန်၌ သက်တံအကြောင်း စဉ်းစားရသလားဟု အချင်းချင်း အပြန်အလှန်မေးကြသည်။ အဖြေရသူမရှိ။ ထို့ကြောင့် ဆရာသိပ္ပံသင်ခန်းစာဆက်လက်သင်မည့် အချိန်ကို စောင့်ရပါသည်။ ဆရာရောက်လာချိန်တွင် အဖြေစဉ်းစားရသူ ဘယ်သူရှိသလဲဟု မေးသည့်အခါ မည်သူမျှ မဖြေနိုင်ကြပါ။ ထိုအခါ ဆရာက ဆပ်ပြာပူဖောင်း မှုတ်ဖူးသလားဟု မေးသည်။ ဆပ်ပြာပူဖောင်းမှုတ်၍ ကျွန်တော်တို့ ဆော့ကစားဖူးရာ မှုတ်ဖူးပါသည်ဟု ဝိုင်းဖြေကြသည်။ ထိုဆပ်ပြာပူဖောင်းတွင် ဘာရောင်တွေ တွေ့ရသနည်း။ ဘာနှင့် တူသနည်းဟု ဆရာက ဆက်မေးသည်။ အရောင်စုံတွေ့ရပါတယ်၊ သက်တံရောင်တွေနှင့် ခပ်ဆင်ဆင်တူပါတယ်ဟု အားလုံးဖြေကြသည်။ ဆပ်ပြာပူဖောင်းက ဘာပုံသဏ္ဌာန်ရှိသလဲဟု ဆရာက မေးသည့်အခါ စက်ဝိုင်းပုံသဏ္ဌာန်ရှိကြောင်း ဖြေကြသည်။ ဆပ်ပြာပူဖောင်းသည် အဖြူရောင်သာ ဖြစ်ကြောင်း၊ နေရောင်ထိုးလိုက်သဖြင့် ရောင်စဉ်များ ဖြစ်ပေါ်လာရကြောင်း ဆရာက ရှင်းပြသည်။ ထို့နောက် တို့ကမ္ဘာကလည်း လုံးဝိုင်းတယ်လို့ သင်ရတယ် မဟုတ်လားဟု ဆရာက မေးပြီး ကမ္ဘာထဲက ရေမှုန်ရေမွှားလေးများထံ နေရောင်ခြည်ကျရောက်သည့်အခါ ဆပ်ပြာပူဖောင်းနည်းတူ ရောင်စဉ်များဖြစ်လာရကြောင်း ရှင်းပြခဲ့သည်။ သို့သော် သင်ခန်းစာသည် ဤတွင် အဆုံးမသတ်သေးချေ။ ရောင်စဉ်ခုနစ်မျိုးသည် နေ၏ အလင်းရောင်အဖြူတစ်မျိုးတည်းမှ ဖြစ်လာသည်ကို မည်သို့ ဖော်ထုတ်ကြမည်နည်း။ ဖော်ထုတ်နည်းကို စဉ်းစားခဲ့ကြဟု မှာကြားလျက် ထိုနေ့သင်ခန်းစာကို ဆရာကရပ်နားခဲ့သည်။

နောက်တစ်နေ့သိပ္ပံချိန်တွင် ဆရာက ကျွန်တော်တို့ကို သက်တံရောင်စဉ်ခုနစ်မျိုး၏ မူလရင်းမြစ်အရောင်သည် နေ၏ အလင်းရောင်အဖြူတစ်မျိုးတည်းဖြစ်ကြောင်း စမ်းသပ်ပြသည်။ ရှေးဦးစွာ စက္ကူကို စက်ဝိုင်းပုံသဏ္ဌာန် ညှပ်၍ စက်ဝိုင်းပေါ်တွင် သက်တံရောင်စဉ်ခုနစ်မျိုးရစေရန် ရောင်စုံခဲတံဖြင့် ခြယ်သည်။ ထို့နောက် ကတ္တူစက္ကူ အထူတွင် ကပ်ပြီး စက်ဝိုင်းဗဟို၌ အပေါက်ဖောက်ပြီး ဝင်ရိုးအဖြစ်တုတ်ချောင်းငယ်တစ်ခုကို တပ်၍ စက်ဝိုင်းကို မွှတ်နေအောင်လည်သည်ထိ အရှိန်ယူလှည့်ပြလိုက်သည်။ စက်ဝိုင်းပေါ်က အရောင်တွေကို ကြည့်ပါ၊ ယခု ဘာရောင်မြင်ရသလဲဟု မေးသည့်အခါ အဖြူရောင်တစ်မျိုးတည်း မြင်ရကြောင်း ကျွန်တော်တို့ ဝိုင်းဖြေကြသည်။ ထိုအခါ ဆရာက သက်တံပေါ်တွင် ရောင်စဉ်ခုနစ်မျိုး မြင်ရသော်လည်း ၎င်းရောင်စဉ်များ၏ မူလအရင်းခံအရောင်သည် နေ၏ အလင်းရောင်အဖြူတစ်မျိုးတည်းဖြစ်နေသည်မှာလည်း ဤသဘောပင်ဖြစ်ကြောင်း ရှင်းပြခဲ့သည်။ ကျွန်တော်တို့ အလွန်သိချင်နေသည့် သက်တံရောင်စဉ်ခုနစ်မျိုးနှင့် နေရောင်တို့၏ လျှို့ဝှက်ချက်ကို သိရသဖြင့် ပျော်ရွှင်ကြည်နူးခဲ့ရသည်။

သက်တံအကြောင်း စိတ်ဝင်စားဖွယ်သင်ခဲ့ရသော်လည်း သက်တံ၏ ရောင်စဉ်ခုနစ်မျိုး စမ်းသပ်ချက်နှင့် ဆက်စပ်နေသည့် အခြားအတွေးများကို ငယ်စဉ်က ဆက်မတွေးတတ်ခဲ့ချေ။ လူကြီးတစ်ယောက်ဖြစ်လာချိန်တွင်ကား ၎င်းသဘောတရားနှင့် ဆက်စပ်သည့် အကြောင်းအရာများကို တွေးမိသည်။

**❖ သက်တံတွင် ရောင်စဉ်ခုနစ်မျိုးဖြင့် ပေါင်းစည်းထားသကဲ့သို့ ကျွန်တော်တို့ ပြည်ထောင်စုမြန်မာနိုင်ငံသည် ကချင်၊ ကယား၊ ကရင်၊ ချင်း၊ ဗမာ၊ မွန်၊ ရခိုင်၊ ရှမ်းဟူသော တိုင်းရင်းသားပေါင်းစုံဖြင့် ဖွဲ့စည်းထားသော ပြည်ထောင်စုကြီးဖြစ်သည်။ သက်တံရောင်စဉ်များ၏ မူလအရောင်ကို စဉ်းစားသကဲ့သို့ တိုင်းရင်းသားပေါင်းစုံတို့၏ မူလဇာစ်မြစ်ကို စဉ်းစားကြည့်လျှင် အားလုံးသည် ပြည်ထောင်စုမြန်မာနိုင်ငံတော်ဟူသော တစ်ပြည်ထောင်တွင်း စုစည်းနေထိုင်ခဲ့ကြသူများဖြစ်ကြောင်း တွေ့နိုင်သည်။ ❖**

သက်တံတွင် ရောင်စဉ်ခုနစ်မျိုးဖြင့် ပေါင်းစည်းထားသကဲ့သို့ ကျွန်တော်တို့ ပြည်ထောင်စုမြန်မာနိုင်ငံသည် ကချင်၊ ကယား၊ ကရင်၊ ချင်း၊ ဗမာ၊ မွန်၊ ရခိုင်၊ ရှမ်းဟူသော တိုင်းရင်းသားပေါင်းစုံဖြင့် ဖွဲ့စည်းထားသော ပြည်ထောင်စုကြီးဖြစ်သည်။ သက်တံရောင်စဉ်များ၏ မူလအရောင်ကို စဉ်းစားသကဲ့သို့ တိုင်းရင်းသားပေါင်းစုံတို့၏ မူလဇာစ်မြစ်ကို စဉ်းစားကြည့်လျှင် အားလုံးသည် ပြည်ထောင်စု မြန်မာနိုင်ငံဟူသော တစ်ပြည်ထောင်တွင်း စုစည်းနေထိုင်ခဲ့ကြသူများဖြစ်ကြောင်း တွေ့နိုင်သည်။ သမိုင်းအစဉ်အဆက် ပြန်ကြည့်လျှင် တိုင်းရင်းသားအားလုံး စည်းလုံးညီညွတ်ကြချိန်တွင် ကိုယ့်ထီးကိုယ့်နန်း ကိုယ့်ကြငှန်းနှင့် တင့်တယ်ဝင့်ထည်စွာနေထိုင်နိုင်ခဲ့ကြသော်လည်း တိုင်းရင်းသားစည်းလုံးညီညွတ်မှု ပြိုကွဲလာချိန်ဝယ် နယ်ချဲ့တို့၏ ကျူးကျော်နယ်ချဲ့သိမ်းပိုက်ခြင်းကို ခံခဲ့ရသည်။ နယ်ချဲ့တို့သည် ကျွန်သက်ရှည်စွာ အုပ်ချုပ်နိုင်ရန်အတွက် တောင်ပေါ်မြေပြန့် သွေးခွဲအုပ်ချုပ်ရေးကို အကွက်ချစီစဉ် အကောင်အထည်ဖော်ခဲ့သည်။

နယ်ချဲ့လက်အောက်တွင် နှစ်ပေါင်း ၁၀၀ ကျော်သူ့ကျွန်ဖြစ်ခဲ့ရပြီး တိုင်းရင်းသားစည်းလုံးညီညွတ်မှုကို ထိထိရောက်ရောက် ပြန်လည်အကောင်အထည်ဖော်နိုင်ခဲ့ချိန်တွင် လွတ်လပ်ရေးကြီးကို ပြန်လည်ရရှိခဲ့သည်။ ၁၉၄၇ ခုနှစ် ဖေဖော်ဝါရီ ၁၂ ရက်တွင် ရှမ်းပြည်တောင်ပိုင်း ပင်လုံမြို့၌ ချုပ်ဆိုခဲ့သော တိုင်းရင်းသားခေါင်းဆောင်ကြီးများ စုပေါင်းလက်မှတ်ရေးထိုးခဲ့သည့် ပင်လုံစာချုပ်ကြီးက သက်သေပင် ဖြစ်သည်။

ထို့ကြောင့် ယနေ့ချိန်တွင် စစ်မှန်၍ စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး ကျွန်တော်တို့ တိုင်းရင်းသားအားလုံး စိတ်ဝမ်းမကွဲဘဲ တစ်စည်းတစ်လုံးတည်း ချီတက်သင့်ကြပေသည်။ နယ်မြေဒေသနှင့် လူမျိုးအမည် မည်သို့ပင် ကွဲပြားစေကာမူ အားလုံးသည် ပြည်ထောင်စုမြန်မာနိုင်ငံတော်ဟူသော တစ်ပြည်ထောင်အတွင်း မှီတင်းနေထိုင်ကြသူများ ဖြစ်သည်။ သည်မြေမှာ အတူနေ၍ သည်ရေကို အတူသောက်ကြသော ဆွေရင်းမျိုးချာ မိသားစုကြီးပင်ဖြစ်သည်။ သမိုင်းအစဉ်အဆက် သွေးစည်းညီညွတ်စွာ နေထိုင်ခဲ့ကြသော ပြည်ထောင်စု မြန်မာနိုင်ငံသား သွေးရင်းညီအစ်ကိုမောင်နှမများဖြစ်သဖြင့် မည်သို့သော အကြောင်းနှင့်မျှ စည်းလုံးမှု မပြိုကွဲသင့်ပေ။ တစ်ချိန်က စည်းလုံးညီညွတ်မှု ပြိုကွဲခဲ့၍ နွားကွဲချိန် ကျားဆွဲခံခဲ့ရသည်ကို မမေ့မပျောက်ဘဲ သမိုင်းသင်ခန်းစာကောင်းကောင်း ယူသင့်ပေသည်။ ပြည်ထောင်စုမြန်မာနိုင်ငံအတွင်း မှီတင်းနေထိုင်ကြသော တိုင်းရင်းသားအားလုံး စည်းစည်းလုံးလုံး၊ ညီညီညွတ်ညွတ်ရှိနေလျှင် မည်သို့သော အခက်အခဲမျိုးကိုမဆို ရင်ဆိုင်ကျော်လွှားနိုင်လျက် အောင်ပွဲရမည်မှာ အမှန်ပင်ဖြစ်သည်။ သို့ဖြစ်၍ သက်တံရောင်စဉ်များ မည်မျှပင် ကွဲပြားနေပါစေ၊ အားလုံးစုပေါင်းလိုက်လျှင် တစ်ရောင်တည်းသာ ဖြစ်သည်ဟူသော အတွေးမှန်၊ အမြင်မှန်ဖြင့် ဥမကွဲသိုက်မပျက် စည်းလုံးညီညွတ်စွာ နေထိုင်ကြပါစို့ဟု တိုက်တွန်းရေးသားလိုက်ရပေသည်။

## ၂၀၂၅ ခုနှစ် ၇၈ နှစ်မြောက် ပြည်ထောင်စုနေ့ အထိမ်းအမှတ် ပြည်ထောင်စုအဆင့် MSME ထုတ်ကုန်ပြပွဲပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနား တိုက်ရိုက်ထုတ်လွှင့်မည်

၂၀၂၅ ခုနှစ် ၇၈ နှစ်မြောက် ပြည်ထောင်စုနေ့အထိမ်းအမှတ် ပြည်ထောင်စုအဆင့် MSME ထုတ်ကုန်ပြပွဲ၊ ပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို ဖေဖော်ဝါရီ ၁၀ ရက်**(ယနေ့)** နံနက် ၈ နာရီတွင် နေပြည်တော် ဥပ္ပါတသန္တိစေတီတော်တောင်ဘက်တွင်ရှိသည့် တပေါင်းကွင်း၌ စည်ကားသိုက်မြိုက်စွာကျင်းပသွားမည်ဖြစ်သည်။

အဆိုပါဖွင့်ပွဲအခမ်းအနားကို ယင်းနေ့နံနက် ၈ နာရီမှစတင်ပြီး MRTV-HD၊ MRTV Farmers'၊ MRTV Sports နှင့် MRTV Parliament Channel၊ MWD-HD Channel၊ MWD Variety-HD Channel တို့မှလည်းကောင်း၊ မြန်မာ့အသံရေဒီယို၊ သဇင် FM၊ Star FMနှင့် MOI Website၊ MOI Youtube၊ MRTV Website၊ MRTV App; Radio App အပါအဝင် Online Media တို့မှ တိုက်ရိုက် (Live)ထုတ်လွှင့်ပြသသွားမည်ဖြစ်ကြောင်း မိဘပြည်သူများအား ကြိုတင်အသိပေးအပ်ပါသည်။

## ပျိုးဥယျာဉ် ဇာတ်လမ်းတွဲကို Mahar Application မှ လာမည့်မတ်လ ပထမပတ်အတွင်း ထုတ်လွှင့်သွားမည်




**ရန်ကုန် ဖေဖော်ဝါရီ ၉**

Mahar Application ၏ Orginal Series ဖြစ်သည့် ပျိုးဥယျာဉ် ဇာတ်လမ်းတွဲကို Mahar Application မှ လာမည့်မတ်လ ပထမပတ်အတွင်း ထုတ်လွှင့်ပြသသွားမည်ဖြစ်ကြောင်း သရုပ်ဆောင် ဆောင်းဝတ်ရည်မေက ပြောပြ၍ သိရသည်။

ပျိုးဥယျာဉ် ဇာတ်လမ်းတွဲ၏ ဝတ္ထုဇာတ်လမ်းနှင့် ဇာတ်ညွှန်းကို မယ်ခိုင်က ရေးသားထားပြီး ဖေယျုတုက ဇာတ်ညွှန်းကို မွမ်းမံထားကာ Bo Bo Film Production အတွက် လက်ထောက်ဒါရိုက်တာ ဝင်းမြင့်ဦးနှင့် ဒါရိုက်တာ နေသူရိန်တို့က တာဝန်ယူရိုက်ကူးထားကြောင်း သိရသည်။

"ဒီဇာတ်လမ်းတွဲလေးမှာ ယွန်းဆိုတဲ့ ကျောင်းသူလေးနေရာကနေ သရုပ်ဆောင်ထားပါတယ်။ ဒီဇာတ်လမ်းတွဲကို လာကမ်းလှမ်းကတည်းက ပြန်မရနိုင်တော့တဲ့ ငယ်ဘဝကို ခဏပြန်ရောက်တော့မယ်ဆိုတဲ့ခံစားချက်လေးနဲ့ လက်ခံလိုက်ပါတယ်။ ဒီဇာတ်လမ်းတွဲမှာ မကြာမကြာဆုံနေရတဲ့ ဦးရန်လေး၊ အန်တီမေသန်းနုတို့နဲ့ ပြန်တွေ့ရတော့ သရုပ်ဆောင်ရတဲ့အပိုင်းမှာ ပိုပြီးအဆင်ပြေပါတယ်။ ဒီဇာတ်လမ်းတွဲလေး ပြသတဲ့အခါ အားပေးကြပါအုံးလို့ ပရိသတ်ကို ဖိတ်ခေါ်ချင်ပါတယ်။ Mahar နဲ့ လက်တွဲလာတာကတာ ဒီဇာတ်လမ်းတွဲနဲ့ဆို သုံးကားမြောက်ဖြစ်ပါတယ်"ဟု သရုပ်ဆောင် ဆောင်းဝတ်ရည်မေက ပြောပြသည်။

ပျိုးဥယျာဉ် ဇာတ်လမ်းတွဲတွင် သရုပ်ဆောင် ရန်အောင်၊ မင်းဘုန်းမြတ်၊ တေဇလင်းရောင်၊ မင်းတော်ဝင်၊ မျိုးကိုကျော်၊ ရဲရင့်စည်သူ၊ အောင်လွင်မိုး၊ ဒီပါကျော်၊ ပြည့်ညီမ်းဟန်၊ မေသန်းနု၊ ဆောင်းဝတ်ရည်မေ၊ သံသာညီ၊ ခြူးစစ်ဟန်၊ ယွန်းဝင့်လွှာအောင်၊ ဟန်နီဇော်၊ တာတာ၊ ပြည့်ပြည့်ဘုန်းမြတ်၊ ဖူးဖူးနန်းတော်နှင့် အခြားအနုပညာရှင်များ ပါဝင်သရုပ်ဆောင်ထားကြောင်း သိရသည်။ ASH

## The Death of Robin Hood ၌ မင်းသား ဘီစကားဂါ့လည်း ပါဝင်

**နယူးယောက် ဖေဖော်ဝါရီ ၉**

A 24 ရုပ်ရှင်ကုမ္ပဏီ၏ The Death of Robin Hood ဇာတ်ကား၌ Nosperatu မင်းသား ဘီစကားဂါ့လည်း ပါဝင်သရုပ်ဆောင်မည်ဖြစ်ကြောင်း ဖေဖော်ဝါရီ ၈ ရက် သတင်းများအရ သိရသည်။

The Death of Robin Hood ဇာတ်ကားတွင် မင်းသား ဘီစကားဂါ့သည် မင်းသား ဟက်ဂျက်မင်းနှင့်အတူ သရုပ်ဆောင်ရမည်ဖြစ်ကြောင်း သိရသည်။

The Death of Robin Hood ဇာတ်ကားကို ဒါရိုက်တာ မိုက်ကယ်ဆာနိုစကီးက တာဝန်ယူ ရိုက်ကူးမည်ဖြစ်ကြောင်း သိရသည်။

The Death of Robin Hood ဇာတ်ကားတွင် ဒဏ္ဍာရီဆန်သည့် အင်္ဂလိပ်တောပုန်းကြီး ရော်ဘင်ဟု၏ဘဝကို ရှုထောင့်တစ်မျိုးဖြင့် ရိုက်ကူးမည် ဖြစ်ကြောင်း သိရသည်။

The Death of Robin Hood ဇာတ်ကားကို ယခုသီတင်းပတ်အတွင်း အိုင်ယာလန်နိုင်ငံ၌ စတင်ရိုက်ကူးမည် ဖြစ်ကြောင်း သိရသည်။

လက်ရှိတွင် The Death of Robin Hood ဇာတ်ကားရုံတင်ပြသမည့်ရက်ကို A 24 ရုပ်ရှင်ကုမ္ပဏီက ကြေညာခြင်းမရှိသေးကြောင်း သိရသည်။

**Ref : Sputnik News**

**Trs : KKO**



## ရှယ်ပျော် ဟာသဇာတ်မြူး ရုပ်ရှင်ဇာတ်ကားကို ဖေဖော်ဝါရီ ၁၄ ရက်တွင် ရုံတင်မည်ဖြစ်

**ရန်ကုန် ဖေဖော်ဝါရီ ၉**

ခေတ်သစ်အရဏ်ဦး ရုပ်ရှင်ထုတ်လုပ်ရေးက ရိုက်ကူးထုတ်လုပ်သည့် ရှယ်ပျော် ဟာသဇာတ်မြူး ရုပ်ရှင်ဇာတ်ကားကို ဖေဖော်ဝါရီ ၁၄ ရက်တွင် မြန်မာနိုင်ငံတစ်ဝန်းရှိ ရုပ်ရှင်ရုံများ၌ ရုံတင်ပြသမည်ဖြစ်ကြောင်း ဒါရိုက်တာ ကိုဇော်(အရဏ်ဦး)က ပြောပြ၍ သိရသည်။

ရှယ်ပျော် ရုပ်ရှင်ဇာတ်ကား၏ ဝတ္ထုဇာတ်လမ်းနှင့် ဇာတ်ညွှန်းကို ရန်နိုင်ထွန်း၊ မောင်သစ္စာနှင့် သားမြင့်ရွှေတို့က ရေးသားထားပြီး ရိုက်ကွင်းဇာတ်ညွှန်းကို ညာလက်တော်နှင့် မင်းကိုစိုး(နတ်သံကွင်း)က ရေးသားကာ ခေတ်သစ်အရဏ်ဦး ရုပ်ရှင် ထုတ်လုပ်ရေးအတွက် ဒါရိုက်တာ ကိုဇော်(အရဏ်ဦး)က တာဝန်ယူ ရိုက်ကူးထားကြောင်း သိရသည်။




"ဇာတ်ကားကတော့ ဟာသဇာတ်မြူးလေးပါပဲ။ တစ်ခါတစ်လေတော့လဲ ဒရာမာတွေမဟုတ်တဲ့ ဟာသဇာတ်မြူးကလဲ ဒရာမာလို ရသမျိုးပေးနိုင်တယ်ဆိုတာမျိုး ပြချင်တာပါ။ တကယ်ချစ်ပေးတတ်တဲ့သူနဲ့ အချစ်ခံရတာကို သဘောကျတဲ့သူ ထိပ်တိုက်တိုးရင် အချစ်ဆိုတာ ဒရာမာမပါဘဲ ရှယ်ပျော်ရတာပါပဲ။ ဘယ်လိုရှယ်ပျော်ကြမလဲသိရဖို့ ရုံတင်ရင် ရှုစားပေးပါအုံး"ဟု ဒါရိုက်တာ ကိုဇော်(အရဏ်ဦး)က ပြောပြသည်။

ရှယ်ပျော် ရုပ်ရှင်ဇာတ်ကားတွင် သရုပ်ဆောင် မြင့်မြတ်၊ တိုင်ရှန်၊ ရဲရင့်သော်၊ ခင်လှိုင်၊ မိုးဒီ၊ ဇော်ဝင်းနိုင်(မန်း)၊ ငှက်ပျောကြော်၊ ဥသြသံသာ၊ သွက်လက်၊ စိုးမြတ်သူဇာ၊ မေမြင့်မိုရ်၊ ဝါဝါအောင်နှင့် အခြားအနုပညာရှင်များ ပါဝင်ထားကြောင်း သိရသည်။ ASH

## Lionsgate ၏ Day Drinker ၌ မင်းသမီး မက်ဒလင်းကလိန်း ပါဝင်မည်

**နယူးယောက် ဖေဖော်ဝါရီ ၉**

Lionsgate ရုပ်ရှင်ကုမ္ပဏီ၏ Day Drinker ဇာတ်ကား၌ မင်းသမီး မက်ဒလင်းကလိန်း ပါဝင်မည်ဖြစ်ကြောင်း ဖေဖော်ဝါရီ ၈ ရက် သတင်းများအရ သိရသည်။

Day Drinker ဇာတ်ကားတွင် မင်းသမီး မက်ဒလင်းကလိန်းသည် မင်းသား ဂျွန်နီဒပ်၊ မင်းသမီး ပင်နလော့ခရုနှင့်အတူ သရုပ်ဆောင်ရမည်ဖြစ်သည်။

မင်းသမီး မက်ဒလင်းကလိန်းသည် Netflix ကုမ္ပဏီ၏ Outer Banks ဇာတ်လမ်းတွဲများဖြင့် ထင်ရှားသူဖြစ်သည်။

အဆိုပါဇာတ်ကားကို ဒါရိုက်တာ မာ့ဝက်က တာဝန်ယူရိုက်ကူးမည်ဖြစ်သည်။

Day Drinker ဇာတ်ကားအတွက် ဝတ္ထုဇာတ်ညွှန်းကို ဇာတ်ညွှန်းရေးဆရာ ဇက်ခန်ဒင်းက တာဝန်ယူ ရေးသားပေးထားကြောင်း သိရသည်။

လက်ရှိတွင် Day Drinker ဇာတ်ကား စတင်ရိုက်ကူးမည့်ရက်နှင့် ရုံတင်ပြသမည့်ရက်ကို Lionsgate ရုပ်ရှင်ကုမ္ပဏီက ကြေညာခြင်းမရှိသေးကြောင်း သိရသည်။

**Ref : Russia Today**

**Trs : KKO**



## Good Sex အချစ်ဟာသဇာတ်ကား၌ မင်းသမီး နာတာလီပို့မင်း ပါဝင်သရုပ်ဆောင်





**နယူးယောက် ဖေဖော်ဝါရီ ၉**

Good Sex အမည်ရှိ အချစ်ဟာသ ဇာတ်ကားတွင် အော်စကာဆုရှင်မင်းသမီး နာတာလီပို့မင်း ပါဝင်သရုပ်ဆောင်မည်ဖြစ်ကြောင်း ဖေဖော်ဝါရီ ၈ ရက် သတင်းများအရ သိရသည်။

Good Sex ဇာတ်ကားသည် အမျိုးသမီးတစ်ဦးနှင့် အမျိုးသား နှစ်ဦးတို့အကြား ဇာတ်လမ်းကို ဇာတ်အိမ်ဖွဲ့ ရိုက်ကူးမည့်ဇာတ်ကားဖြစ်ကြောင်း သိရသည်။

Good Sex ဇာတ်ကားကို ရွှေကမ္ဘာလုံးဆုရ အမေရိကန်အမျိုးသမီး ဒါရိုက်တာ လီနာဒန်ဟမ်းက တာဝန်ယူရိုက်ကူးမည်ဖြစ်သည်။

Good Sex ဇာတ်ကားအတွက် ဝတ္ထုဇာတ်ညွှန်းကိုလည်း ဒါရိုက်တာ လီနာဒန်ဟမ်းကပင် ရေးသားပေးထားသည်။

အော်စကာဆုရှင် မင်းသမီး နာတာလီပို့မင်းသည် Good Sex ဇာတ်ကား၌ ပါဝင်သရုပ်ဆောင်မည့်အပြင် ထုတ်လုပ်သူအဖြစ်လည်း တာဝန်ယူမည်ဖြစ်သည်။

လက်ရှိတွင် Good Sex ဇာတ်ကားရိုက်ကူးမည့်ရက်နှင့် ရုံတင်ပြသမည့်ရက်တို့ကို ထုတ်လုပ်သူများက ကြေညာခြင်းမရှိသေးကြောင်း သိရသည်။

**Ref : Sputnik News**

**Trs : KKO**

# 2024 Myanmar Motion Picture Academy Awards Presentation Ceremony held

## Chairman of State Administration Council Prime Minister Senior General Min Aung Hlaing delivers opening address and presents Lifetime Awards for Motion Pictures Achievement



Senior General Min Aung Hlaing addresses 2024 Myanmar Motion Picture Academy Awards Presentation Ceremony.

**Nay Pyi Taw February 9**

2024 Myanmar Motion Picture Academy Awards Presentation Ceremony was held at the Myanmar International Convention Centre I (MICC I), Nay Pyi Taw this evening, attended by Chairman of State Administration Council Prime Minister Senior General Min Aung Hlaing, who delivered the opening address and presented Lifetime Awards for Motion Pictures Achievement.

Also present at the ceremony were Daw Kyu Kyu Hla, wife of the Senior General, the Joint SAC Secretary, SAC members and wives, union level dignitaries, union ministers and wives, region/state chief ministers, senior military officers from Office of Commander-in-Chief, the Nay Pyi Taw Command commander, deputy ministers, patrons, the chair and members of Myanmar Motion Picture Association, members of Myanmar Motion Picture Academy Awards Scrutiny Board, officials of MMPA, Myanmar Thabin Association, Myanmar Music Association (Central), Myanmar Press Council, Myanmar Comedians Association, associations of literature and media, and international organizations, intellectuals and technicians of movie, literature, drama and theatre, music worlds, artists, officials and specially invited guests.

The Senior General and his wife viewed round the documentary photos bearing motion pictures outstanding award winners, films and outstanding artistes and technicians from 1952 to 2023 displayed along the entrance to the Jade Hall.

The Senior General opened the ceremony for 2024 by keeping an Academy Statue on the digital machine board.

Artistes from the Fine Arts Department under the Ministry of Religious Affairs and Culture performed star dances in the song "Development and victory of Myanmar motion pictures". Moreover, a documentary video clip on Myanmar motion pictures presented by the MRTV and Information and Public Relations Department was presented.

Speaking on the occasion, the Senior General said that the Myanmar Film Outstanding Award, which began in 1952, has now been held for the 66th time. The ceremony is a significant event that shares the gathering, peace, and happiness of the nation, the people, and artists, marking the 66th celebration. Looking back at the early years of Myanmar cinema, it can be seen that the industry has successfully and steadily progressed with honour, through self-reliance, breaking its own path, and standing tall on its own feet. The history of Myanmar motion pictures, which emerged since the 1920s during the struggle for independence, has now reached a remarkable 105 years.



Senior General Min Aung Hlaing presents lifetime achievement Academy award to director Maung Hnin Moe.

Film artistes played a role in inspiring patriotism and unity among ethnic communities during the struggle for independence. Through their artistic talents, they encouraged national spirit, cultural preservation, and solidarity. Even after independence, they continued to contribute to internal peace, national unity, and national development through their artistic endeavours.

They are indeed valuable historical traditions and records that have benefited the nation. In the present situation, it is urged to continue preserving such beneficial traditions and to act in the best interests of the country and its people.

The cultural sector is recognized as an essential area among the reasons for a nation's development and progress. In Myanmar, over 100 ethnic groups live together, preserving a rich and diverse cultural heritage. It is acknowledged that the culture of a nation or an ethnic group can be classified into two categories: intangible cultural heritage and tangible cultural heritage. To clarify, intangible cultural heritage refers to the language spoken by an ethnic group, their beliefs, customs, traditions, attire, rituals, and handcrafts, while tangible cultural heritage includes all physical objects created, used, or handled by a group.

At the 19th World Intangible Cultural Heritage Conference, it was announced that Myanmar's traditional customs and the festival of the Atar Thingyan were recognized as part of the World Intangible Cultural Heritage List.

*See Page 13*



Daw Kyu Kyu Hla presents lifetime achievement Academy award to actress Academy Khin Than Nu.


Kaung Zan accepts the Best Cinematography Award.


Academy Di Ra Mo accepts the Best Film Music Award.


Chu Lay accepts the Best Supporting Actress Award.


Academy Soe Moe Kyi accepts the Best Female Grand Fashion Award.


Htet Aung Shine accepts the Best Male Fashion Award.

*From Page 12*

Furthermore, efforts are ongoing to submit Myanmar's Thanakha culture to UNESCO for inclusion as an intangible cultural heritage. It is crucial that the valuable national cultural heritages of Myanmar, which are already established, be preserved as part of the global cultural heritage for all humanity. All Myanmar people must continue to strive towards ensuring that these heritages are recorded in history with securing success.

The Senior General continued that the reasons behind the transformation of an art form reflect the cultural values of a nation, showing that the art of filmmaking is of great importance. Motion pictures, which integrate art, skill, and technology, is a form of media with immense influence, capable of subtly and effectively reaching the hearts and minds of the public, making it a powerful tool of soft power.

The contributions of all film producers, professionals, and actors who rely on the art of filmmaking for their livelihoods are of significant importance. The production of a quality film is not the result of a single individual's efforts. The supporting cast, lead actors, various performers, costumes, storyline, script, sound, cinematography, music, lighting, special effects, and makeup all come together through a collaborative effort, guided by the director's leadership. This collective process highlights the strength and unity behind the creation of a film. No matter how talented an individual may be, the creation of a quality film is impossible without collective effort. A truly outstanding film is one that engages, inspires, and leaves a lasting impression on its audience. For example, classic films from our time, such as "Bel Thu Pyaing Lo Hla Par Tot Naing", "Hmong Shwe Yi", and "Thingyan Moe", remain unforgettable no matter how many times they are watched. These films serve as exemplary works, worthy of admiration and continue to hold a special place in the hearts of audiences. There are many other remarkable films, and I hope filmmakers continue to produce works that resonate with the public and bring value to society. The artistic talents are hoped to be utilized to help the international community gain a deeper understanding of the country and its people, fostering friendship and conveying important messages through art. Additionally, the aim is to use this craft to shape the public's ideas and perspectives, guiding them towards correct concepts in nation-building, and inspiring widespread participation in the nation's progress.

As is widely known, the SAC, in line with the motto "Moving Forward to the Goal," is working towards for the nation's interests and socio-economic development based on democracy and federalism, with a focus on the national interest and all ethnic groups. It is crucial for all citizens to understand and accept that Our Three Main National Causes – non-disintegration of the Union, non-disintegration of the national solidarity; and perpetuation of sovereignty – are the most vital and appropriate national goals and responsibilities, irrespective of the current global situation or the actual circumstances within our country. Today, the government is implementing political, economic, and social policies based on Our Three Main National Causes. Therefore, it is essential for all Myanmar citizens to foster a strong sense of Myanmar identity and work collectively towards achieving peace and development for the country, embodying the spirit of "We are Myanmar" along with unity and nationalism.

It is important to be careful of the fact that social media and unethical media are working to destroy religion, national culture, and unity, while also distorting the ideas and morals of young people. These are schemes that threaten the country's interests, and they must be reduced and eliminated in order to protect the nation from their harm. Just as films are for the people, I urge film artists to create works of art that will benefit both the country and its people.

At present, the government has been taking measures to boost agriculture and livestock production for food security. As economic development is important for the country, the government has been encouraging MSMEs based on agriculture and livestock breeding. It is necessary to exert efforts to reap gold fruits from land for the prosperity of the country and to boost domestic production. Only when we work hard, will we be able to reap gold fruits from land. Currently, plans are underway to organize the union-level MSME product exhibition and competition commemorating the 78th Anniversary of the Union Day at Tabaung ground in Nay Pyi Taw from 10 to 14 February.

In doing so, as the cooperation of artists contributes to stability, development and accomplishment of objectives of the country, people in respective fields of arts are urged to cooperate with the government. Emergence of outstanding young artists is welcomed. Youths are for the future of the country.

I will have to reiterate what I say every year. The government has been offering assistance as much as possible for development of literature, films, music and performing arts and will continue to do so.

It is believed that artists who win outstanding awards this year will have inspiration for further success in the film industry and will exert more efforts.

Similarly, artists who do not win outstanding awards this year are urged to exert efforts to win awards in the coming years by enhancing their artistic performance. I would like to especially urge artists to resist the influence of foreign culture to preserve Myanmar culture and tradition, not to allow the influence of modern culture over traditional culture and to serve the interest of the country out of national spirit based on artistic talent by adopting changing modern trends.

Then, Chairman of Myanmar Motion Pictures Organization Winner of Academy Awards U Kyi Soe Tun spoke words of congratulations.

Afterwards, the master of ceremony introduced the youths who help present academy awards and artists from MMMPO and the University of Arts and Culture danced to the song of Myu Maung Wai Kin in honour of world intangible cultural heritage Myanmar Traditional Thingyan Water Festival.

*See Page 14*

# Chairman of State Administration Council Prime Minister Senior General Min Aung Hlaing receives Humanitarian Leader and Peace Envoy of India Gurudev Sri Sri Ravi Shankar



Senior General Min Aung Hlaing receives Humanitarian Leader and Peace Envoy of India Gurudev Sri Sri Ravi Shankar.

**Nay Pyi Taw February 9**

Chairman of State Administration Council Prime Minister Senior General Min Aung Hlaing received Humanitarian Leader and Peace Envoy of India Gurudev Sri Sri Ravi Shankar at the Credentials Hall of State Administration Council Chairman's Office here this morning.

Also present with the Senior General were Joint SAC Secretary General Ye Win Oo, SAC member Lt-Gen Yar Pyae, union ministers U Than Swe and U Tin Oo Lwin. The Humanitarian Leader and Peace Envoy of India was accompanied by the delegation members.

During the discussions, the Senior General expressed pleasure to welcome the visit of a prominent person, who is applying multiple means for global peace, to Myanmar. He said the visit of the Humanitarian Leader and Peace Envoy of India is to provide help to the most possible degree for ensuring peace and prosperity in Myanmar. The Senior General also expressed pleasure and honour for holding a meeting with him.

Afterwards, views on Myanmar's political developments throughout the successive eras from the time the country regained independence till today, ethnic armed conflicts broke out together with independence because of the seeds of distrust sowed by external elements and endeavors for internal peace throughout the successive eras, the country's initiation of democracy road in 2011 and the Tatmadaw's assumption of State duties due to vote rigging in 2020 multiparty general election, occurrence of terrorism through the disturbances broke out due to disagreements, SAC's endeavours for national peace, stability and progress, assistance and involvement of the Humanitarian Leader and Peace Envoy of India for peace in world countries, possible assistance for Myanmar's peace and stability, and ongoing preparations for holding a free and fair multiparty democracy general election in Myanmar were cordially exchanged.

After the meeting, Chairman of State Administration Council Prime Minister Senior General Min Aung Hlaing and Humanitarian Leader and Peace Envoy of India Gurudev Sri Sri Ravi Shankar exchanged commemorative gifts and posed to group documentary photos.

The Senior General showed the Humanitarian Leader and Peace Envoy of India paintings in the Hall of Honor of the State Administration Council Chairman's Office.

100

---

*From Page 13*

Then, Union Minister for Information U Maung Maung Ohn announced the winners of lifetime achievement academy awards for 2024.

Afterward, the Senior General and wife presented lifetime achievement academy awards honoured by the MMPO and the film industry including artists and technicians to Veteran Actor U Kyi Soe, Academy Winning Director Maung Hnin Moe, Winner of Academy Awards Actress War War Win Shwe and Winner of Academy Awards Actress Khin Than Nu and the winners spoke words of thanks.

After that, the awards for the 2024 Film Arts and Film Excellence Awards were announced. The Best Cinematography Award was won by Kaung Zan for the film "If my lover were a flower", the Best Film Music Award was won by Academy Di Ra Mo for the film "Einmat Karyan", the Best Film Sound Award was won by Aung Myo Myat and Ye Win for the film "Fire", the Best Film Editing Award was won by Arkar Kyaw for the film "Nhaung", the Best Film Screenplay Award was won by Aye Thri Ko for the film "Cloud Painting", the Best Film Award was won by Taurus V Production for the film "If my lover were a flower" and the Myanmar Academy Special Award was won by makeup artist Lon Lin (Linkadipa) for the film "Nhaung".

The outstanding award winners were presented with the Academy Golden Statuettes by renowned Academy-winning artists. The award recipients of expressed their gratitude in their speeches.

Following this, at the 2024 Myanmar Film Excellence Award Ceremony, the Myanmar Academy Fashion Awards were presented to the artists attending the event. The Best Male Grand Fashion Award was won by multiple Academy award winner Yan Aung, the Best Female Grand Fashion Award was won by Academy Soe Moe Kyi, the Best Male Fashion Award was won by Htet Aung Shine, and the Best Female Fashion Award was won by Nan Su Yati Soe. The awards were presented by multiple Academy Award winner Swe Zin Htaik.

Continuing with the announcement of the 2024 Film Arts and Film Excellence Awards, the Best Film Director Award was won by " Academy Win Lwin Htet for the film "Einmat Kayan", the Best Supporting Actress Award was won by Chu Lay for the film "Bodaw Kinn", the Best Supporting Actor Award was won by Aye Chan Maung for the film "Fire", the Best Actress Award was won by Academy Wut Mhon Shwe Yi for the film "Cloud Painting" and the Best Actor Award was won by Nay Toe for the film "Nhaung".

The outstanding award winners were again presented with the Academy Golden Statuettes by Union Minister for Information U Maung Maung Ohn and renowned Academy-winning artists. The recipients expressed their gratitude in their speeches.

During the award ceremony, artists performed songs and dances in rotation.

After that, the Senior General and wife took a commemorative photo with the 2024 Myanmar Film Excellence Award winners and warmly greeted the attending experts, professionals, and artists from the film, literature, theater, and music industries.

Myanmar cinema, which began in 1920, has now reached its 105th year. Considering the advancement of Myanmar cinema, the Film Standard Promotion Committee, which started in 1952, has been selecting and awarding outstanding artists and professionals in the Myanmar film industry. The 2024 Myanmar Film Excellence Awards Ceremony, held today, marks the 66th time the awards have been presented in the past 73 years.

100

---


## Public Notice for Elimination of Violence

1. Declaring themselves to be "for the people", the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.
2. Not encouraging, supporting, or assisting "CRPH", "NUG", and "PDF" terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.
3. Giving information secretly to the authorities on terrorists and on possession and transport of weapons/ammunition is tantamount to protecting the lives and property of innocent people.

# နိုင်ငံတကာစစ်မှုရေးရာအဖြာဖြာ

## အမေရိကန်က အီဂျစ်သို့ ကန်ဒေါ်လာ ၃၀၄ သန်းတန်ဖိုးရှိ တာဝေးရှာရေဒါရောင်းချရန် ခွင့်ပြုပေးခဲ့



အမေရိကန် နိုင်ငံခြားရေးဝန်ကြီးဌာနသည် အီဂျစ်သို့ AN/TPS-78 တာဝေးရှာရေဒါကို အမေရိကန်ဒေါ်လာ ၃၀၄ သန်းဖြင့် ရောင်းချရန်ခွင့်ပြုပေးခဲ့ကြောင်း The Defense Post သတင်းဌာနက ဖေဖော်ဝါရီ ၇ ရက်တွင် ရေးသားဖော်ပြခဲ့သည်။

အီဂျစ်နိုင်ငံသည် အမေရိကန်နိုင်ငံ Northrop Grumman ကုမ္ပဏီထုတ် ရေဒါများအပြင် ဆက်စပ်ပစ္စည်းများဖြစ်သည့် KIV-78 ဝှက်စာ ထည့်သွင်းသောပစ္စည်းကိရိယာများ၊ Anti-Spoofing modules ရွေးချယ်တပ်ဆင်နိုင်မည့် GPS ပစ္စည်းကိရိယာများအပြင် အပိုပစ္စည်းနှင့် ပြုပြင်ထိန်းသိမ်းရေး အစိတ်အပိုင်းများပါဝယ်ယူခဲ့ခြင်းဖြစ်သည်။ ရေဒါအစီးရေမည်မျှဝယ်ယူခဲ့သည်ကိုမူ အတိအကျထုတ်ဖော်ပြောကြားထားခြင်း မရှိပေ။

အဆိုပြုထားသော ရောင်းချမှုသည် လေကြောင်းခြိမ်းခြောက်မှု အမျိုးမျိုးကို ထောက်လှမ်းနိုင်စေခြင်းဖြင့် လက်ရှိနှင့် အနာဂတ်ခြိမ်းခြောက်မှုများကို ရင်ဆိုင်နိုင်ရန် အီဂျစ်တပ်မတော်၏ စွမ်းဆောင်ရည်များကို တိုးတက်မြင့်မားစေလိမ့်မည်ဖြစ်သည်ဟု ပင်တဂွန်စစ်ဌာနချုပ်ကာကွယ်ရေးနှင့် လုံခြုံရေးပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီက ထုတ်ဖော်ပြောကြားခဲ့သည်။

အီဂျစ်နိုင်ငံသည် အခြားရေဒါစနစ်များလည်း အသုံးပြုလျက်ရှိပြီး AN/TPS-78 ရေဒါနှင့် ဆက်စပ်ပစ္စည်းကိရိယာများ အသုံးပြုလုပ်ဆောင်ရန်အတွက် အခက်အခဲရှိလိမ့်မည်မဟုတ်ကြောင်း အဆိုပါအေဂျင်စီက ထုတ်ပြန်ခဲ့သည်။ Northrop Grumman ကုမ္ပဏီသည် အဓိကကန်ထရိုက်တာကုမ္ပဏီအဖြစ် အကောင်အထည်ဖော် ဆောင်ရွက်ပေးသွားရမည်ဖြစ်ကြောင်း သိရသည်။

S-band အမျိုးအစား လေကြောင်းစောင့်ကြည့်ထောက်လှမ်းရေး ရေဒါစနစ်တွင် အလိုအလျောက် ပစ်မှတ်ထောက်လှမ်းခြင်းနှင့် ခြေရာခံထိန်းကျောင်းခြင်းစနစ်၊ အဆင့်မြင့်ပစ်မှတ် ဒရုန်းအသေးစားတစ်စင်းနှင့် ပင်လယ်ရေကြောင်း ခြေရာခံစနစ်ခွဲတစ်ခုတို့ ပါဝင်ဖွဲ့စည်းထားသည်။ ၎င်းသည် ရေမိုင် ၂၄၀ အကွာအဝေးအတွင်း ဝေဟင်နှင့်ပင်လယ်ရေကြောင်း ရွေ့လျားပစ်မှတ်အားလုံးကို ခြေရာခံနိုင်ရန် ဒီဇိုင်းထုတ်ထားသည်။ ရေဒါ၏ ငါးစက္ကန့်နှင့် ၁၀ စက္ကန့်အတွင်း အချက်အလက်တွက်ချက်နိုင်မှုစွမ်းဆောင်ရည်သည် မြေပြင်ထိန်းချုပ်ရေး၊ ကြားဖြတ်တိုက်ခိုက်ရေး မစ်ရှင်များအပြင် နည်းဗျူဟာမြောက်ပဲ့ထိန်းဒုံးကျည်ခြေရာခံခြင်း၊ တာဝေးလေကြောင်းစောင့်ကြည့်ထောက်လှမ်းခြင်းအတွက်အသုံးပြုရန် သင့်လျော်သောရေဒါစနစ်မျိုးဖြစ်သည်။ ၎င်းသည် သယ်ယူ၊ ရွှေ့ပြောင်း၊ တပ်ဖြန့်ရာတွင် C-130 ကုန်တင်လေယာဉ်များ၊ ရဟတ်ယာဉ်များ၊ ထရပ်ကားများနှင့် ရထားများပေါ်တွင်တင်ဆောင်၍ တပ်ဖြန့်အသုံးပြုနိုင်မည်ဖြစ်ကြောင်း သိရသည်။

အီဂျစ်နိုင်ငံကို အမေရိကန်နိုင်ငံက အမေရိကန်ဒေါ်လာ ငါးဘီလီယံကျော်တန်ဖိုးရှိစစ်လက်နက်ပစ္စည်းများရောင်းချရန် ခွင့်ပြုပေးခဲ့ပြီးနောက် တစ်လကျော်အကြာတွင် ယခုကဲ့သို့ တာဝေးရှာရေဒါထပ်မံရောင်းချပေးရန် ခွင့်ပြုချက်ရရှိခဲ့ခြင်းဖြစ်သည်။ အဆိုပါရောင်းချမှုတွင် အီဂျစ်တပ်မတော် အသုံးပြုနေသည့် အမေရိကန်ထုတ် M1A1 Abrams တင့်ကား ၅၅၅ စီးအတွက် လိုအပ်သောစက်ပစ္စည်းကိရိယာများနှင့် Hellfire ဝေဟင်မှ မြေပြင်ပစ် ဒုံးကျည်အစင်း ၂၀၀၀ ကျော် ပါဝင်ကြောင်း သိရသည်။

**US Approves $304 Million Long-Range Radar Sale to Egypt** ကို ဘာသာပြန်ဆိုထားပါသည်။

---

## မော်ရိုကိုက တူရကီယဲထံမှ Bayraktar Akinci ဒရုန်းများ ပထမဆုံးအကြိမ် လက်ခံရရှိ

မော်ရိုကိုနိုင်ငံသည် ၂၀၂၃ခုနှစ်တွင် လက်မှတ်ရေးထိုးခဲ့သည့် သဘောတူညီချက်၏ တစ်စိတ်တစ်ပိုင်းအဖြစ် တူရကီယဲနိုင်ငံထံမှ Bayraktar Akinci ဒရုန်းများ ပထမဆုံးအကြိမ် လက်ခံရရှိခဲ့ကြောင်း The Defense Post သတင်းဌာနကဖေဖော်ဝါရီ ၆ ရက်တွင် ရေးသားဖော်ပြခဲ့သည်။

အဆိုပါ လွှဲပြောင်းပေးပို့မှုသည် တော်ဝင်မော်ရိုကိုလေတပ်နှင့် တူရကီယဲနိုင်ငံ၏ ကာကွယ်ရေးစက်မှုလုပ်ငန်းတို့ကြား ဆက်ဆံရေးပိုမိုခိုင်မာစေမည့်အရေးပါသော ခြေလှမ်းတစ်ရပ်ဖြစ်ကြောင်း မော်ရိုကိုတပ်မတော်၏ တရားဝင်စစ်ရေးသတင်းဌာန Forum FAR Maroc က အတည်ပြုပြောကြားခဲ့သည်။

ဒရုန်းအရေအတွက် အတိအကျကို ထုတ်ဖော်ပြောကြားခြင်းမရှိသော်လည်း တူရကီယဲထုတ် အဆင့်မြင့်ဒရုန်းများကို တိုက်ပွဲဝင်အသင့် ဖြန့်ကြက်အသုံးပြုနိုင်မည့်အခြေအနေထိ ကြိုးပမ်းလုပ်ဆောင်နေခြင်းက မော်ရိုကိုလေတပ်အတွက် သမိုင်းဝင်မှတ်တိုင်တစ်ခုလည်းဖြစ်သည်။ ၂၀၂၄ ခုနှစ် နိုဝင်ဘာလတွင် မော်ရိုကိုနိုင်ငံသည် ၎င်း၏ပထမဆုံး Bay-raktarAkinci ဒရုန်းများလက်ခံရရှိမည်ဖြစ်၍ ပြင်ဆင်မှုများ စတင်ဆောင်ရွက်လျက်ရှိကြောင်း ဒေသတွင်းမီဒီယာများက အသီးသီး ဖော်ပြခဲ့ကြသည်။

တူရကီယဲနိုင်ငံမှ ဒရုန်းထုတ်လုပ်ရေး Baykar ကုမ္ပဏီက တီထွင်ထုတ်လုပ်ထားသည့် Akinci ဒရုန်းသည် တိကျသောတိုက်ခိုက်မှုများ၊ စောင့်ကြည့်ထောက်လှမ်းခြင်း၊ အမိန့်ပေးထိန်းချုပ်ခြင်းလုပ်ငန်းစဉ်များအပါအဝင် ကျယ်ပြန့်သောမစ်ရှင်များကို ထမ်းဆောင်နိုင်ရန် ဒီဇိုင်းထုတ်ထားသည်။ အမြင့်ဆုံး အမြင့်ပေ ၄၀၀၀၀ ရှိပြီး လေထဲတွင် နာရီ ၂၀ ကြာ ပျံသန်းနေနိုင်စွမ်းရှိကြောင်း သိရသည်။

ထို့ပြင် Akinci ဒရုန်းသည် အမြန်နှုန်း တစ်နာရီလျှင် ၄၆၃ ကီလိုမီတာဖြင့် ပျံသန်းစစ်ဆင်နိုင်မှု အကွာအဝေးကီလိုမီတာ ၅၀၀၀ ထိ ရှိသည်။ ၎င်း၏ထူးခြားသောအင်္ဂါရပ်များထဲမှတစ်ခုမှာ အဆင့်မြင့်အချက်ပြလုပ်ဆောင်မှု၊ အာရုံခံစနစ်များပေါင်းစပ်မှုနှင့် အချိန်နှင့်တစ်ပြေးညီကြိုတင်သတိပေးနိုင်မှု စသည့်လုပ်ငန်းစဉ်များကို လွယ်ကူချောမွေ့စေသည့် ၎င်း၏ Dual သုံး AI-avionics လေကြောင်းနည်းပညာပင်ဖြစ်သည်။ ဒရုန်းသည် Cirit ဒုံးကျည်များ၊ Bozok mini smart mu-nition ခဲယမ်းများ၊ MK-83 ပဲ့ထိန်းဗုံးများ၊ Gokdogan သို့မဟုတ် Bozdogan ဝေဟင်မှဝေဟင်ပစ် ဒုံးကျည်များအပါအဝင် ခဲယမ်းမျိုးစုံကို သယ်ဆောင်တိုက်ပွဲဝင်နိုင်စွမ်းရှိကြောင်း သိရသည်။



တူရကီယဲနိုင်ငံထုတ် Akinci ဒရုန်းများကိုဝယ်ယူမှုသည် အမေရိကန်ဒေါ်လာ သန်း ၇၀ တန် Bayraktar TB2 ဒရုန်း ၁၃ စင်းအတွက် ဝယ်ယူရေးသဘောတူညီချက် နောက်ပိုင်းတွင် ဆက်လက်လုပ်ဆောင်နိုင်ခဲ့ခြင်းဖြစ်သည်။ TB2 ဒရုန်းများကို ပြီးခဲ့သည့်လအတွင်း အပြီးသတ် လက်ခံရရှိခဲ့ပြီးဖြစ်ကြောင်း သိရသည်။

ဤသို့ တူရကီယဲနိုင်ငံထုတ် ဒရုန်းများ ဆက်တိုက်ဝယ်ယူမှုသည် အီလက်ထရွန်နစ်စနစ်များ၊ တိကျတိုက်ခိုက်ရေး လက်နက်များ၊ မောင်းသူမဲ့လေယာဉ်စနစ်များတွင် မော်ရိုကိုနိုင်ငံနှင့် တူရကီယဲနိုင်ငံတို့ကြား တိုးတက်ဖွံ့ဖြိုးလာသော နှစ်နိုင်ငံ ကာကွယ်ရေးဆက်ဆံမှုများ၏ တစ်စိတ်တစ်ပိုင်းလည်း ဖြစ်ကြောင်း သိရသည်။

**Morocco Receives First Turkish BayraktarAkinci Drones** ကို ဘာသာပြန်ဆိုထားပါသည်။

**မင်းမျိုး**



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှ ကျောက်စိမ်းခန်းမအဝင် လျှောက်လမ်း၌ ပြသထားသည့် ၁၉၅၂ ခုနှစ်မှ ၂၀၂၃ ခုနှစ်အထိ မြန်မာ့ရုပ်ရှင်ထူးချွန်ဆုရရှိခဲ့ကြသူများနှင့် ရုပ်ရှင်ဇာတ်ကားများ၊ ထူးချွန်ဆုရအနုပညာရှင်များ၊ အတတ်ပညာရှင်များ၏ မှတ်တမ်းဓာတ်ပုံများ ပြသထားရှိမှုကို ကြည့်ရှုစဉ်။

ရှေ့ဖုံးမှအဆက်

ကောင်စီတွဲဖက်အတွင်းရေးမှူး၊ ကောင်စီအဖွဲ့ဝင်များနှင့် ဇနီးများ၊ ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များ၊ ပြည်ထောင်စုဝန်ကြီးများနှင့်ဇနီးများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များ၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော်အရာရှိကြီးများ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ်တိုင်းမှူး၊ ဒုတိယဝန်ကြီးများ၊ မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးမှ နာယကကြီးများ၊ ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ မြန်မာ့ရုပ်ရှင်ထူးချွန်ဆု စိစစ်အကဲဖြတ်ရေးအဖွဲ့အဖွဲ့ဝင်များ၊ မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံး၊ မြန်မာနိုင်ငံသဘင်အစည်းအရုံး၊ မြန်မာနိုင်ငံဂီတအစည်းအရုံး(ဗဟို)၊ မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီ၊ မြန်မာနိုင်ငံဟာသပညာရှင်များအစည်းအရုံးတို့မှ တာဝန်ရှိသူများ၊ စာပေနှင့် သတင်းနယ်ပယ်များမှ အဖွဲ့အစည်းများ၊ နိုင်ငံတကာအဖွဲ့အစည်းများမှ တာဝန်ရှိသူများ၊ ရုပ်ရှင်၊ စာပေ၊ သဘင်၊ ဂီတနယ်ပယ်အသီးသီးမှ အသိပညာရှင်၊ အတတ်ပညာရှင်များနှင့် အနုပညာရှင်များ၊ တာဝန်ရှိသူများနှင့် အထူးဖိတ်ကြားထားသည့် ဧည့်သည်တော်များ တက်ရောက်ကြသည်။

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် ဇနီးတို့သည် အခမ်းအနားကျင်းပမည့် ကျောက်စိမ်းခန်းမအဝင် လျှောက်လမ်း၌ ပြသထားသည့် ၁၉၅၂ ခုနှစ်မှ ၂၀၂၃ ခုနှစ်အထိ မြန်မာ့ရုပ်ရှင်ထူးချွန်ဆုရရှိခဲ့ကြသူများနှင့် ရုပ်ရှင်ဇာတ်ကားများ၊ ထူးချွန်ဆုရအနုပညာရှင်များ၊ အတတ်ပညာရှင်များ၏ မှတ်တမ်းဓာတ်ပုံများ ပြသထားရှိမှုများကို ကြည့်ရှုကြသည်။

ယင်းနောက် အခမ်းအနားကိုစတင်ကျင်းပပြုလုပ်ရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က ဒစ်ဂျစ်တယ် စက်ခလုတ်ခုံပေါ်တွင် အကယ်ဒမီကြယ်စင်ရုပ်ကိုစိုက်ထူ၍ ၂၀၂၄ ခုနှစ်အတွက် မြန်မာ့ရုပ်ရှင်ထူးချွန်ဆုချီးမြှင့်ပွဲအခမ်းအနားကို ဖွင့်လှစ်ပေးသည်။

ထို့နောက် သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန အနုပညာဦးစီးဌာနမှ အနုပညာရှင်များက **“တိုးတက်အောင်မြင်မြန်မာ့ရုပ်ရှင်”** တေးသီးချင်းကို **“ကြယ်အက”** ဖြင့် သရုပ်ဖော်ဖျော်ဖြေတင်ဆက်ကြပြီး မြန်မာ့အသံနှင့် ရုပ်မြင်သံကြားနှင့် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနတို့က ဂုဏ်ပြုစီစဉ်တင်ဆက်သည့် **“ကြည်လင်သန့်စင် စီးမျောသက်ဝင် မြန်မာ့ရုပ်ရှင်”** မှတ်တမ်းVideo Clip ကို ပြသသည်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဒစ်ဂျစ်တယ်စက်ခလုတ်ခုံပေါ်တွင် အကယ်ဒမီကြယ်စင်ရုပ်ကိုစိုက်ထူ၍ ၂၀၂၄ ခုနှစ်အတွက် မြန်မာ့ရုပ်ရှင်ထူးချွန်ဆု ချီးမြှင့်ပွဲအခမ်းအနားကို ဖွင့်လှစ်ပေးစဉ်။

**မြန်မာ့ရုပ်ရှင်ခေတ်ဦးကိုပြန်ကြည့်ပါက ကိုယ့်အားကိုယ်ကိုး၊ ကိုယ့်လမ်းကိုယ်ဖောက်၊ ကိုယ့်ခြေထောက်ပေါ်ကိုယ်ရပ်ပြီး အောင်မြင်တိုးတက်ခဲ့သည့်ဂုဏ်ယူဖွယ် သမိုင်းအထောက်အထားများနှင့် ဖြတ်သန်းလာခဲ့သည်ကို တွေ့ကြရမည်ဖြစ်၊ ၁၉၂၀ ပြည့်နှစ် မြန်မာ့လွတ်လပ်ရေးကြိုးပမ်းမှု ကာလကတည်းက ပေါ်ပေါက်ခဲ့သည့် မြန်မာ့ရုပ်ရှင်သမိုင်းသည် ယခုဆိုပါကနှစ်ပေါင်း ၁၀၅ နှစ်တိုင်ခဲ့ပြီဖြစ် . . .**

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က အဖွင့်အမှာစကားပြောကြားရာတွင် **၁၉၅၂ ခုနှစ်မှ စတင်ချီးမြှင့်လာခဲ့သည့် မြန်မာ့ရုပ်ရှင်ထူးချွန်ဆုချီးမြှင့်ပွဲအခမ်းအနားများသည် ယနေ့ဆိုပါက ၆၆ ကြိမ်မြောက်ကျင်းပနိုင်ခဲ့ပြီဖြစ်**ကြောင်း၊ နိုင်ငံတော်၊ ပြည်သူနှင့် အနုပညာရှင်များ၏ စုစည်းမှု၊ အေးချမ်းပျော်ရွှင်မှုများကို ၆၆ ကြိမ်မြောက် ဝေမျှဖော်ကျူးပေးနိုင်သည့် မင်္ဂလာအခမ်းအနားပင်ဖြစ်ကြောင်း၊ **မြန်မာ့ရုပ်ရှင်ခေတ်ဦးကိုပြန်ကြည့်ပါက ကိုယ့်အားကိုယ်ကိုး၊ ကိုယ့်လမ်းကိုယ်ဖောက်၊ ကိုယ့်ခြေထောက်ပေါ်ကိုယ်ရပ်ပြီး အောင်မြင်တိုးတက်ခဲ့သည့်ဂုဏ်ယူဖွယ် သမိုင်းအထောက်အထားများနှင့် ဖြတ်သန်းလာခဲ့သည်ကိုတွေ့ကြရမည်ဖြစ်**ကြောင်း၊ **၁၉၂၀** ပြည့်နှစ် မြန်မာ့လွတ်လပ်ရေးကြိုးပမ်းမှု ကာလကတည်းကပေါ်ပေါက်ခဲ့သည့် မြန်မာ့ရုပ်ရှင်သမိုင်းသည် ယခုဆိုပါကနှစ်ပေါင်း ၁၀၅ နှစ်တိုင်ခဲ့ပြီဖြစ်ကြောင်း။

ထိုကဲ့သို့ နှစ်(၁၀၀)ကျော်ကာလသမိုင်းမှတ်တမ်းများနှင့် လှုပ်ရှားသက်ဝင်နေသည့် မြန်မာ့ရုပ်ရှင်သည် ခေတ်စနစ်အမျိုးမျိုးကြား၌ ပြည်သူများကိုအပန်းဖြေပျော်ရွှင်စေပြီး ရသမျိုးစုံကိုမျှဝေပေးနိုင်ခဲ့ရုံသာမက နိုင်ငံတော်၏အရေးပါသည့် အခန်းကဏ္ဍများ၊ နိုင်ငံ၏ပကတိအခြေအနေများကို အနုပညာဖြင့် ထင်ဟပ်ဖော်ပြ အကျိုးပြုနိုင်ခဲ့သည့်အတွက် နိုင်ငံနှင့်ပြည်သူအပေါ် တာဝန်ကျေခဲ့သည်ဟုပြောရမည်ဖြစ်ကြောင်း။

ရုပ်ရှင်အပါအဝင် အနုပညာရှင်များသည် လွတ်လပ်ရေးကြိုးပမ်းမှုကာလတွင် တိုင်းရင်းသားပြည်သူများ၏ စိတ်ဓာတ်ကို တိုင်းချစ်ပြည်ချစ်စိတ်ထက်သန်ရေး၊ ဝံသာနုရက္ခိတတရားထွန်းကားရေး၊ ဇာတိသွေး ဇာတိမာန်တက်ကြွရေးနှင့် စည်းလုံးညီညွတ်ရေးတို့အတွက် မိမိတို့တတ်စွမ်းထားသည့် အနုပညာနှင့် စည်းရုံးလှုံ့ဆော်ပေးခဲ့ကြကြောင်း၊ လွတ်လပ်ရေးရပြီးနောက်ကာလတွင်လည်း ပြည်တွင်းငြိမ်းချမ်းရေး၊ တိုင်းရင်းသား စည်းလုံးညီညွတ်ရေး၊ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးတို့ကို အနုပညာစွမ်းအားဖြင့် ဆက်လက်ကြိုးပမ်းဆောင်ရွက်ခဲ့ကြကြောင်း။

ယင်းတို့သည်နိုင်ငံအတွက် အကျိုးပြုခဲ့သည့် သမိုင်းအစဉ်အလာကောင်းမှတ်တမ်းမော်ကွန်းများပင်ဖြစ်ကြောင်း၊ ယနေ့အခြေအနေတွင် ထိုကဲ့သို့အကျိုးပြုခဲ့သည့် အစဉ်အလာများကို ဆက်လက်ထိန်းသိမ်းပြီး နိုင်ငံ့အကျိုး၊ ပြည်သူ့အကျိုးကိုရှေးရှုဆောင်ရွက်ပေးကြရန် တိုက်တွန်းမှာကြားလိုကြောင်း။

နိုင်ငံတစ်နိုင်ငံ ဖွံ့ဖြိုးတိုးတက်စေမည့် အကြောင်းတရားများအနက် ယဉ်ကျေးမှုကဏ္ဍသည် အရေးကြီးသည့်ကဏ္ဍတစ်ရပ်အဖြစ်ပါဝင်သည်ကို တွေ့မြင်ရမည်ဖြစ်



မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးဥက္ကဋ္ဌ အကယ်ဒမီများရှင် ဦးကြည်စိုးထွန်း ဝမ်းမြောက်စကားပြောကြားစဉ်။





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ၂၀၂၄ ခုနှစ်အတွက် မြန်မာ့ရုပ်ရှင်ထူးချွန်ဆု ချီးမြှင့်ပွဲအခမ်းအနားတွင် အမှာစကားပြောကြားစဉ်။

ကြောင်း၊ မြန်မာနိုင်ငံတွင် တိုင်းရင်းသားလူမျိုးပေါင်း ၁၀၀ ကျော် မှီတင်းနေထိုင်ကြပြီး မတူကွဲပြားသည့် ယဉ်ကျေးမှုအမွေအနှစ် စုံစုံလင်လင် ရှင်သန်တည်ရှိနေကြကြောင်း၊ နိုင်ငံတစ်နိုင်ငံ၊ လူမျိုးတစ်မျိုး၏ ယဉ်ကျေးမှုကို ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ်နှင့် ဒြပ်ရှိယဉ်ကျေးမှုအမွေအနှစ်ဟူသည့် နယ်ပယ်နှစ်ခုနှင့် ခွဲခြားသိမြင်ထားကြကြောင်း၊ ခြုံ၍ အဓိပ္ပာယ်ဖွင့်ရမည်ဆိုပါကဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ်ဟူသည်မှာ လူမျိုးတစ်မျိုး၏ ပြောဆိုသည့်ဘာသာစကား၊ အတွေးအခေါ်၊

**မိမိတို့နိုင်ငံနှင့် လူမျိုးကို နိုင်ငံတကာက ပိုမိုသိရှိလာအောင်၊ ရင်းနှီးခင်မင်လာအောင်၊ အနုပညာနည်းလမ်းနှင့် ဖြန့်ဝေပေးနိုင်အောင်၊ နိုင်ငံတော်တည်ဆောက်ရေးတွင်လည်း ပြည်သူလူထု၏ အတွေးအခေါ်၊ အယူအဆများမှန်ကန်လာစေရေးနှင့် နိုင်ငံအကျိုးအတွက် ပြည်သူတစ်ရပ်လုံးပါဝင်လာအောင် နှိုးဆော်တိုက်တွန်းရာတွင် ထိရောက်သည့်အနုပညာစွမ်းပကားဖြင့် ဆောင်ရွက်ပေးကြစေလို . . .**

ကြောင်း၊ ရုပ်ရှင်ဇာတ်ကားကောင်းတစ်ခုသည် ကြည့်ရှုသူကိုရင်ထဲစွဲကျန်စေသည်၊ ရိုက်ခတ်စေသည်၊ တသသဖြစ်စေသည်ဖြစ်ကြောင်း၊ ဥပမာအားဖြင့် မိမိတို့ခေတ်ကာလတွင်ပြသခဲ့သည့် ဘယ်သူပြိုင်လို့ လှပါတော့နိုင်၊ မှုံရွေရည်၊ သကြ်ာန်မိုးတို့ကဲ့သို့ ဇာတ်ကားမျိုးသည် မည်သည့်အချိန်ပြန်ကြည့်ရသည်ဖြစ်စေ မရိုးနိုင်အောင် စွဲမြဲနေသည့် ဇာတ်ကားမျိုး၊ အတုယူဖွယ်ရာ ဇာတ်ကားမျိုး၊ တသသဖြစ်နေရသည့် ဇာတ်ကားမျိုးများဖြစ်ကြောင်း၊ အခြား



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ရုပ်ရှင်တစ်သက်တာထူးချွန်ဆုရ မင်းသားကြီး ဦးကြည်စိုးအား ဆုပေးအပ်ချီးမြှင့်စဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ဇနီး ဒေါ်ကြူကြူလှ ရုပ်ရှင်တစ်သက်တာထူးချွန်ဆုရ ထပ်ဆင့်အကယ်ဒမီ ဝါဝါဝင်းရွှေအား ဆုပေးအပ်ချီးမြှင့်စဉ်။

ဓလေ့စရိုက်၊ ဝတ်စားဆင်ယင်ထုံးဖွဲ့မှု၊ ကိုးကွယ်ယုံကြည်မှုနှင့် ရိုးရာဓလေ့ထုံးစံများ၊ လက်မှုအနုပညာနှင့် အနုသုခုမပညာများကို ပေါင်းခြုံထားသည့် ယဉ်ကျေးမှုပင်ဖြစ်ပြီး၊ ဒြပ်ရှိယဉ်ကျေးမှုအမွေအနှစ်သည် လူမျိုးတစ်မျိုး၏ ပြုလုပ်သုံးစွဲခဲ့သည့် ကိုင်တွယ်ထိတွေ့၍ ရသည့်ပစ္စည်းအားလုံးဟုမှတ်ယူရမည်ဖြစ်ကြောင်း။

၁၉ ကြိမ်မြောက် ကမ္ဘာ့ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ်ညီလာခံတွင် မိမိတို့နိုင်ငံ၏ မြန်မာ့ရိုးရာ နှစ်သစ်ကူးအတာသင်္ကြန်ပွဲတော်ကို ကမ္ဘာ့ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ်စာရင်းဝင်အဖြစ် သတ်မှတ်ခံခဲ့ရကြောင်း၊ ဆက်လက်၍လည်း မြန်မာ့သနပ်ခါးကို ကမ္ဘာ့ယဉ်ကျေးမှုအမွေအနှစ်အဖြစ် သတ်မှတ်ခံရနိုင်ရေးအတွက် ယူနက်စကိုကိုတင်ပြရန် ဆောင်ရွက်နေပြီဖြစ်ကြောင်း၊ မိမိတို့၏ တန်ဖိုးရှိသည့်ရှိပြီးသားအမျိုးသားယဉ်ကျေးမှုအမွေအနှစ်များကို လူသားအားလုံးနှင့်သက်ဆိုင်သည့် ကမ္ဘာ့ယဉ်ကျေးမှုအမွေအနှစ်များအဖြစ် သမိုင်းမှတ်တမ်းထားရှိနိုင်ရေးစဉ်ဆက်မပြတ် ကြိုးပမ်းလုပ်ဆောင်ရမည်ဖြစ်သကဲ့သို့ အောင်မြင်မှုရရှိစေရေးအတွက်လည်း မြန်မာနိုင်ငံသူ၊ နိုင်ငံသားအားလုံးက ဝိုင်းဝန်းကြိုးပမ်းဖော်ဆောင်ပေးကြရန် အလေးအနက်တိုက်တွန်းပြောကြားလိုကြောင်း။

တစ်ဆက်တည်း ပြောကြားလိုသည်မှာ **အနုပညာတစ်ရပ်က ဆင့်ပွားပေးလိုက်သည့် အကြောင်းတရားများသည် နိုင်ငံတစ်နိုင်ငံ၏ ယဉ်ကျေးမှုတန်ဖိုးကိုပြသရာရောက်သည့်အတွက် ရုပ်ရှင်အနုပညာသည် အင်မတန် အရေးပါအရာရောက်ကြောင်း၊ အနုပညာ၊ အတတ်ပညာနှင့် နည်းပညာများ ပေါင်းစပ်ပါဝင်နေသည့် ရုပ်ရှင်သည် ပြည်သူလူထု၏ ရင်ထဲနှလုံးသားထဲကိုညင်ညင်သာသာနှင့်ထိထိရောက်ရောက် ဩဇာလွှမ်းမိုးနိုင်သည့် သက်ရောက်မှုကြီးမားသည့် မီဒီယာ Soft Power တစ်ခုဖြစ်ကြောင်း။**

ထို့ကြောင့် ရုပ်ရှင်အနုပညာနှင့်အသက်မွေးဝမ်းကျောင်းပြုနေကြသည့် ရုပ်ရှင်ထုတ်လုပ်သူများ၊ အတတ်ပညာရှင်များ၊ သရုပ်ဆောင်များအားလုံး၏ အခန်းကဏ္ဍသည်လည်း အလွန်အရေးပါသည်ဟုပြောကြားလိုကြောင်း၊ ရုပ်ရှင်ဇာတ်ကားကောင်းတစ်ခုဖြစ်ပေါ်လာရေးသည် တစ်ဦးတစ်ယောက်တည်း၏ လုပ်ဆောင်မှုဖြင့်မရကြောင်း၊ ဇာတ်ပို့ဇာတ်ဆောင်၊ သရုပ်ဆောင်အမျိုးမျိုး၊ ဝတ္ထု၊ ဇာတ်လမ်း၊ ဇာတ်ညွှန်း၊ အသံ၊ ဓာတ်ပုံ၊ တေးဂီတ၊ မီးအလင်းအမှောင်၊ အထူးပြုလုပ်သူ၊ မိတ်ကပ်ကအစနောက်ဆုံး ဒါရိုက်တာ၏ အဓိကဦးဆောင်မှုဖြင့် စုပေါင်းညီညာမှုသာဖြစ်လာခြင်းဖြစ်ပြီး စုပေါင်းအားကိုပေါ်လွင်နေကြောင်း၊ တစ်ဦးချင်းမည်မျှကောင်းသည်ဖြစ်စေ စုပေါင်းအားမပါပါက ဇာတ်ကားကောင်းတစ်ခု ဖြစ်မလာနိုင်ကြောင်း၊ ဇာတ်ကားကောင်းများစွာလည်း ရှိကြကြောင်း၊ ထိုကဲ့သို့ ပြည်သူ့ရင်ထဲစွဲမြဲပြီး အကျိုးပြုစေမည့် ဇာတ်ကားမျိုးဖန်တီးပေးကြစေလိုကြောင်း၊ **မိမိတို့နိုင်ငံနှင့် လူမျိုးကို နိုင်ငံတကာက ပိုမိုသိရှိလာအောင်၊ ရင်းနှီးခင်မင်လာအောင်၊ အနုပညာနည်းလမ်းနှင့် ဖြန့်ဝေပေးနိုင်အောင်၊ နိုင်ငံတော်တည်ဆောက်ရေးတွင်လည်း ပြည်သူလူထု၏ အတွေးအခေါ်၊ အယူအဆများမှန်ကန်လာစေရေးနှင့် နိုင်ငံအကျိုးအတွက် ပြည်သူတစ်ရပ်လုံးပါဝင်လာအောင် နှိုးဆော်တိုက်တွန်းရာတွင် ထိရောက်သည့်အနုပညာစွမ်းပကားဖြင့် ဆောင်ရွက်ပေးကြစေလိုကြောင်း။**

စာမျက်နှာ ၁၈ သို့



အကောင်းဆုံးအမျိုးသား ဝတ်စားဆင်ယင်မှု အကြီးတန်းဆုရ ထပ်ဆင့်အကယ်ဒမီ ရန်အောင် ဆုလက်ခံရယူစဉ်။



အကောင်းဆုံးအမျိုးသမီး ဝတ်စားဆင်ယင်မှုဆုရ နန်းစုရတီစိုး ဆုလက်ခံရယူစဉ်။



အကောင်းဆုံး ရုပ်ရှင်အသံဆုရ အောင်မျိုးမြတ်နှင့် ရဲဝင်းအကယ်ဒမီ ရွှေစင်ရုပ်တု လက်ခံရယူစဉ်။



အကောင်းဆုံး ရုပ်ရှင်တည်းဖြတ်ဆုရ အာကာကျော် အကယ်ဒမီ ရွှေစင်ရုပ်တု လက်ခံရယူစဉ်။



အကောင်းဆုံး ရုပ်ရှင်ဇာတ်ညွှန်းဆုရ အေးသီရိကို အကယ်ဒမီ ရွှေစင်ရုပ်တု လက်ခံရယူစဉ်။



၂၀၂၄ ခုနှစ် မြန်မာ့ရုပ်ရှင်အထူးဆုရ မိတ်ကပ်ပညာရှင် လုံလုံ (လက်ဘီဒီပ)အကယ်ဒမီရွှေစင်ရုပ်တု လက်ခံရယူစဉ်။

**စာမျက်နှာ ၁၇ မှအဆက်**

အားလုံး သိကြသည့်အတိုင်း နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအစိုးရ အနေဖြင့် **"ရှေ့သို့ချီမည် ပန်းတိုင်ဆီ"** ဟူသည့် ဆောင်ပုဒ်နှင့်အညီ နိုင်ငံ့အကျိုး၊ တိုင်းရင်းသား ပြည်သူတစ်ရပ်လုံး၏ အကျိုးကိုရှေးရှုပြီး ဒီမိုကရေစီနှင့်ဖက်ဒရယ် စနစ်ကိုအခြေခံသည့် ပြည်ထောင်စုနှင့် လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်မှုကို ကြိုးပမ်းတည်ဆောက်ပေးလျက်ရှိကြောင်း။

ကမ္ဘာကြီး၏ မျက်မှောက်အခြေအနေအရဖြစ်စေ၊ မိမိတို့နိုင်ငံ၏ ပကတိအခြေအနေအရဖြစ်စေ ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသား စည်းလုံးညီညွတ်မှုမပြိုကွဲရေး၊ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးဟူသည့် ဒို့တာဝန်အရေးသုံးပါးသည် အလိုအပ်ဆုံးနှင့်အဖြစ်သင့်ဆုံး အမျိုးသားရေးရည်မှန်းချက်၊ အမျိုးသားရေးတာဝန်ဖြစ်သည်ကို နိုင်ငံသားအားလုံးက နားလည်လက်ခံကြရန် အထူးပင်လိုအပ်ကြောင်း၊ ယနေ့အချိန်တွင် နိုင်ငံတော်အစိုးရသည် ဒို့တာဝန်အရေးသုံးပါးကို အရင်းမူလထားပြီး နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးဦးတည်ချက်များ ချမှတ် ဆောင်ရွက်လျက်ရှိသည့်အတွက် မြန်မာနိုင်ငံသားအားလုံးက မြန်မာစိတ် မွေးပြီး **"ငါတို့အားလုံးက မြန်မာ(WE ARE MYANMAR)"**ဟူသည့် စိတ်၊ တစ်သွေးတစ်သားတည်းဟူသည့် စည်းလုံးညီညွတ်သည့် အမျိုးသားရေးစိတ်ဓာတ်များဖြင့် နိုင်ငံတော်ကြီး အေးချမ်းသာယာစေရန်နှင့် ဖွံ့ဖြိုးတိုးတက်ရေးအတွက် အတူတကွ လက်တွဲအကောင်အထည်ဖော်ပေးကြရန် လိုအပ်ကြောင်း။

ယင်းနေရာတွင် သတိပြုရမည့်အချက်အနေဖြင့် ဘာသာရေး၊ အမျိုးသားယဉ်ကျေးမှုနှင့် စည်းလုံးညီညွတ်မှုပျက်ပြားစေပြီး လူငယ်လူရွယ်များကို အတွေးအခေါ် အယူအဆမှားယွင်းအောင်၊ စိတ်ဓာတ်များ ဆုတ်ယုတ်ပျက်ပြားလာအောင် လူမှုကွန်ရက်များနှင့် ကျင့်ဝတ်မဲ့မီဒီယာများကတစ်ဆင့် လုပ်ဆောင်နေမှုများပင်ဖြစ်ကြောင်း၊ ယင်းတို့သည် နိုင်ငံအကျိုးပျက်စီးစေမည့် ကြံဆောင်မှုများဖြစ်သဖြင့် လျော့နည်းပပျောက်အောင် ကာကွယ်စောင့်ရှောက်ကြရန် လိုအပ်ကြောင်း၊ **ရုပ်ရှင်သည် ပြည်သူ့အတွက် ဆိုသည့်အတိုင်း ရုပ်ရှင်အနုပညာရှင်များကလည်း နိုင်ငံနှင့်လူမျိုးကောင်းရာကောင်းကျိုးဖော်ဆောင်နိုင်မည့် နိုင်ငံ့အကျိုးပြု အနုပညာဖန်တီးမှုများကိုဖော်ဆောင်ပေးကြရန် တိုက်တွန်းမှာကြားလိုကြောင်း။**

ယနေ့အချိန်တွင် နိုင်ငံတော်အစိုးရသည် စားရေရိက္ခာဖူလုံရေးအတွက် စိုက်ပျိုးမွေးမြူရေး ထုတ်ကုန်များကို တိုးတက်ထုတ်လုပ်နိုင်အောင် စီမံဆောင်ရွက်လျက်ရှိကြောင်း၊ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုသည် နိုင်ငံတော်အတွက် အရေးကြီးသောကြောင့် စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် အသေးစား၊ အငယ်စား၊ အလတ်စား စီးပွားရေးလုပ်ငန်းများဖြစ်သည့် MSME ကဏ္ဍတိုးတက်အောင် တိုက်တွန်းအားပေး အကောင်အထည်ဖော်လျက်ရှိကြောင်း၊ တိုင်းပြည်သာယာဝပြောစေရေး မြေကြီးက ရွှေသီးအောင် အေးချမ်းသာယာရေး၊ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ရည်မှန်းချက်များအောင်မြင်စေရေးအနုပညာရှင်များ၏ ပူးပေါင်းပါဝင်မှုအခန်းကဏ္ဍကပိုမိုထိရောက်စေနိုင်သည် ဖြစ်သဖြင့် အနုပညာနယ်ပယ်အသီးသီးက တစ်ဖက်တစ်လမ်းကပေါင်းစပ်ပံ့ပိုးကူညီ

**အနုပညာတစ်ရပ်က ဆင့်ပွားပေးလိုက်သည့် အကြောင်းတရားများသည် နိုင်ငံတစ်နိုင်ငံ၏ ယဉ်ကျေးမှုတန်ဖိုးကိုပြသရာရောက်သည့်အတွက် ရုပ်ရှင်အနုပညာသည် အင်မတန်အရေးပါအရာရောက်၊ အနုပညာ၊ အတတ်ပညာနှင့် နည်းပညာများ ပေါင်းစပ်ပါဝင်နေသည့်ရုပ်ရှင်သည် ပြည်သူလူထု၏ ရင်ထဲနှလုံးသားထဲကို ညင်ညင်သာသာနှင့် ထိထိရောက်ရောက် ဩဇာလွှမ်းမိုးနိုင်သည့် သက်ရောက်မှုကြီးမားသည့် မီဒီယာ Soft Power တစ်ခုဖြစ် . . .**

လုပ်ကြရမည်ဖြစ်ကြောင်း၊ ပြည်တွင်းကုန်ထုတ်လုပ်မှုများကိုလည်း အားပေးကြရမည်ဖြစ်ကြောင်း၊ မိမိတို့အလုပ်လုပ်မှ မြေကြီးက ရွှေသီးမည်ဖြစ်ကြောင်း၊ လတ်တလော၌ပင် ၇၈ နှစ်မြောက် ပြည်ထောင်စုနေ့ အထိမ်းအမှတ် ပြည်ထောင်စုအဆင့် MSME ထုတ်ကုန်ပြပွဲနှင့် ပြိုင်ပွဲများကို နေပြည်တော်၊ တပေါင်းကွင်းတွင် ယခုလ ၁၀ ရက်မှ ၁၄ ရက်ထိ ပြုလုပ်သွားမည်ဖြစ်ကြောင်း။

ထိုသို့ဆောင်ရွက်ရာတွင် နိုင်ငံတော်အတွက် ဖြစ်သင့်ဖြစ်ထိုက်သည့် ကူညီပံ့ပိုးမှုများကိုတတ်နိုင်သမျှ ပံ့ပိုးကူညီပေးလျက်ရှိကြောင်း၊ **ဆက်လက်၍လည်း အားပေးဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း။**

ယခုနှစ်အတွက် ထူးချွန်ဆုရရှိသည့် အနုပညာရှင်များအနေဖြင့် အနုပညာဆောင်ရွက်ပေးကြရန် တိုက်တွန်းပြောကြားလိုကြောင်း၊ ထူးချွန်သည့်အနုပညာရှင်လူငယ်များ ပေါ်ထွန်းလာခြင်းကိုလည်း ကြိုဆိုကြောင်း၊ လူငယ်များသည် အနာဂတ်အတွက်ဖြစ်ကြောင်း။

မိမိအနေဖြင့် နှစ်စဉ်တိုက်တွန်းပြောကြားခဲ့သည့် စကားတစ်ခွန်းကို ယခုနှစ်တွင်လည်း ပြန်လည်တိုက်တွန်းပြောကြားလိုကြောင်း၊ **နိုင်ငံတော်အစိုးရအနေဖြင့် စာပေ၊ ရုပ်ရှင်၊ ဂီတ၊ သဘင်စသည့် နယ်ပယ်ကဏ္ဍအသီးသီး၌ ဖွံ့ဖြိုးတိုးတက်လာရေး** လုပ်ငန်းများကို ဆက်လက်အောင်မြင်တိုးတက်စေရေးအတွက် အင်အားများပိုမိုရရှိစေပြီး မိမိတို့၏အနုပညာအလုပ်များကို ပိုမိုအားထုတ်ကြိုးပမ်းသွားကြမည်ဟု ယုံကြည်မျှော်လင့်ကြောင်း။

အလားတူ ထူးချွန်ဆုမရရှိသေးသည့် အနုပညာရှင်များအနေဖြင့်လည်း လာမည့်နှစ်ကာလများတွင် မိမိတို့၏အနုပညာစွမ်းပကားများကိုမြှင့်တင်ပြီး ထူးချွန်ဆုများရရှိအောင်ကြိုးစားကြရန် တိုက်တွန်းလိုကြောင်း၊ **စာမျက်နှာ ၁၉ သို့**

စာမျက်နှာ ၁၈ မှအဆက်

အထူးမေတ္တာရပ်ခံလိုသည်မှာ မြန်မာ့ဓလေ့စရိုက်များမမေးမှိန်၊ မပျောက်ပျက်စေရေး၊ တိုင်းတစ်ပါး ယဉ်ကျေးမှုဓလေ့စရိုက်လွှမ်းမိုးလာမှုကိုကာကွယ်တားဆီးပေးကြရန်၊ မိမိတို့ယဉ်ကျေးမှုများကို အရိုးပေါ်အရွက်မဖုံးစေရန်နှင့် ပြောင်းလဲလာနေသည့် ခေတ်ရေစီးကြောင်းပေါ်တွင် လိုက်လျောညီထွေစွာလိုက်ပါပြီး နိုင်ငံနှင့်လူမျိုးအကျိုးအတွက် မိမိတို့တတ်ကျွမ်းသည့်အနုပညာကို အခြေတည်ပြီး အမျိုးသားရေးစိတ်ဓာတ် ဖြင့် အကျိုးရှိအောင်ဖော်ဆောင်ပေးကြရန် တိုက်တွန်းပါကြောင်းဖြင့် ပြောကြားသည်။

ဆက်လက်၍ မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးဥက္ကဋ္ဌ အကယ်ဒမီများရှင် ဦးကြည်စိုးထွန်းက ဝမ်းမြောက်စကားပြောကြားသည်။



ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း အကောင်းဆုံးအမျိုးသားဇာတ်ဆောင်ဆုရ အကယ်ဒမီများရှင် နေတိုးအား အကယ်ဒမီရွှေစင်ရုပ်တု ချီးမြှင့်စဉ်။



အကောင်းဆုံးအမျိုးသမီးဇာတ်ဆောင်ဆုရ အကယ်ဒမီများရှင် ဝတ်မှုံရွှေရည် အကယ်ဒမီရွှေစင်ရုပ်တု လက်ခံရယူစဉ်။



အကောင်းဆုံးရုပ်ရှင်ဒါရိုက်တာဆုရ အကယ်ဒမီ ဝင်းလွင်ထက် အကယ်ဒမီရွှေစင်ရုပ်တု လက်ခံရယူစဉ်။



အကောင်းဆုံးအမျိုးသားဇာတ်ပို့ဆုရ အေးချမ်းမောင် အကယ်ဒမီရွှေစင်ရုပ်တု လက်ခံရယူစဉ်။



အကောင်းဆုံးရုပ်ရှင်ဇာတ်ကားဆုရ Taurus V Production အကယ်ဒမီရွှေစင်ရုပ်တု လက်ခံရယူစဉ်။

ထို့နောက် အခမ်းအနားမှူးက ၂၀၂၄ ခုနှစ်အတွက် မြန်မာ့ရုပ်ရှင်ထူးချွန်ဆုချီးမြှင့်ပွဲအခမ်းအနားတွင် ပါဝင်ကူညီပေးကြသည့် ရွှေကြိုမောင်၊ မယ်များကို တစ်ဦးချင်းမိတ်ဆက်ပေးပြီး အနုပညာရှင်များက ကမ္ဘာ့အမွေအနှစ်စာရင်းဝင် မြန်မာ့ရိုးရာ အတာသင်္ကြန်ပွဲတော်ကို ဂုဏ်ပြုသည့်အနေဖြင့် မြူမှောင်ဝေကင်းတေးသီချင်းဖြင့် ကပြဖျော်ဖြေတင်ဆက်ကြသည်။

ယင်းနောက် ၂၀၂၄ ခုနှစ်အတွက် မြန်မာ့ရုပ်ရှင်ထူးချွန်ဆုများကို ပေးအပ်ချီးမြှင့်ရာ ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းက ၂၀၂၄ ခုနှစ်အတွက် မြန်မာ့ရုပ်ရှင်တစ်သက်တာဆု ရရှိကြသူများကို ဖွင့်ဖောက်ကြေညာသည်။

ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်ဇနီးတို့က မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးနှင့် အနုပညာရှင်၊ အတတ်ပညာရှင်များအပါအဝင် ရုပ်ရှင်လောကသားအားလုံးက လှိုက်လှဲဂုဏ်ယူစွာချီးမြှင့်သည့် ရုပ်ရှင်တစ်သက်တာထူးချွန်ဆုရရှိကြသော မင်းသားကြီးဦးကြည်စိုး၊ အကယ်ဒမီဒါရိုက်တာ မောင်နှင်းမိုး၊ ထပ်ဆင့်အကယ်ဒမီ ဝါဝါဝင်းရွှေ၊ ထပ်ဆင့်အကယ်ဒမီခင်သန်းနုတို့ကို ဆုများပေးအပ်ချီးမြှင့်ကြပြီး မှတ်တမ်းတင်စုပေါင်းဓာတ်ပုံရိုက်ကြသည်။

ယင်းနောက် ရုပ်ရှင်တစ်သက်တာထူးချွန်ဆုရရှိကြသည့် အနုပညာရှင်များက ဝမ်းမြောက်ကျေးဇူးတင်စကားပြောကြားသည်။

ထို့နောက် ၂၀၂၄ ခုနှစ်အတွက် ထူးချွန်ဆုရရှိကြသူများကို ဝါရင့်

**ရုပ်ရှင်သည် ပြည်သူ့အတွက်ဆိုသည့်အတိုင်း ရုပ်ရှင်အနုပညာရှင်များကလည်း နိုင်ငံနှင့် လူမျိုးကောင်းရာကောင်းကျိုးဖော်ဆောင်နိုင်မည့် နိုင်ငံ့အကျိုးပြု အနုပညာဖန်တီးမှုများကို ဖော်ဆောင်ပေးကြရန် တိုက်တွန်းမှာကြားလို . . .**

ရုပ်ရှင်အတတ်ပညာဆုနှင့် ရုပ်ရှင်အနုပညာဆုများကိုဖွင့်ဖောက်ကြေညာရာ အကောင်းဆုံး ရုပ်ရှင်ဓာတ်ပုံဆုကို **"ချစ်သူသာ ပန်းတစ်ပွင့်ဖြစ်ခဲ့လျှင်"**ဇာတ်ကားဖြင့် ကောင်းဇံ၊ အကောင်းဆုံးရုပ်ရှင်တေးဂီတဆုကို **"အိပ်မက်ကာရန်"** ဇာတ်ကားဖြင့် အကယ်ဒမီဓိရာမိုရ်၊ အကောင်းဆုံး ရုပ်ရှင်အသံဆုကို **"မီး"** ဇာတ်ကားဖြင့် အောင်မျိုးမြတ်နှင့်ရဲဝင်း၊ အကောင်းဆုံး ရုပ်ရှင်တည်းဖြတ်ဆုကို **"နှောင်"**ဇာတ်ကားဖြင့် အာကာကျော်၊ အကောင်းဆုံး ရုပ်ရှင်ဇာတ်ညွှန်းဆုကို **"တိမ်ပန်းချီ"**ဇာတ်ကားဖြင့် အေးသီရိကို၊ အကောင်းဆုံး ရုပ်ရှင်ဇာတ်ကားဆုကို **"ချစ်သူသာ ပန်းတစ်ပွင့်ဖြစ်ခဲ့လျှင်"**ဇာတ်ကားဖြင့် Taurus V production၊ ၂၀၂၄ ခုနှစ်အတွက် မြန်မာ့ရုပ်ရှင် အထူးဆုအဖြစ် **"နှောင်"**ဇာတ်ကားဖြင့် မိတ်ကပ်ပညာရှင်လုံလုံ(လက်ာဒီပ)တို့က ရရှိကြသည်။

အကယ်ဒမီဆုများရှင် အနုပညာရှင်ကြီးများက အကယ်ဒမီရွှေစင်ရုပ်တုများ ပေးအပ်ချီးမြှင့်ကြပြီး မြန်မာ့ရုပ်ရှင်ထူးချွန်ဆုရရှိသူများက ကျေးဇူးတင်စကားပြောကြားကြသည်။

ယင်းနောက် ၂၀၂၄ ခုနှစ်အတွက် မြန်မာ့ရုပ်ရှင်ထူးချွန်ဆု ချီးမြှင့်ပွဲအခမ်းအနားသို့ တက်ရောက်လာကြသည့် အနုပညာရှင်များထဲမှ ရွေးချယ်ပေးအပ်သော အကောင်းဆုံးဝတ်စားဆင်ယင်မှုဆုများ( Myanmar Academy Fashion Awards)ကိုပေးအပ်ချီးမြှင့်ရာ အကောင်းဆုံး အမျိုးသားဝတ်စားဆင်ယင်မှု အကြီးတန်းဆုကို အကယ်ဒမီများရှင် ရန်အောင်၊ အကောင်းဆုံးအမျိုးသမီးဝတ်စားဆင်ယင်မှု အကြီးတန်းဆုကို အကယ်ဒမီစိုးမိုးကြည်၊ အကောင်းဆုံး အမျိုးသား ဝတ်စားဆင်ယင်မှုဆုကို ထက်အောင်ရှိုင်း၊ အကောင်းဆုံးအမျိုးသမီး ဝတ်စားဆင်ယင်မှုဆုကို နန်းစုရတီစိုးတို့က ရရှိကြပြီး အကယ်ဒမီများရှင်ဆွေဇင်ထိုက်က ဆုများပေးအပ်ချီးမြှင့်သည်။

ဆက်လက်၍ ၂၀၂၄ ခုနှစ်အတွက် ရုပ်ရှင်အတတ်ပညာဆုနှင့် ရုပ်ရှင်အနုပညာဆုများကိုဖွင့်ဖောက်ကြေညာရာ အကောင်းဆုံး ရုပ်ရှင်ဒါရိုက်တာဆုကို **"အိပ်မက်ကာရန်"** ဇာတ်ကားဖြင့် အကယ်ဒမီ ဝင်းလွင်ထက်၊ အကောင်းဆုံး အမျိုးသမီးဇာတ်ပို့ဆုကို **"ဘိုးတော်ကင်း"** ဇာတ်ကားဖြင့် ခြူးလေး၊ အကောင်းဆုံး အမျိုးသားဇာတ်ပို့ဆုကို **"မီး"**ဇာတ်ကားဖြင့် အေးချမ်းမောင်၊ အကောင်းဆုံးအမျိုးသမီးဇာတ်ဆောင်ဆုကို **"တိမ်ပန်းချီ"** ဇာတ်ကားဖြင့် အကယ်ဒမီဝတ်မှုံရွှေရည်၊ အကောင်းဆုံး အမျိုးသားဇာတ်ဆောင်ဆုကို **"နှောင်"**ဇာတ်ကားဖြင့် အကယ်ဒမီနေတိုးတို့က ရရှိကြသည်။

ထူးချွန်ဆုရရှိကြသူများကို ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းနှင့် ဝါရင့်အကယ်ဒမီဆုများရှင် အနုပညာရှင်ကြီးများက အကယ်ဒမီရွှေစင်ရုပ်တုများ ပေးအပ်ချီးမြှင့်ကြပြီး မြန်မာ့ရုပ်ရှင်ထူးချွန်ဆုရရှိသူများက ကျေးဇူးတင်စကားပြောကြားကြသည်။

မြန်မာ့ရုပ်ရှင် ထူးချွန်ဆုချီးမြှင့်ပွဲကျင်းပစဉ်အတွင်း အနုပညာရှင်များက တေးသီချင်းများ၊ အကအလှများဖြင့် အလှည့်ကျ ဖျော်ဖြေတင်ဆက်ကြသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်ဇနီးတို့သည် ၂၀၂၄ ခုနှစ်အတွက် မြန်မာ့ရုပ်ရှင် ထူးချွန်ဆုရရှိသူများနှင့်အတူ စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်ပြီး အခမ်းအနားသို့တက်ရောက်လာကြသည့် ရုပ်ရှင်၊ စာပေ၊ သဘင်၊ ဂီတနယ်ပယ်အသီးသီးမှ အသိပညာရှင်၊ အတတ်ပညာရှင်များနှင့် အနုပညာရှင်များကို ရင်းရင်းနှီးနှီးလိုက်လံနှုတ်ဆက်သည်။

၁၉၂၀ ပြည့်နှစ်မှ စတင်ခဲ့သည့် မြန်မာ့ရုပ်ရှင်သည် အခုဆိုလျှင် နှစ်ပေါင်း ၁၀၅ နှစ်သို့ရောက်ရှိခဲ့ပြီဖြစ်သည်။ မြန်မာ့ရုပ်ရှင်အဆင့်အတန်းမြင့်မားရေးကို ရှေးရှု၍ ၁၉၅၂ ခုနှစ်ကစတင်ပြီး မြန်မာ့ရုပ်ရှင်အဆင့်အတန်းမြှင့်တင်ရေး အကဲဖြတ်အဖွဲ့သည် မြန်မာ့ရုပ်ရှင်လောကသား ထူးချွန်ထက်မြက်သည့် အနုပညာရှင်အတတ်ပညာရှင်များကိုရွေးချယ်ကာ ထူးချွန်ဆုချီးမြှင့်ခဲ့သည်မှာ ယနေ့ကျင်းပသည့် ၂၀၂၄ ခုနှစ်အတွက် အကောင်းဆုံးမြန်မာ့ရုပ်ရှင် ထူးချွန်ဆုပေးပွဲသည် ၇၃ နှစ်အတွင်းတွင် ၆၆ ကြိမ်မြောက်ချီးမြှင့်ခြင်းဖြစ်ကြောင်း သတင်းရရှိသည်။ (၅၀၁)

## “ပြည့်အင်အားသည် ပြည်တွင်းမှာသာရှိသည်”

**“ပြည့်အင်အားသည် ပြည်တွင်းမှာသာရှိသည်”ဆိုသည့်အတိုင်း ပြည်တွင်းစီးပွားရေးအား၊ ပြည်တွင်းနိုင်ငံရေးခိုင်မာမှုအင်အား၊ ပြည်တွင်းကာကွယ်ရေးစွမ်းပကားဟူသော အားသုံးအားကို ကြိုးစားတည်ဆောက်သွားမည်ဖြစ်ပါသည်။**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်
ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မမင်းအောင်လှိုင်
၂၀၂၅ ခုနှစ် (၇၇)နှစ်မြောက် လွတ်လပ်ရေးနေ့အခမ်းအနားသို့ ပေးပို့သည့် သဝဏ်လွှာမှ ကောက်နုတ်ချက်







နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် အိန္ဒိယနိုင်ငံမှ လူသားချင်းစာနာထောက်ထားမှုခေါင်းဆောင်နှင့် ငြိမ်းချမ်းရေးသံတမန်ကြီး Gurudev Sri Sri Ravi Shankar တို့ အမှတ်တရလက်ဆောင်ပစ္စည်းများ အပြန်အလှန်ပေးအပ်ကြစဉ်။

☆ ကျောဖုံးမှအဆက်

ကောင်စီ တွဲဖက်အတွင်းရေးမှူး ဗိုလ်ချုပ်ကြီးရဲဝင်းဦး၊ ကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီးရာပြည့်၊ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် ဦးသန်းဆွေနှင့် ဦးတင်ဦးလွင်တို့ တက်ရောက်ကြပြီး အိန္ဒိယနိုင်ငံမှ လူသားချင်းစာနာထောက်ထားမှုခေါင်းဆောင်နှင့် ငြိမ်းချမ်းရေးသံတမန်ကြီးနှင့် ကိုယ်စားလှယ်အဖွဲ့ဝင်များ တက်ရောက်ကြသည်။

ထိုသို့တွေ့ဆုံရာတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က ကမ္ဘာတွင်ငြိမ်းချမ်းရေးရရှိရေးအတွက် နည်းလမ်းပေါင်းစုံဖြင့် ကြိုးပမ်းဆောင်ရွက်နေသည့် ပုဂ္ဂိုလ်ကြီးအနေဖြင့် ယခုကဲ့သို့ မြန်မာနိုင်ငံသို့ ကိုယ်တိုင်လာရောက်ခဲ့မှုအတွက် ဝမ်းမြောက်ကြိုဆိုပါကြောင်းဖြင့် နှုတ်ခွန်းဆက်စကားပြောကြားပြီး အိန္ဒိယနိုင်ငံမှ လူသားချင်းစာနာထောက်ထားမှုခေါင်းဆောင်နှင့် ငြိမ်းချမ်းရေးသံတမန်ကြီးက မြန်မာနိုင်ငံသို့ လာရောက်ခဲ့ခြင်းသည် မြန်မာနိုင်ငံ၏ငြိမ်းချမ်းရေးနှင့် သာယာဝပြောရေးအတွက် တတ်နိုင်သည့်ဘက်က ကူညီဆောင်ရွက်ပေးနိုင်ရန်အတွက် ယခုကဲ့သို့ လာရောက်ခဲ့ခြင်းဖြစ်ကြောင်း၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် ယခုကဲ့သို့ တွေ့ဆုံဆွေးနွေးမှုအတွက်လည်း ဝမ်းမြောက်ဂုဏ်ယူပါကြောင်းဖြင့် ပြောကြားသည်။

ယင်းနောက် မြန်မာနိုင်ငံအနေဖြင့် လွတ်လပ်ရေးရရှိပြီးအချိန်မှ စတင်၍ ယနေ့အချိန်ထိ နိုင်ငံရေးဖြစ်ပေါ်ပြောင်းလဲမှုအခြေအနေများ၊ လွတ်လပ်ရေးရရှိပြီးချိန်မှစတင်၍ ပြည်ပမှသွေးခွဲမှုများကြောင့် တိုင်းရင်းသားလက်နက်ကိုင်ပဋိပက္ခများ ပေါ်ပေါက်ခဲ့မှုနှင့် ပြည်တွင်းငြိမ်းချမ်းရေးလုပ်ငန်းများကို ခေတ်အဆက်ဆက်ဆောင်ရွက်ခဲ့မှုအခြေအနေများ၊ ၂၀၁၁ ခုနှစ်မှ စတင်၍ ဒီမိုကရေစီလမ်းကြောင်းပေါ်တွင် လျှောက်လှမ်းခဲ့မှုနှင့် ၂၀၂၀ ပြည့်နှစ်ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲတွင် မဲမသမာမှုများ ဖြစ်ပွားခဲ့ခြင်းကြောင့် တပ်မတော်အနေဖြင့် နိုင်ငံတော်တာဝန်ကို ထမ်းဆောင်ခဲ့ရမှုအခြေအနေများ၊ နိုင်ငံရေးသဘောထားကွဲလွဲမှုများကြောင့် ဖြစ်ပေါ်လာသည့် ဆူပူမှုများကတစ်ဆင့် အကြမ်းဖက်လုပ်ရပ်များ ပေါ်ပေါက်လာမှုအခြေအနေများ၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် နိုင်ငံတည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်လျက်ရှိမှုအခြေအနေများ၊ အိန္ဒိယနိုင်ငံမှ လူသားချင်းစာနာထောက်ထားမှုခေါင်းဆောင်နှင့်ငြိမ်းချမ်းရေးသံတမန်ကြီးအနေဖြင့် ကမ္ဘာပေါ်ရှိနိုင်ငံများ၌ ငြိမ်းချမ်းရေးများရရှိရန်အတွက် ကြားဝင်စေ့စပ်ကူညီဆောင်ရွက်ပေးလျက်ရှိမှုအခြေအနေများ၊ မြန်မာနိုင်ငံ၏ တည်ငြိမ်အေးချမ်းရေးအတွက် ကူညီဆောင်ရွက်ပေးနိုင်မှု အခြေအနေများနှင့် မြန်မာနိုင်ငံအတွင်း လွတ်လပ်၍ တရားမျှတသည့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ ကျင်းပနိုင်ရေးကြိုးတင်ပြင်ဆင် ဆောင်ရွက်လျက်ရှိမှုအခြေအနေများနှင့်ပတ်သက်၍ ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့ကြသည်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် အိန္ဒိယနိုင်ငံမှ လူသားချင်းစာနာထောက်ထားမှုခေါင်းဆောင်နှင့် ငြိမ်းချမ်းရေးသံတမန်ကြီး Gurudev Sri Sri Ravi Shankar အား နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌရုံး ဂုဏ်ထူးဆောင်ခန်းမအတွင်းရှိ သရုပ်ဖော်ပန်းချီများကို လိုက်လံပြသစဉ်။

တွေ့ဆုံပွဲအပြီးတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အိန္ဒိယနိုင်ငံမှ လူသားချင်းစာနာထောက်ထားမှု ခေါင်းဆောင်နှင့် ငြိမ်းချမ်းရေးသံတမန်ကြီးတို့သည် အမှတ်တရလက်ဆောင်ပစ္စည်းများအပြန်အလှန်ပေးအပ်ကြပြီး စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်သည် အိန္ဒိယနိုင်ငံမှ လူသားချင်းစာနာထောက်ထားမှုခေါင်းဆောင်နှင့် ငြိမ်းချမ်းရေးသံတမန်ကြီးကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌရုံး ဂုဏ်ထူးဆောင်ခန်းမအတွင်းရှိ သရုပ်ဖော်ပန်းချီများအား လိုက်လံပြသခဲ့ကြောင်း သတင်းရရှိသည်။

(၅၀၁)

# အိန္ဒိယနိုင်ငံမှ လူသားချင်းစာနာထောက်ထားမှုခေါင်းဆောင်နှင့် ငြိမ်းချမ်းရေးသံတမန်ကြီး Gurudev Sri Sri Ravi Shankar ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့ နေပြည်တော်ရှိ အထင်ကရနေရာများ ကြည့်ရှုလေ့လာ










**နေပြည်တော် ဖေဖော်ဝါရီ ၉**

ရန်ကုန်မြို့၌ရောက်ရှိနေသည့် အိန္ဒိယနိုင်ငံမှ လူသားချင်းစာနာထောက်ထားမှုခေါင်းဆောင်နှင့် ငြိမ်းချမ်းရေးသံတမန်ကြီး Gurudev Sri Sri Ravi Shankar ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် ယနေ့နံနက်ပိုင်းတွင် ရန်ကုန်မြို့မှ နေပြည်တော်သို့ လေကြောင်းခရီးဖြင့် ရောက်ရှိကြရာ သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအေးထွန်း၊ နေပြည်တော်ကောင်စီ အဖွဲ့ဝင်များနှင့် နိုင်ငံခြားရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများက နေပြည်တော်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ကြိုဆိုနှုတ်ဆက်ကြသည်။

မွန်းလွဲပိုင်းတွင် ဧည့်သည်တော်နှင့်အဖွဲ့သည် ကျောက်မျက်ရတနာပြတိုက်သို့ ရောက်ရှိကြရာ ပြတိုက်တာဝန်ရှိသူများက ပြတိုက်အတွင်း ခင်းကျင်းပြသထားသည့် ကျောက်စိမ်းတစ်တုံးတည်းမှထွင်းထုထားသော ဥပ္ပါတသန္တိပုံစံတူကျောက်စိမ်းစေတီတော်၊ မြန်မာ့အကြီးဆုံးပုလဲရတနာ၊ အရည်အသွေးမြင့်ကျောက်စိမ်းတုံးများ၊ ရှားပါးမြန်မာ့ တွင်းထွက်ရတနာများဖြစ်သည့် ပတ္တမြား၊ နီလာနှင့် အခြားအဖိုးတန်ကျောက်မျက်ရတနာများကို လိုက်လံရှင်းလင်းပြသကြပြီး ငြိမ်းချမ်းရေးသံတမန်ကြီးက ဧည့်သည်တော်မှတ်တမ်းတွင် လက်မှတ်ရေးထိုးသည်။

ထို့နောက် ဧည့်သည်တော်နှင့် အဖွဲ့သည် နေပြည်တော်ကောင်စီနယ်မြေ နေပြည်တော် ဒက္ခိဏသီရိမြို့နယ် ဗုဒ္ဓဥယျာဉ်တော် ဝတ္ထုကံတော်အတွင်း တည်ထားပူဇော်သည့်မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား သွားရောက်ဖူးမြော်ကြည်ညိုကြရာ တာဝန်ရှိသူများက မော်ကွန်းတိုက်၌ မာရဝိဇယဘုရားကြီးတည်ထား ကိုးကွယ်ပူဇော်ရခြင်းရည်ရွယ်ချက်၊ ရုပ်ပွားတော်မြတ်ကြီးအားလုပ်ငန်းစဉ်အဆင့်ဆင့်ဖြင့် အောင်မြင်စွာတည်ထားပူဇော်နိုင်ခဲ့မှု၊ ကျောက်စာရုံစေတီတော်များတည်ထားဆောင်ရွက်ခဲ့မှုဗီဒီယိုမှတ်တမ်းကိုပြသသည်။

ယင်းနောက် ဧည့်သည်တော်နှင့်အဖွဲ့သည် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား ပန်း၊ ရေချမ်းနှင့်ဆီမီးများ ကပ်လှူဖူးမြော်ကြည်ညိုကြပြီး ခမ်းနားထည်ဝါစွာ တည်ထားပူဇော်ထားသော အဂ္ဂါမိပတိသာသနာ့ဗိမာန်တော်ကြီးနှင့် အဋ္ဌကထာ ဋီကာကျမ်းစာများကို စကျင်ကျောက်များပေါ်၌ ပါဠိအက္ခရာ၊ Romanize Language တို့ဖြင့် ထွင်းထုတည်ဆောက်ထားသည့် ကျောက်စာရုံစေတီတော်များကို စိတ်ဝင်တစားလေ့လာဖူးမြော်ကြည်ညိုကြသည်။

ဆက်လက်၍ ဧည့်သည်တော်နှင့်အဖွဲ့သည် နေပြည်တော်ရှိ ဥပ္ပါတသန္တိစေတီတော်မြတ်ကြီးအား သွားရောက်ဖူးမြော်ကြည်ညိုကြပြီး လိုဏ်အတွင်းရှိ ဗုဒ္ဓရုပ်ပွားတော်မြတ်အား ပန်း၊ ရေချမ်းကပ်လှူပူဇော်၍ အလှူငွေများ လှူဒါန်းကြကာ ရတနာဆင်ဖြူတော်အဆောင်ရှိ ဆင်ဖြူတော်များကို အာဟာရဖြည့်စွက်စာများ ကျွေးမွေးခဲ့ကြသည်။

ညပိုင်းတွင် သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်ဦးလွင်က အိန္ဒိယနိုင်ငံမှ လူသားချင်းစာနာထောက်ထားမှု ခေါင်းဆောင်နှင့် ငြိမ်းချမ်းရေးသံတမန်ကြီး Gurudev Sri Sri Ravi Shankar ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့ကို MGallery Hotel၌ ဂုဏ်ပြုညစာဖြင့်တည်ခင်းရာ ဧည့်ခံပွဲသို့ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦး၊ ဒုတိယဝန်ကြီးများ၊ နေပြည်တော်ကောင်စီအဖွဲ့ဝင်များနှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

## စားအုန်းဆီအခြေခံလက်ကားရည်ညွှန်းဈေးနှုန်း တစ်ပိဿာ ၇၀၇၅ ကျပ်ဖြစ်ကြောင်း ထုတ်ပြန်ကြေညာ

**နေပြည်တော် ဖေဖော်ဝါရီ ၉**

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန စားသုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီအနေဖြင့် စားအုန်းဆီကမ္ဘာ့ဈေးနှုန်းဖြစ်ပေါ်ပြောင်းလဲမှုနှင့်အညီ ပြည်တွင်း၌ဖြစ်သင့်ဖြစ်ထိုက်သည့်ဈေးနှုန်းများဖြစ်ပေါ်စေရေး ထိန်းကျောင်းဆောင်ရွက်လျက်ရှိပြီး စားအုန်းဆီအဓိကထုတ်လုပ်တင်ပို့သည့် မလေးရှားနိုင်ငံတွင်ဖြစ်ပေါ်နေသည့် FOB ဈေးနှုန်းများကို နေ့စဉ်စောင့်ကြည့်ကာ သယ်ယူပို့ဆောင်ခကုန်ကျစရိတ်များ၊ ဘဏ်စရိတ်များ၊ အခွန်အခများထည့်သွင်းတွက်ချက်၍ ပြည်တွင်းဈေးကွက်၌ ရောင်းဝယ်ဖောက်ကားရမည့်အခြေခံလက်ကားရည်ညွှန်းဈေးနှုန်းကို ထုတ်ပြန်ပေးလျက်ရှိသည်။

ယခုအပတ်အတွင်း ကမ္ဘာ့စားအုန်းဆီထုတ်လုပ်တင်ပို့သည့်နိုင်ငံများတွင် ဈေးကွက်နှင့်ဈေးနှုန်းဖြစ်ပေါ်မှုများအရ ဖေဖော်ဝါရီ ၁၀ ရက် မှ ၁၆ ရက်ထိ ရန်ကုန်အထိုင်ဈေးအခြေခံလက်ကားရည်ညွှန်းဈေးနှုန်းမှာ စားအုန်းဆီတစ်ပိဿာလျှင် ၇၀၇၅ ကျပ်ဖြစ်ကြောင်း ထုတ်ပြန်ကြေညာထားသည်။

ထို့ပြင် ပြည်တွင်းဈေးကွက်အတွင်း ဈေးနှုန်းမြှင့်တင်ရောင်းချခြင်း၊ ဈေးကစားရန်ရည်ရွယ်ချက်ဖြင့် သိုလှောင်ခြင်းအပါအဝင် မသမာသည့် လုပ်ဆောင်မှုများပြုလုပ်ပါက အရေးကြီးကုန်စည်နှင့် ဝန်ဆောင်မှုဥပဒေအရ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးထုတ်ပြန်ထားသည်။

အခြေခံလက်ကားရည်ညွှန်းဈေးနှုန်းများကို စားသုံးသူရေးရာဦးစီးဌာန၏ Website: www.doca.gov.mm၊ Facebook Page နှင့် မြန်မာနိုင်ငံ ဆီကုန်သည်နှင့်ဆီလုပ်ငန်းရှင်များအသင်း၏ Facebook Page တွင် ဝင်ရောက်ကြည့်ရှုနိုင်ကြောင်း သိရသည်။ **(သတင်းစဉ်)**

## ပြည်သူ့စစ်မှုထမ်းနည်းဥပဒေများကို ဖတ်ရှုနိုင်ရန် ဖော်ပြပေးထားသော Website နှင့် Webportal စာရင်း

၁။ ကာကွယ်ရေးဝန်ကြီးဌာန (https://www.mod.gov.mm)

၂။ ဥပဒေရေးရာဝန်ကြီးဌာန (https://www.mlis.gov.mm)

၃။ ပြန်ကြားရေးဝန်ကြီးဌာန (https://www.moi.gov.mm)

၄။ Myawady Webportal (https://myawady.net.mm)

၅။ Myanmar National Portal (https://myanmar.gov.mm)

# မြန်မာနိုင်ငံ၏ လူသားချင်းစာနာထောက်ထားမှုအကူအညီပေးရေးဆိုင်ရာကိစ္စရပ်များ ဆွေးနွေး

**နေပြည်တော် ဖေဖော်ဝါရီ ၉**

နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင် အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုညှိနှိုင်းရေး ကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးရာပြည့်သည် အိန္ဒိယနိုင်ငံမှ လူသားချင်းစာနာထောက်ထားမှု ခေါင်းဆောင်နှင့် ငြိမ်းချမ်းရေးသံတမန်ကြီး Gurudev Sri Sri Ravi Shankar ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့ကို ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ အမျိုးသား စည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှု ဗဟိုဌာန၌ လက်ခံတွေ့ဆုံသည်။




တွေ့ဆုံစဉ် အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုညှိနှိုင်းရေးကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးရာပြည့်နှင့် အိန္ဒိယနိုင်ငံမှ လူသားချင်းစာနာထောက်ထားမှု ခေါင်းဆောင်နှင့် ငြိမ်းချမ်းရေးသံတမန်ကြီး Gurudev Sri Sri Ravi Shankar တို့က မြန်မာနိုင်ငံ၏ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များ အကောင်အထည်ဖော်ဆောင်ရွက်နေမှုများ၊ ဂုရုကြီး၏ နိုင်ငံတကာပဋိပက္ခများတွင် ညှိနှိုင်းပေးခဲ့သည့် ငြိမ်းချမ်းရေးအတွေ့အကြုံများ၊ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်၏ အဓိကအရေးကြီးသည့် ယုံကြည်မှုတည်ဆောက်ခြင်းဆိုင်ရာကိစ္စများ၊ ပဋိပက္ခပါတီများအကြား အပြန်အလှန်ညှိနှိုင်းပြောဆိုမှုနှင့် တစ်ဖက်နှင့်တစ်ဖက် အပြန်အလှန်ယုံကြည်မှု တိုးပွားစေရေးဆိုင်ရာကိစ္စရပ်များ၊ ပဋိပက္ခကြောင့် အားလုံးဒုက္ခရောက်ကြရပြီး တစ်ဖက်နှင့်တစ်ဖက် အပြစ်တင်ခြင်းထက် ပူးပေါင်းဆောင်ရွက်ခြင်းဖြင့် ငြိမ်းချမ်းရေးရရှိနိုင်ရေးဆိုင်ရာကိစ္စရပ်များနှင့် မြန်မာနိုင်ငံ၏လူသားချင်းစာနာထောက်ထားမှု အကူအညီပေးရေးဆိုင်ရာကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

# ပြည်ထောင်စုအဆင့် MSME ထုတ်ကုန်ပြပွဲနှင့်ပြိုင်ပွဲတွင် တိုင်းဒေသကြီးနှင့် ပြည်နယ်မှ MSME ထုတ်ကုန်များ ပါဝင်ယှဉ်ပြိုင်လျက်ရှိ



**နေပြည်တော် ဖေဖော်ဝါရီ ၉**

MSME လုပ်ငန်းများ ဆောင်ရွက်ရာတွင် ပြည်တွင်းလိုအပ်ချက်များဖြည့်ဆည်းပေးနိုင်ရုံသာမကဘဲ ပြည်ပနိုင်ငံများသို့ပါ တင်ပို့နိုင်သည့် အရည်အသွေးပြည့်မီသော အဆင့်မီထုတ်ကုန်များအဖြစ် ထုတ်လုပ်နိုင်သည်ထိ ဆောင်ရွက်ကြရန်လိုအပ်ကြောင်း နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်နှင့်အညီ အရည်အသွေးပြည့်မီသော ပြည်တွင်း MSME ထုတ်ကုန်အသစ်များ ပေါ်ပေါက်လာစေရေး ရည်ရွယ်၍ အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးကော်မတီ၏အစီအစဉ်ဖြင့် ပြည်ထောင်စုအဆင့် MSME ထုတ်ကုန်ပြပွဲနှင့်ပြိုင်ပွဲ အခမ်းအနားကို ဖေဖော်ဝါရီ ၁၀ ရက်မှ ၁၄ ရက်ထိ ကျင်းပသွားမည်ဖြစ်သည်။

အဆိုပါပြပွဲနှင့်ပြိုင်ပွဲကြီးတွင် ဆုရွေးချယ်ရေးနှင့် ဆုချီးမြှင့်ရေးဆပ်မကော်မတီ ဥက္ကဋ္ဌအဖြစ် ဒုတိယဝန်ကြီး ဦးမြင့်စိုးက ဦးဆောင်ပြီး ပြိုင်ပွဲကို သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ရုံးအမှတ် (၁၆)၌ ဖေဖော်ဝါရီ ၇ ရက်မှ ၉ ရက်ထိ ကျင်းပလျက်ရှိသည်။

အဆိုပါပြိုင်ပွဲတွင် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးမှ အသေးစား(Micro) ထုတ်ကုန်ဆုအတွက် ပြိုင်ပွဲဝင်လုပ်ငန်းရှင် ၂၉ ဦး၊ အငယ်စား(Small) ထုတ်ကုန်ဆုအတွက် ပြိုင်ပွဲဝင်လုပ်ငန်းရှင် ၃၄ ဦး၊ အလတ်စား (Medium) ထုတ်ကုန်ဆုအတွက် ပြိုင်ပွဲဝင်လုပ်ငန်းရှင် ၂၈ ဦး၊ ဒေသတစ်ခု ထုတ်ကုန်တစ်ခု(OROP) ထုတ်ကုန်ဆုအတွက် ပြိုင်ပွဲဝင်လုပ်ငန်းရှင် ၃၅ ဦး၊ ကုန်ထုတ်သမဝါယမအသင်း စွမ်းဆောင်ရည်ဆုအတွက် သမဝါယမအသင်း ၂၅ သင်း၊ အသေးစား စက်မှုလက်မှုထုတ်ကုန်ဆုအတွက် ပြိုင်ပွဲဝင်လုပ်ငန်းရှင် ၄၂ ဦး စုစုပေါင်း ၁၉၃ ဦး ဝင်ရောက်ယှဉ်ပြိုင်လျက်ရှိသည်။

ပြိုင်ပွဲအမျိုးအစား ခြောက်မျိုးအတွက် ဆု ၃၁ ဆု ရွေးချယ်ချီးမြှင့်သွားမည်ဖြစ်ပြီး ဆုရရှိသည့် လုပ်ငန်းရှင်များကို ဖေဖော်ဝါရီ ၁၄ ရက်တွင် ပြည်ထောင်စုအဆင့် MSME ထုတ်ကုန်ပြပွဲနှင့်ပြိုင်ပွဲ ကျင်းပသည့် တပေါင်းကွင်း၌ ဆုချီးမြှင့်ပွဲကျင်းပသွားမည် ဖြစ်ကြောင်း သတင်းရရှိသည်။(သတင်းစဉ်)

# ပြင်ဦးလွင်ဒေသ ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေး ဒုတိယဝန်ကြီး ဦးဖြိုးဇော်စိုး ကွင်းဆင်းဆောင်ရွက်

**နေပြည်တော် ဖေဖော်ဝါရီ ၉**

ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဖြိုးဇော်စိုးသည် ယမန်နေ့မွန်းလွဲပိုင်းက ခရီးစဉ်ဒေသစီမံခန့်ခွဲရေးအဖွဲ့ဝင်များကို ပြင်ဦးလွင်မြို့ ရွှေစံအိမ်ဟိုတယ်၌ တွေ့ဆုံသည်။

တွေ့ဆုံပွဲတွင် ဒုတိယဝန်ကြီးက ဟိုတယ်နှင့် ခရီးသွားလုပ်ငန်းများ ဆောင်ရွက်ရာတွင် လုပ်ငန်းရှင်များ တွေ့ကြုံနေရသည့် အခက်အခဲများကို ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးနိုင်ရန် ရည်ရွယ်၍ ယခုကဲ့သို့ တွေ့ဆုံဆွေးနွေးခြင်းဖြစ်ပါကြောင်း၊ မြန်မာနိုင်ငံ၏ခရီးသွားလုပ်ငန်းများ စနစ်တကျဖြင့် ရေရှည်ဖွံ့ဖြိုးတိုးတက်စေရေး၊ ခရီးသွားကဏ္ဍလူ့စွမ်းအားအရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်စေရေး၊ အရည်အသွေးပြည့်ဝသည့် ဝန်ဆောင်မှုကောင်းများ ပေးစွမ်းနိုင်ရေးနှင့် ခရီးသွားလုပ်ငန်းမှတစ်ဆင့် ဒေသခံများ အလုပ်အကိုင်အခွင့်အလမ်းများရရှိပြီး လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်စေရေးတို့ကို ဆောင်ရွက်ရာတွင် အစိုးရ-ပုဂ္ဂလိက-ဒေသခံပြည်သူ (public -private-people) မဏ္ဍိုင်သုံးရပ် ဟန်ချက်ညီညီ ပူးပေါင်းဆောင်ရွက်ရမည် ဖြစ်ပါကြောင်းဖြင့် ပြောကြားသည်။

ဆက်လက်၍ တက်ရောက်လာကြသည့်ဌာနဆိုင်ရာများ၊ ဟိုတယ်နှင့်ခရီးသွားလုပ်ငန်းရှင်များက ၎င်းတို့၏ ဟိုတယ်နှင့် ခရီးသွားလုပ်ငန်း ဆောင်ရွက်နေမှုအခြေအနေများ၊ တွေ့ကြုံရသည့်အခက်အခဲများကို သက်ဆိုင်ရာကဏ္ဍအလိုက် ဆွေးနွေးတင်ပြကြရာ ဒုတိယဝန်ကြီးက လိုအပ်သည်များကို ဖြည့်စွက်ဆွေးနွေးကာ ပေါင်းစပ်ဆောင်ရွက်ပေးသည်။

ထို့နောက် ဒုတိယဝန်ကြီးသည် ရွှေစံအိမ်ဟိုတယ်ရှိ Governor's House သို့ သွားရောက်ကာ ခရီးသွားဧည့်သည်များ လာရောက်တည်းခိုနေထိုင်နိုင်ရန် ပြင်ဆင်ဆောင်ရွက်ထားမှုများကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြားသည်။




ယင်းနောက် ဒုတိယဝန်ကြီးသည် ဟိုတယ်နှင့် ခရီးသွားညွှန်ကြားမှုဦးစီးဌာန ပြင်ဦးလွင်ရုံးခွဲသို့သွားရောက်ကာ ရုံးခွဲတွင် တာဝန်ထမ်းဆောင်နေကြသည့် အရာထမ်း အမှုထမ်းများကို တွေ့ဆုံမှာကြားပြီး ခရီးသွားဧည့်သည်များ ခရီးသွားဆွဲဆောင်ရာ နေရာများနှင့် ခရီးစဉ်ဒေသဆိုင်ရာ အချက်အလက်များကို အဆင်ပြေလွယ်ကူချောမွေ့စွာရရှိနိုင်ရန်အတွက် ပြင်ဦးလွင်ရုံးခွဲတွင် ဖွင့်လှစ်ထားသည့် သတင်းအချက်အလက်ပြန်ကြားရေးကောင်တာ (Information Counter)ကို ကြည့်ရှုစစ်ဆေး၍ လိုအပ်သည်များကို မှာကြားခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

## ပြည်သူ့စစ်မှုထမ်းဥပဒေပြဋ္ဌာန်းချက်ပါ ပြည်သူ့စစ်မှုထမ်းဆောင်ခြင်းတာဝန်မှ ရွှေ့ဆိုင်းခွင့်ရသူများ

**ရွှေ့ဆိုင်းခွင့်**

၁။ ပြည်သူ့စစ်မှုထမ်းဥပဒေပုဒ်မ ၁၅(က)တွင် ပြည်သူ့စစ်မှုထမ်း ဆင့်ခေါ်ရေးဗဟိုအဖွဲ့သည် ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေး တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အဖွဲ့မှ တင်ပြလာသော ဆင့်ခေါ်ခြင်းခံရသူများ၏ လျှောက်လွှာများကိုစိစစ်ရာတွင် အောက်ပါအချက်များနှင့် အကျုံးဝင်သောပုဂ္ဂိုလ်များအား ပြည်သူ့စစ်မှုထမ်းဆောင်ရမည့် တာဝန်မှ ယာယီရွှေ့ဆိုင်းနိုင်သည်ဟု ပြဋ္ဌာန်းထားပါသည်-

(က) ယာယီအားဖြင့် စစ်မှုထမ်းနိုင်မည့် ကျန်းမာရေးအဆင့် မမီကြောင်း သက်ဆိုင်ရာ တပ်မတော်ဆေးစစ်ရေးဘုတ်အဖွဲ့၏ ထောက်ခံချက်ရရှိထားသူများ။

(ခ) နိုင်ငံ့ဝန်ထမ်းများ။

(ဂ) ပညာသင်ကြားနေသူများ။

(ဃ) အခြားပြုစုစောင့်ရှောက်မည့်သူမရှိသော မိအိုဖအိုများကို ပြုစုလုပ်ကျွေးနေသူများ။

(င) မူးယစ်ဆေးဝါးဖြတ်ရန် ဆေးကုသမှုခံယူနေသူများ။

(စ) ထောင်ဒဏ်ကျခံနေသူများ။

၂။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့က ပြည်သူ့စစ်မှုထမ်းဆောင်ရမည့်တာဝန်မှ ရွှေ့ဆိုင်းခွင့်ပြုသူများ

(က) ဆင့်ခေါ်ရေးအမိန့်စာ လက်ခံရရှိသည့်နေ့မှ သတ်မှတ်ထားသည့်နေ့ရက်အတိုင်း သတင်းပို့ခြင်း မပြုရသေးမီကာလအတွင်း မိဘတစ်ဦးဦးသော်လည်းကောင်း၊ အိမ်ထောင်သည် အမျိုးသားဖြစ်ပါက ဇနီးသော်လည်းကောင်း ရုတ်တရက်သေဆုံးသွားခြင်း။

(ခ) ဆင့်ခေါ်ရေးအမိန့်စာ လက်ခံရရှိသည့်နေ့မှ သတ်မှတ်ထားသည့် နေ့ရက်အတိုင်း သတင်းပို့ခြင်းမပြုရသေးမီကာလအတွင်း မတော်တဆဖြစ်ရပ် တစ်ခုခုကြောင့်ဖြစ်စေ၊ အခြားသူ၏ ပယောဂတစ်ခုခုကြောင့်ဖြစ်စေ ကိုယ်လက်အင်္ဂါအစိတ်အပိုင်းတစ်ခုခု အပြင်းအထန်ဒဏ်ရာရရှိသူဖြစ်ခြင်း။

(ဂ) ဥပဒေနှင့်အညီ ချုပ်နှောင်ခံနေရသူ သို့မဟုတ် တရားရုံးတစ်ခုခုတွင် အမှုရင်ဆိုင်နေရသူဖြစ်ခြင်း။

(ဃ) နိုင်ငံတော်၏ လိုအပ်ချက်အရ ပညာရပ်များကို လေ့လာသင်ယူနေသူဖြစ်ခြင်း။

(င) ပြည်သူ့စစ်မှုထမ်းရမည့်တာဝန်မှ ယာယီရွှေ့ဆိုင်းပေးရန် မဖြစ်မနေလိုအပ်နေသူဖြစ်ခြင်း။

# တရားမဝင် သစ်မျိုးစုံ၊ လုပ်ငန်းသုံးပစ္စည်းများ၊ စားသောက်ကုန်ပစ္စည်းများ၊ လိုင်စင်မဲ့ မော်တော်ဆိုင်ကယ်များနှင့် မော်တော်ယာဉ်များ ဖမ်းဆီးရမိ









**နေပြည်တော် ဖေဖော်ဝါရီ ၉**

တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင်ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာတားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိသည်။

ဖေဖော်ဝါရီ ၆ ရက်တွင် အကောက်ခွန်ဦးစီးဌာန၏စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ အေးရှားဝေါလ်ကုန်သေတ္တာစစ်ဆေးရေးစခန်း၌ ကုန်သေတ္တာ တစ်လုံးအတွင်းမှ တရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်း နှစ်မျိုး စုစုပေါင်း ခန့်မှန်းတန်ဖိုး ငွေကျပ် ၃၀၇၉၈၆၀၀ ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန် လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

အလားတူ ဖေဖော်ဝါရီ ၈ ရက်တွင် ကရင်ပြည်နယ် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ရဲသာယာယီယာဉ်စစ်ကွင်း၌ မော်တော်ယာဉ် တစ်စီးပေါ်မှ တရားဝင် စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်း နှစ်မျိုး ခန့်မှန်းတန်ဖိုးငွေကျပ် ၁၆၂၀၀၀၀ နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် စက်မှုဇုန်ထုတ် Dagon Tawwin Truck တစ်စီး ခန့်မှန်းတန်ဖိုး ငွေကျပ် ၂၅၀၀၀၀၀၀ စုစုပေါင်း ခန့်မှန်း တန်ဖိုးငွေကျပ် ၄၁၂၀၀၀၀၀ ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ မန္တလေးတိုင်းဒေသကြီး တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ စဉ့်ကိုင်ကတ္တားအကျော်၌ မော်တော်ယာဉ် တစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် စားသောက်ကုန်ပစ္စည်း တစ်မျိုး ခန့်မှန်းတန်ဖိုး ငွေကျပ် ၁၈၁၂၆၀၀၀ နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Hino Dutro Truck တစ်စီး ခန့်မှန်းတန်ဖိုး ငွေကျပ် ၃၀၀၀၀၀၀၀ စုစုပေါင်းခန့်မှန်းတန်ဖိုး ငွေကျပ် ၄၈၁၂၆၀၀၀ ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

အလားတူ ဧရာဝတီတိုင်းဒေသကြီး တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ မြောင်းမြခရိုင်အတွင်း၌ တရားမဝင်အခြားသစ် ၁ ဒသမ ၇၆၅ တန် ခန့်မှန်းတန်ဖိုး ၂၃၉၁၇၅ ကျပ်ကို သစ်တာဥပဒေအရလည်းကောင်း၊ ဟင်္သာတမြို့နယ် သုံးပင်ကွင်းရပ်ကွက်၌ လိုင်စင်မဲ့ JLM 110 မော်တော်ဆိုင်ကယ် တစ်စီး ခန့်မှန်းတန်ဖိုး ငွေကျပ် ၆၀၀၀၀၀ ကို ပို့ကုန်သွင်းကုန်ဥပဒေအရလည်းကောင်း စုစုပေါင်းခန့်မှန်းတန်ဖိုး ၈၃၉၁၇၅ ကျပ်ကို ဖမ်းဆီး အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ ယနေ့တွင် စစ်ကိုင်းတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ စစ်ကိုင်းမြို့ ရတနာပုံတံတားပူးပေါင်းစစ်ဆေးရေးဂိတ်နှင့် ကံတလူပူးပေါင်းစစ်ဆေးရေးဂိတ်တို့၌ လိုင်စင်မဲ့မော်တော်ယာဉ် သုံးစီး ခန့်မှန်းတန်ဖိုးငွေကျပ် ၄၈၀၀၀၀၀၀ ကို ပို့ကုန်သွင်းကုန်ဥပဒေအရလည်းကောင်း၊ မုံရွာမြို့ မင်းဒေါင့်ဆိပ်ကမ်းအနီး၌ တရားမဝင်အခြားသစ် ၇ ဒသမ ၈၉၃ တန် ခန့်မှန်းတန်ဖိုး ၃၇၈၈၇၃၆ ကျပ်ကို သစ်တောဥပဒေအရလည်းကောင်း စုစုပေါင်း ခန့်မှန်းတန်ဖိုး ၅၁၇၈၈၇၃၆ ကျပ်ကို ဖမ်းဆီးအရေးယူဆောင်ရွက်လျက်ရှိသည်။

အလားတူ ပဲခူးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ပဲခူးခရိုင်နှင့် ညောင်လေးပင်ခရိုင်တို့အတွင်း၌ တရားမဝင် ကျွန်းသစ် ၃ ဒသမ ၁၄၆ တန်၊ သစ်မာ ၁၃ ဒသမ ၉၉၈ တန်၊ အခြားသစ် ၉ ဒသမ ၃၀၄ တန် စုစုပေါင်းခန့်မှန်းတန်ဖိုး ၁၂၇၈၄၀၇၅ ကျပ်ကို ဖမ်းဆီးရမိခဲ့ပြီး သစ်တောဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ဖေဖော်ဝါရီ ၆ ရက်၊ ၈ ရက်နှင့် ၉ ရက်တို့တွင် ဖမ်းဆီးရမိမှု စုစုပေါင်းအမှုတွဲ ၁၃ မှုမှ ခန့်မှန်းတန်ဖိုး ၁၈၅၅၃၆၅၈၆ ကျပ်ကို ဖမ်းဆီးရမိခဲ့သည်။ တရားမဝင်တင်သွင်းမှုများကြောင့် နိုင်ငံ၏စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ရေးပန်းတိုင်များကို အောင်မြင်အောင်ဆောင်ရွက်ရာတွင် သိသာစွာထိခိုက်နစ်နာမှုများဖြစ်ပေါ်စေနိုင်သကဲ့သို့ ရင်းနှီးမြှုပ်နှံမှုကဏ္ဍမှရရှိသည့် အခွန်အခများ၊ တရားဝင်အလုပ်အကိုင်အခွင့်အလမ်းများနှင့် ပြည်သူတို့၏အသက်အိုးအိမ်စည်းစိမ်များအပေါ် ထိခိုက်နစ်နာမှုများလည်းဖြစ်ပေါ်စေနိုင်သည်။ သို့ဖြစ်၍ တရားမဝင်ကုန်သွယ်မှုများ လျော့နည်းပပျောက်စေရေး သက်ဆိုင်ရာတာဝန်ရှိသူများက ယခုထက်ပိုမို၍ တားဆီးစစ်ဆေးကြပ်မတ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီမှ သတင်းရရှိသည်။ (သတင်းစဉ်)

# အကြမ်းဖက်အုပ်စုအဖြစ်ကြေညာထားသော CRPH၊NUG နှင့် ယင်းတို့လက်ဝေခံများ၏ လှုံ့ဆော်၊ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများပြုလုပ်ခဲ့သူများကို ဖော်ထုတ်အရေးယူ

**နေပြည်တော် ဖေဖော်ဝါရီ ၉**

အကြမ်းဖက်အုပ်စုအဖြစ်ကြေညာထားသည့် CRPH၊ NUG နှင့်ယင်းတို့၏လက်ဝေခံအဖွဲ့အစည်းများ၊ယင်းတို့နှင့်ဆက်နွယ်နေသောအဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကိုပျက်ပြားစေရန်နှင့်အစိုးရယန္တရားများပျက်ပြားစေရန်ရည်ရွယ်လျက်လှုံ့ဆော်ခြင်း၊ဝါဒဖြန့်ခြင်းများပြုလုပ်ခဲ့မှုအပေါ် ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့လှုံ့ဆော်သူ၊ဝါဒဖြန့်သူများကို ဆက်လက်ဖော်ထုတ်အရေးယူသွားမည်ဖြစ်ကြောင်း မိဘပြည်သူများ သိရှိနိုင်ရေး အသိပေးသတင်းထုတ်ပြန်ပြီးဖြစ်သည်။

ထိုကဲ့သို့ သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း ဖေဖော်ဝါရီ ၈ ရက်တွင် အသိပေးထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်ရည်ရွယ်ကာ လူမှုကွန်ရက်စာမျက်နှာပေါ်၌ လှုံ့ဆော်ခြင်း၊ဝါဒဖြန့်ခြင်းများ ပြုမူလုပ်ဆောင်ခဲ့သည့် "Tun Tun Win" Facebook အကောင့်ပိုင်ရှင်ဖြစ်သူ မန္တလေးတိုင်းဒေသကြီး အောင်မြေသာစံမြို့နယ် အောင်မြေသာစံရပ်ကွက်နေ ထွန်းထွန်းဝင်း(ခ)စာဂဲလ်ကူးမားကို နံနက် ၉ နာရီ မိနစ် ၂၀ တွင် အောင်မြေသာစံမြို့နယ် အမှတ်(၅)နယ်မြေရဲစခန်း၌ တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်းအမှုဖွင့်လှစ် အရေးယူဆောင်ရွက်ခဲ့ကြောင်း သတင်းရရှိသည်။ (၅၀၁)

## အကြမ်းဖက်မှု ပပျောက်ရေးအတွက် ပြည်သူသို့ အသိပေး နှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟုသုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများအပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကိုသတ်ဖြတ်၊ လုယက်ခြင်းကို CRPH၊ NUG၊ PDF အမည်ခံအကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များ လုပ်ဆောင်နေသည့် CRPH၊ NUG၊ PDFအကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏ လက်နက်၊ ခဲယမ်းကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

# သာစည်မြို့၊ ပန်းတောင်းမြို့နှင့် ဥသျှစ်ပင်မြို့နယ်တို့တွင် စိတ်ကြွရူးသွပ်ဆေးပြားများ သိမ်းဆည်းရမိ



**နေပြည်တော် ဖေဖော်ဝါရီ ၉**

မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဖေဖော်ဝါရီ ၅ ရက်ည ၉ နာရီခွဲတွင် သာစည်မြို့နယ် ကျွဲတပ်ဆုံကျေးရွာအုပ်စု ကျွဲတပ်ဆုံကျေးရွာအနီးတွင် SCANIA အမျိုးအစား EXPRESS ခရီးသည်တင်မော်တော်ယာဉ်ကို ရပ်တန့်စစ်ဆေးရာဖွေရာ ယာဉ်ပေါ်ပါခရီးသည် မလှလှရီ၏ လက်ဆွဲအိတ်အတွင်းမှ စိတ်ကြွရူးသွပ်ဆေးပြား ၃၀၀၀၀ တစ်ပြားလျှင် ငွေကျပ် ၁၅၀၀ နှုန်းဖြင့် ငွေကျပ်သိန်း ၄၅၀ ကိုလည်းကောင်း၊ထို့အတူ ပူးပေါင်းအဖွဲ့သည် ဖေဖော်ဝါရီ ၈ ရက် မွန်းလွဲ ၁၂ နာရီ ၁၅ မိနစ်တွင် ပန်းတောင်းမြို့နယ် ဥသျှစ်ပင်မြို့ ရွှေပင်ရပ်ကွက်ရှိ ရဲထွန်း၏နေအိမ်ကို ဝင်ရောက်ရှာဖွေရာ ၎င်းထံမှ စိတ်ကြွရူးသွပ်ဆေးပြား ၆၄၂၀ တစ်ပြားလျှင် ငွေကျပ် ၂၀၀၀ နှုန်းဖြင့် ငွေကျပ် ၁၂၈ ဒသမ ၄ သိန်းကိုလည်းကောင်း သိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့ကို မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေအရ အရေးယူထားကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**


လျှပ်စစ်မီတာခ သက်သာဖို့

LED ပစ္စည်း သုံးကြစို့။


## ၂၀၂၅ ခုနှစ် ဖေဖော်ဝါရီ ၉ ရက် ဓာတ်သတ္တု(ရွှေ) ရည်ညွှန်းဈေး(Market Rate)

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီရွှေတစ်ကျပ်သား (၁၆.၃၂၉၃၂၅ ဂရမ်)၏ ဈေးနှုန်း ၅၄၈၀၀၀၀ ကျပ်။

ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေးသတ်မှတ်ရေးကော်မတီ

# ဘုတလင်မြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ပဲကြီး ဧက ၄၃၂၀ စိုက်ပျိုးပြီးစီး



**ဘုတလင် ဖေဖော်ဝါရီ ၉**

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာခရိုင် ဘုတလင်မြို့နယ်တွင် ဆောင်းသီးနှံ စိုက်ပျိုးရာသီ၌ ပဲကြီး ဧက ၄၃၂၀ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ဘုတလင်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ဘုတလင်မြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ပဲကြီး ဧက ၄၃၀၀ စိုက်ပျိုးရန် လျာထားပြီး ၂၀၂၄ ခုနှစ် အောက်တိုဘာလမှ စတင်စိုက်ပျိုးခဲ့ရာ ယနေ့ထိ ၄၃၂၀ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်သဖြင့် လျာထားဧကထက် ပိုမို စိုက်ပျိုးနိုင်ခဲ့ကြောင်း သိရသည်။

"ဆောင်းသီးနှံစိုက်ပျိုးရာသီ ဘုတလင်မြို့နယ်မှာ ပဲကြီး ဧက ၄၃၀၀ စိုက်ပျိုးဖို့လျာထားပါတယ်။ ဒီနေ့ထိ ဧက ၄၃၂၀ စိုက်ပျိုးပြီးစီးပြီဖြစ်လို့ လျာထားဧကထက် ပိုမို စိုက်ပျိုးနိုင်ခဲ့ပါတယ်။ ပဲကြီး အထွက်နှုန်းနဲ့ အရည်အသွေး ကောင်းမွန်ဖို့အတွက် လိုအပ်တဲ့ မျိုးကောင်းမျိုးသန့်တွေ၊ သွင်းအားစုတွေ၊ ရိတ်သိမ်းချိန်လွန်နည်းပညာပေးတာတွေကို တောင်သူတွေနဲ့ ပူးပေါင်းဆောင်ရွက်ပေးခဲ့ပါတယ်" ဟု ဘုတလင်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဖြိုးဝေက ပြောပြ၍ သိရသည်။

ဘုတလင်မြို့နယ်တွင် ပဲကြီး စိုက်တောင်သူများကို မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနက ပဲကြီး စိုက်ဧကများ တိုးချဲ့စိုက်ပျိုးနိုင်ရေး၊ အထွက်နှုန်းကောင်းမွန်ရေး၊ GAP နည်းစနစ်ဖြင့် စိုက်ပျိုးနိုင်ရေးစသည့် အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

ပဲကြီးကို အထွက်နှုန်းတိုးတက်ကောင်းမွန်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်း စားသုံးမှု ဖူလုံစေရုံမျှမက ပြည်ပပို့ကုန်အဖြစ်ပါ ထုတ်လုပ်နိုင်မည်ဖြစ်ကြောင်း၊ ထုတ်လုပ်မှုနှင့်ဈေးကွက် လိုအပ်ချက်ဖြစ်သော ဝယ်လိုအားမျှတလာပါက ကုန်ဈေးနှုန်းတည်ငြိမ်၍ လူမှုစီးပွားဘဝများလည်း မြင့်မားတိုးတက်လာမည်ဖြစ်သောကြောင့် ပဲကြီးသီးနှံကို ဒေသမရွေး ကြိုးပမ်းစိုက်ပျိုးကြရမည်ဖြစ်ကြောင်း ဘုတလင်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဖြိုးဝေထံမှ သိရသည်။

(၂၀၆)

# ညောင်တုန်းမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဇန်နဝါရီလအတွင်း ငှက်ပျောသီးအစုံအဖီးရေ ၇၆၀၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့



**ညောင်တုန်း ဖေဖော်ဝါရီ ၉**

ဧရာဝတီတိုင်းဒေသကြီး မအူပင်ခရိုင် ညောင်တုန်းမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဇန်နဝါရီလအတွင်း ငှက်ပျောသီးအစုံအဖီးရေ ၇၆၀၀၀၀ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း ညောင်တုန်းမြို့နယ် ငှက်ပျောရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်တင်တင်နွယ်က ပြောပြ၍ သိရသည်။

ညောင်တုန်းမြို့နယ်မှ ငှက်ပျောသီးများကို ရန်ကုန်ဈေးကွက်သို့ တင်ပို့ရောင်းချလျက်ရှိပြီး ၂၀၂၄ ခုနှစ် ဒီဇင်ဘာလအတွင်းက ငှက်ပျောသီးအစုံအဖီးရေ ၅၂၀၀၀၀ထိသာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး ၂၀၂၅ခုနှစ် ဇန်နဝါရီ ၁ ရက်မှ ၃၁ ရက်ထိ ငှက်ပျောသီးအစုံ အဖီးရေ ၇၆၀၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း၊ တင်ပို့ရောင်းချခဲ့သည့် ငှက်ပျောသီးများမှာ ဖီးကြမ်း၊ ရခိုင်၊ သီးမွှေး ၊ ရွှေငှက်ပျောစသည့် ငှက်ပျောသီးအမျိုးအစားများကို အများဆုံးတင်ပို့ရောင်းချခဲ့ကြောင်း သိရသည်။

"ပြီးခဲ့တဲ့ ဇန်နဝါရီလအတွင်း ငှက်ပျောသီးအစုံ ရန်ကုန်ဈေးကွက်ကို တင်ပို့အားကောင်းခဲ့ပါတယ်။ ငှက်ပျောတင်ပို့အားကောင်းလာတော့ ငှက်ပျောစိုက်သူတွေ အဆင်ပြေတာတွေ့ရပါတယ်။ လက်ရှိပွဲရုံတွေဆီ ငှက်ပျော အဝင်နည်းနေပါတယ်။ ဒေသမှာ ငှက်ပျောစိုက်သူလျော့နည်းလာလို့ ဖြစ်ပါတယ်။ လက်ရှိ ငှက်ပျောသီး ပေါက်ဈေးကလဲ ဒီနှစ်အဖို့ ငှက်ပျောစိုက်သူတွေအတွက် အဆင်ပြေတဲ့ဈေးဖြစ်ပါတယ်"ဟု ညောင်တုန်းမြို့နယ် ငှက်ပျောရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်တင်တင်နွယ်က ပြောပြသည်။

ညောင်တုန်းမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဇန်နဝါရီလအတွင်း တင်ပို့ရောင်းချခဲ့သည့် ငှက်ပျောသီးဈေးနှုန်းများမှာ ဖီးကြမ်းအဖီးရေ ၁၀၀ လျှင်ငွေကျပ် ၁၅၅၀၀၀၊ ရခိုင်ငှက်ပျောသီး အဖီးရေ ၁၀၀ လျှင်ငွေကျပ် ၉၅၀၀၀၊ ရွှေငှက်ပျော အဖီးရေ ၁၀၀ လျှင်ငွေကျပ် ၁၅၅၀၀၀ထိ ပေါက်ဈေးရှိကြောင်း သိရသည်။

**ကျော်ကျော်လင်း**

# ဘုတ်ပြင်းမြို့နယ် ကြိမ်မဲတောင်ကျေးရွာ၌ မြစိမ်းရောင်စီမံကိန်းလုပ်ငန်းများဆောင်ရွက်နေမှု စစ်ဆေး

**ဘုတ်ပြင်း ဖေဖော်ဝါရီ ၉**

တနင်္သာရီတိုင်းဒေသကြီး ဘုတ်ပြင်းခရိုင် ဘုတ်ပြင်းမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကြိမ်မဲတောင်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေများကို ဖေဖော်ဝါရီ ၈ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ဘုတ်ပြင်းခရိုင် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးသန်းထွန်းဦး၊ ဘုတ်ပြင်းမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်အေးသက်သက်ခိုင်နှင့် စီမံကိန်းတာဝန်ခံဝန်ထမ်းများက မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များနှင့်အတူ ကြိမ်မဲတောင်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းဖြင့် တစ်နိုင်တစ်ပိုင် အရောင်းအဝယ်လုပ်ငန်း၊ ရေလုပ်ငန်းနှင့် အသေးစားစက်မှုလက်မှုလုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေများနှင့် လုပ်ငန်းအမျိုးအစားအလိုက် ရန်ပုံငွေထုတ်ချေးထားရှိမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ခရိုင်ဦးစီးမှူးက မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များနှင့် တွေ့ဆုံကာ လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

ဘုတ်ပြင်းမြို့နယ် ကြိမ်မဲတောင်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း အသင်းသား၊ အသင်းသူ ၁၃၅ ဦးကို မြစိမ်းရောင်ကျေးရွာ စီမံကိန်းရန်ပုံငွေကျပ် ၃၈ ဒသမ ၁ သန်း ထုတ်ချေးပေးထားပြီး အဆိုပါ စီမံကိန်းရန်ပုံငွေများဖြင့် ကျေးလက်နေပြည်သူများ တစ်နိုင်တစ်ပိုင် အသေးစား စီးပွားရေးလုပ်ငန်းများ ဆောင်ရွက်ပြီး မိသားစုဝင်ငွေ တိုးပွားလာကြောင်း ဘုတ်ပြင်းမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သိရသည်။

**အထွေး**




## မန္တလေးမြို့ ကုန်စည်ဈေးနှုန်းများ

**၉-၂-၂၀၂၅**

| | | |
|---|---|---|
| **ဆန်** | | |
| ရွှေဘိုဘေးကျား (ပေါ်ဆန်း) (တစ်အိတ်) | ကျပ် | ၁၄၀၀၀၀/၁၄၅၀၀၀ |
| ပုသိမ်(ပေါ်ဆန်းမွှေး)(တစ်အိတ်) | ကျပ် | ၁၁၀၀၀၀/၁၂၀၀၀၀ |
| ဖျာပုံ(ပေါ်ဆန်းမွှေး) (တစ်အိတ်) | ကျပ် | ၁၀၅၀၀၀/၁၁၀၀၀၀ |
| မဂျမ်းတော(အသစ်) (တစ်အိတ်) | ကျပ် | ၁၀၃၅၀၀/၁၀၅၀၀၀ |
| မနောသုခ(အသစ်)(ပုသိမ်)(တစ်အိတ်) | ကျပ် | ၈၁၀၀၀/၈၅၀၀၀ |
| နွေဇီယာ(အသစ်) (တစ်အိတ်) | ကျပ် | ၇၄၅၀၀/၇၅၀၀၀ |
| မနောသုခ(အသစ်)(မတ္တရာ)(တစ်အိတ်) | ကျပ် | ၆၅၀၀၀/၆၇၀၀၀ |
| **စားဆီ** | | |
| ပဲဆီ (တစ်ပိဿာ) | ကျပ် | ၁၅၀၀၀/၁၆၀၀၀ |
| နှမ်းဆီ (တစ်ပိဿာ) | ကျပ် | ၁၃၅၀၀/၁၄၀၀၀ |
| နေကြာဆီ (တစ်ပိဿာ) | ကျပ် | ၁၄၀၀၀/၁၅၀၀၀ |
| **စက်သုံးဆီ** | | |
| ဒီဇယ်(ရိုးရိုး) (တစ်လီတာ) | ကျပ် | ၂၈၅၀ |
| ဒီဇယ်(ပရီမီယံ) (တစ်လီတာ) | ကျပ် | ၃၄၈၅ |
| ဓာတ်ဆီ(တစ်လီတာ) | ကျပ် | ၂၈၄၀ |
| အောက်တိန်း(၉၂) (တစ်လီတာ) | ကျပ် | ၃၂၇၀ |
| အောက်တိန်း(၉၅) (တစ်လီတာ) | ကျပ် | ၃၃၃၀ |

**(သာ စက်သုံးဆီဆိုင်၏ ဈေးနှုန်းများသာ ဖြစ်ပါသည်)**

**အိမ်ဆောက်ပစ္စည်းဈေးနှုန်းများ**

| | | |
|---|---|---|
| **ဘိလပ်မြေ** | | |
| အယ်ဖာအမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၁၆၀၀၀ |
| AAA အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၁၆၀၀၀ |
| Apache အမှတ်တံဆိပ် (တစ်အိတ် | ကျပ် | ၁၆၀၀၀ |
| Crown အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၁၆၅၀၀ |
| ကြံ့နှစ်ကောင်အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၁၇၀၀၀ |
| **သံချောင်း** | | |
| တစ်မတ်လုံး (တစ်တန်) | ကျပ် | ၁၇၀၀၀၀၀ |
| ငါးမူးလုံး (တစ်တန်) | ကျပ် | ၁၄၀၀၀၀၀ |
| သုံးမူးလုံး(တစ်တန်) | ကျပ် | ၁၃၁၀၀၀၀ |
| ခြောက်မူးလုံး (တစ်တန်) | ကျပ် | ၁၃၀၀၀၀၀ |
| ကျပ်လုံး (တစ်တန်) | ကျပ် | ၉၉၈၀၀၀ |
| **အိမ်မိုးသွပ်** | | |
| (၆၊၇၊၈)ပေ ဆိုဒ်များ (တစ်ပေ) | ကျပ် | ၁၃၀၀ |
| (၉၊၁၀)ပေ ဆိုဒ်များ (တစ်ပေ) | ကျပ် | ၁၃၅၀ |
| (၁၁၊၁၂)ပေ ဆိုဒ်များ (တစ်ပေ) | ကျပ် | ၁၅၀၀ |

(၁၉၆)

# ဆေးဖက်ဝင်ကော်ဖီအကြောင်း သိမှတ်စရာအဖြာဖြာ

ပေါက်ပေါက်

"ကော်ဖီ"သည် ကမ္ဘာပေါ်တွင် "ရေ"ပြီးလျှင် သောက်သုံးမှု အများဆုံးဖြစ်သည်။ ရှေးခေတ်ကတည်းက လူ့ယဉ်ကျေးမှု၏အစိတ်အပိုင်းတစ်ခု ဖြစ်ခဲ့သည်။ စစ်တမ်းများအရ ကမ္ဘာတစ်ဝန်းတွင် နေ့စဉ်သောက်သုံးနေကြသော ကော်ဖီခွက်ရေပေါင်း ၂ ဒသမ ၆ ဘီလီယံခန့်ရှိကြောင်း သိရသည်။ ကော်ဖီသောက်ခြင်း၏အရေးပါမှုသည် ကာလကြာလာသည်နှင့်အမျှ တိုးတက်မှုရှိနေသဖြင့် ကော်ဖီသောက်ချိန်သည်ပင်လျှင် လုပ်ငန်းခွင်၌ အရေးကြီးသောအစိတ်အပိုင်းတစ်ခုဖြစ်လာသည်။ ကော်ဖီသောက်ခြင်းသည် စီးပွားရေးနှင့် လူမှုဆက်ဆံရေးဆိုင်ရာများအတွက် မရှိမဖြစ်လိုအပ်ချက်ဖြစ်လာသည်။

Aroma မျိုးနွယ်ဝင်ဖြစ်သည့် အပင်မှရရှိသောကြောင့် ကော်ဖီက ကျန်းမာရေးအကျိုးကျေးဇူးများစွာပေးစွမ်းနိုင်ကြောင်း နိုင်ငံတကာကျန်းမာရေးသုတေသီများ၏ မှတ်တမ်းတချို့ကို အောက်ပါအတိုင်း လေ့လာသိရသည်။

- ကော်ဖီတွင်ရောဂါပိုးများကို တိုက်ဖျက်ကာကွယ်ပေးနိုင်သည့် ခန္ဓာကိုယ်အကျိုးပြုဓာတ်တိုးဆန့်ကျင်ပစ္စည်း ခေါ် antioxidant အာဟာရဓာတ်သတ္တုများစွာပါဝင်သည်။
- ခန္ဓာကိုယ်တွင်းအဆီလောင်ကျွမ်းမှုကို ကော်ဖီက အားပေးကူညီပေးနိုင်သည်။
- အသည်းကိုအားကောင်းလာစေသည်။
- ပါကင်ဆန် ခေါ် အသက်ကြီး၍ ခြေတုန်လက်တုန်ရောဂါများနှင့် အယ်လ်ဇိုင်းမား ခေါ် ဦးနှောက်ဇရာကြိုရောဂါများ ဖြစ်နိုင်ခြေကို လျှော့ချပေးနိုင်သည်။ ထို့ကြောင့် အသက် ၆၅ နှစ်အထက် သက်ကြီးပိုင်းများကို ကဖိန်းဓာတ်နည်းသော ကော်ဖီပျော့ပျော့ နေ့စဉ်တိုက်ကျွေးသင့်ကြောင်း အမေရိကန်နိုင်ငံ တောင်ဖလော်ရီဒါတက္ကသိုလ်မှ သုတေသီများက အကြံပြုထားကြသည်။
- အချိုမပါသောကော်ဖီ တစ်နေ့နှစ်ခွက်ပုံမှန်သောက်ခြင်းက ဆီးချိုရောဂါအမှတ်-၂ ဖြစ်နိုင်ခြေ ၅၀ ရာခိုင်နှုန်းလျှော့ချပေးကြောင်း အမေရိကန်ဓာတုအဖွဲ့အစည်းက အကြံပြုထားသည်။
- ကဖိန်းဓာတ်က သွေးထဲရှိ ဖက်တီးအက်ဆစ်ပမာဏကိုတိုးပွားစေကာ၊ ထိုအက်ဆစ်တွေကို ခန္ဓာကိုယ်ကြွက်သားများက စုပ်ယူလောင်မြိုက်ပေးသဖြင့် ကိုယ်လက်ကိုက်ခဲ နာကျင်ခြင်းကို သက်သာစေသည်။ အထူးသဖြင့် မာရသွန်၊ ပြေးခုန်ပစ်၊ ကြက်တောင်နှင့် စက်ဘီးစီး စသည့် အားကစားသမားများအတွက် ကော်ဖီက အထောက်အကူပြုကြောင်း နယူးယောက်တိုင်းစ်သတင်းစာမှာ ဖော်ပြထားသည်။
- အမျိုးသား၊ အမျိုးသမီး လူဦးရေစုစုပေါင်း တစ်သိန်းကျော်ကို အနှစ် ၂၀ ကြာ သုတေသနပြုပြီးနောက် ကော်ဖီကအရေပြားကင်ဆာနှင့် ရင်သားကင်ဆာဖြစ်နိုင်ခြေ လွန်စွာနည်းပါးစေကြောင်း အမေရိကန်ပြည်ထောင်စု၊ ဘော်စတွန်မြို့ရှိ အမျိုးသမီးဆေးရုံမှ အကြံပြုထားသည်။
- ကော်ဖီသောက်ပြီးနောက် စိတ်ကိုလန်းဆန်းပျော်ရွှင်လာစေသဖြင့် ဆယ်ကျော်သက်များ မိမိကိုယ်ကို သေကြောင်းကြံစည်လိုမှု ၅၀ ရာခိုင်နှုန်းလျှော့ချပေးနိုင်ကြောင်း အမေရိကန်နိုင်ငံ ဘော်စတွန်မြို့ရှိ ဟားဗက်ပြည်သူ့ကျန်းမာရေးကျောင်းမှ အတည်ပြုထားသည်။
- ကိုရီးယားနိုင်ငံ ဆိုးလ်အမျိုးသားတက္ကသိုလ်က ကြွက်များနှင့် စမ်းသပ်ပြီးနောက်မှာ ကော်ဖီက စိတ်ကျရောဂါကို ပျောက်ကင်းစေသည့်ပြင် လိင်စိတ်နိုးကြွစေသည်ဟုဆိုသည်။
- အမေရိကန်တွင် အရက်စွဲနေသူလူဦးရေ ၁၂၀၀၀ ကျော်ကို ၂၂ နှစ်ကြာ သုတေသနပြုချက်များအရ နေ့စဉ်ကော်ဖီတစ်ခွက် ပုံမှန်သောက်သူများတွင် အရက်ကြောင့်ဖြစ်သည့် အသည်းခြောက်ရောဂါဖြစ်နိုင်ခြေ အလားအလာ ၂၀ ရာခိုင်နှုန်း လျော့ကျစေကြောင်း လေ့လာသိရသည်။
- ကော်ဖီက အရွယ်တင်နုပျိုစေသည့်အပြင် သည်းခြေအိတ်ကျောက်တည်ခြင်း၊ မကြာခဏ မျက်စိပုတ်ခတ်ပုတ်ခတ်လုပ်သူများ၊ သွားပိုးစားခြင်း၊ ဂေါက် ခေါ် အဆစ်အမျက်ရောင်ရမ်းနာများ စသည်တို့အတွက် ဆေးဖက်ဝင်ကြောင်း ကျန်းမာရေးသုတေသီများက ဆိုသည်။
- အင်္ဂလန်နိုင်ငံရှိ အင်ပါယာကောလိပ်မှ စမ်းသပ်ချက်အရ အမျိုးသမီးဦးရေ ၄၅၆၀၀၀ ကို လေ့လာခဲ့ရာ တစ်နေ့ ကော်ဖီ သုံးခွက်သောက်သုံးလေ့ရှိသော အမျိုးသမီးများမှာ သားအိမ်ကင်ဆာဖြစ်ပွားနိုင်မှုအန္တရာယ်ကို ၁၈ ရာခိုင်နှုန်း လျှော့ချပေးနိုင်ကြောင်း လေ့လာတွေ့ရှိခဲ့သည်။
- အီတလီနိုင်ငံ ဘာရီမြို့ရှိ ဆေးဝါးသုတေသနပညာရှင်များက အသက်အရွယ်ကြီးရင့်သူ ၁၄၀၀ ကို စမ်းသပ်လေ့လာခဲ့ရာ မပြင်းလွန်း မပျော့လွန်း(အလယ်အလတ်စား) ကော်ဖီသောက်သုံးသည့် အလေ့အကျင့်သည် ဦးနှောက်ကျန်းမာရေးကို အထောက်အကူပြုကြောင်း တွေ့ရသည်။ အဆိုပါလေ့လာမှုအား အီတလီဘာရီအယ်လ်ဒိုမော်ရီတက္ကသိုလ်မှ သုတေသီများက ပြုလုပ်ခဲ့ခြင်းဖြစ်ပြီး အသက် ၆၅ နှစ်မှ ၈၄ နှစ်အရွယ်ကြား သက်ကြီးပိုင်း ၁၄၄၅ ဦး၏ ကော်ဖီသောက်သုံးခြင်းနှင့် အာရုံကြောဆိုင်ရာ ကျန်းမာသန်စွမ်းခြင်း ဆက်နွှယ်နေမှုအပေါ် သုံးနှစ်ကြာ အချိန်ယူ၍လေ့လာခဲ့သည်။ နေ့စဉ်ကော်ဖီနှစ်ခွက်သောက်သုံးခြင်းက ဦးနှောက်၏စွမ်းအင်ကို တိုးတက်လာစေနိုင်ကြောင်း၊ အဆိုပါတွေ့ရှိမှုက ဦးနှောက်အမေ့လွန်ရောဂါနှင့်ပတ်သက်သည့် အယ်လ်ဇိုင်းမားရောဂါကို ပုံနှိပ်ဖော်ပြခဲ့သည်။
- စင်ကာပူသုတေသီများသည် အသက် ၅၀ ပိုင်းအရွယ် လူပေါင်း ၁၂၅၀၀ တို့ကိုလေ့လာကြည့်ရာ တစ်ရက်လျှင် ကော်ဖီ သို့မဟုတ် လက်ဖက်ရည် လေးခွက်နှင့်အထက် သောက်သူများတွင် အသက်ကြီးပိုင်းအရွယ်၌ ရုပ်ပိုင်းဆိုင်ရာစွမ်းဆောင်ရည်ကျဆင်းမှု ၁၂ ရာခိုင်နှုန်းပိုနည်းပါးကြောင်း တွေ့ရှိထားသည်။
- အိမ်ခန်းအတွင်း အနံ့ဆိုးများမရှိစေရန်အတွက် ကော်ဖီမှုန့်က အသုံးတည့်လှသည်။ ကော်ဖီမှုန့်ကို အဝတ်အိတ်ပါးထဲထည့်၍ အခန်းထောင့်ပတ်လည်မှာ ချိတ်ဆွဲထားပါ။ ထို့ပြင် ကော်ဖီမှုန့်က ဆေးလိပ်မီးခိုးတွေကိုလည်း စုပ်ယူပေးနိုင်သည်။ သင်းပျံ့နေသော ကော်ဖီရနံ့က ကော်ဖီကြိုက်သူများအတွက် စိတ်အာရုံကြည်လင်လန်းဆန်းမှုကို ဖြစ်စေသည်။
- ရေမွှေးရောင်းသည့်ဆိုင်များတွင် ကော်ဖီစေ့ဆောင်ထားလေ့ရှိသည်။ ရေမွှေးများ စမ်းသပ်ကြည့်ရှုရင်း အနံ့များရောထွေးသွားပါက ကော်ဖီစေ့များထည့်ထားသည့် ခွက်လေးကို ရှုလိုက်ရသည်။ ထိုအခါ ကော်ဖီစေ့ရနံ့က အနံ့ခံအာရုံကို ပြန်ပြီး စေ့ဆော်ပေးသည်။



**နေ့စဉ်ကော်ဖီသောက်ခြင်းက ဆီးချိုရောဂါအမှတ်-၂ ကို ကာကွယ်**

ဆီးချိုရောဂါအမှတ်-၂ ဆိုသည်မှာ ခန္ဓာကိုယ်ထဲမှာ အင်ဆူလင်ကို တုံ့ပြန်နိုင်အား ကျဆင်းလာသည့်အတွက် အင်ဆူလင်မလိုအပ်ဘဲ အင်ဆူလင်ကိုတုံ့ပြန်ပေးနိုင်သည့်ဆေးဝါးများ လိုအပ်ခြင်းကြောင့်ဖြစ်လာရသည့် နာတာရှည်ရောဂါတစ်မျိုးဖြစ်သည်။ ပျမ်းမျှအသက် ၃၅ အထက် စဖြစ်လေ့ရှိပြီး သွေးတိုး၊ နှလုံးရောဂါတို့နှင့် ဆက်စပ်နေသည်။ သက်ကြီးပိုင်းဖြစ်လေ့ရှိသောဆီးချိုရောဂါ၏ ၉၀ ရာခိုင်နှုန်းခန့်က ၎င်းဆီးချိုရောဂါအမှတ်-၂ ဖြစ်သည်။

"ကော်ဖီကို ရံဖန်ရံခါမှ သောက်သူတွေထက်စာရင်၊ ကော်ဖီကို နေ့စဉ်ပုံမှန်သောက်သူများဟာ ဆီးချိုရောဂါအမှတ်-၂ ဖြစ်နိုင်ခြေအလားအလာ နည်းပါးနိုင်တယ်"ဟု ပြင်သစ်နိုင်ငံအခြေစိုက် AFP သတင်းဌာနမှ ထုတ်ပြန်ထားသည်။ ယခုလို ကော်ဖီနှင့် ဆီးချိုရောဂါဆက်စပ်မှု သုတေသနကို Diabetologia အသင်းအဖွဲ့မှ စေတနာ့ရှင် ကျန်းမာရေးဝန်ထမ်းဦးရေ ၁၂၀၀၀၀ ကျော်နှင့် လေ့လာစမ်းစစ်ခဲ့ခြင်းဖြစ်သည်။ လေးနှစ်ကြာမျှ ကော်ဖီစွဲသောက်လာကြသူများဖြစ်သော ထိုကျန်းမာရေးဝန်ထမ်းများကို အုပ်စုနှစ်စုခွဲ၍ လေ့လာကြည့်ရာ အောက်ပါအတိုင်း အဖြေထွက်ရှိခဲ့သည်။

(က) တစ်နေ့လျှင် ကော်ဖီ ပျမ်းမျှတစ်ခွက် သို့မဟုတ် တစ်ခွက်ခွဲသောက်လေ့ရှိသူက ဆီးချိုရောဂါအမှတ်-၂ ဖြစ်နိုင်ခြေအလားအလာ ၁၁ ရာခိုင်နှုန်းနည်းပါးနိုင်သည်။

(ခ) တချို့နေ့တွေမှာ ပုံမှန်သောက်နေကျ တစ်ခွက်ထက်ပို၍ နှစ်ခွက်တိတိ သောက်တတ်သူများက ဆီးချိုရောဂါအမှတ်-၂ ဖြစ်နိုင်ခြေအလားအလာ ၁၈ ရာခိုင်နှုန်းထိ နည်းပါးသွားသည်။

(ဂ) ဘော့စတွန်နိုင်ငံရှိ ဟားဗက်ပြည်သူ့ကျန်းမာရေးကျောင်း မှ Shilpa Bhupathiraju ဆိုသူက ထိုသုတေသနကို ဦးဆောင်သူဖြစ်ကြောင်း ဆီးချိုရောဂါ လေ့လာစောင့်ရှောက်ရေးကျန်းမာရေးဂျာနယ်တစ်စောင်မှာ ယခုလို အကျယ်တဝင့် ဖော်ပြထားသည်။ ၎င်းအဆိုကို သိပ္ပံဗေဒယာစင်တာမှ ကျွမ်းကျင်သူများကလည်း အတည်ပြုထောက်ခံထားကြပြီး ကော်ဖီတစ်ခွက်နေ့စဉ်သောက်သင့်ကြောင်းနှင့် တချို့နေ့တွေမှာ နှစ်ခွက်သောက်ခြင်းဖြင့် ဆီးချိုရောဂါဖြစ်မလာအောင် ထိန်းထားနိုင်ကြောင်း ထပ်လောင်းအကြံပြုထားသည်။

သို့သော် အထက်ပါသုတေသနပြုချက်ထဲတွင် လက်ဖက်ရည်နှင့် ကဖိန်းဓာတ်မပါသည့် ကော်ဖီအမျိုးအစားတွေကိုမဆိုလိုပေ။ အကယ်၍ လက်ဖက်ရည်နှင့် ကဖိန်းဓာတ်မပါသည့် ကော်ဖီတို့ကို စွဲသောက်သည့်အခါသွေးထဲမှာ သကြားဓာတ်များလာပြီး ဆီးချိုအမှတ်-၂ ဖြစ်စေသည့်အပြင် အဝလွန်ရောဂါလည်း ဖြစ်လာစေနိုင်ကြောင်း သိရသည်။

**ကော်ဖီသောက်ရန် အသင့်တော်ဆုံးအချိန်**

နိုင်ငံတကာ ဆေးသုတေသီများ၏ဆန်းစစ်မှုအရ နံနက်အိပ်ယာနိုးထပြီးနောက် တစ်နာရီခန့်အကြာသည် ကော်ဖီသောက်ရန် အသင့်တော်ဆုံးအချိန်ဖြစ်ကြောင်း လေ့လာသိရှိရပါသည်။ ကော်ဖီမသောက်ခင် အစားအစာတစ်ခုခုဖြစ်စေ၊ ပေါင်မုန့်ကြွမ်းတစ်ချပ်ဖြစ်စေ စားပြီးမှသာ ကော်ဖီသောက်ကြပါရန် အကြံပြုထားသည်။ ထို့ပြင် နေ့လယ်စာစားပြီးနောက် တစ်နာရီကျော်အကြာနှင့် ညနေခင်းအချိန်တွေကလည်း ကော်ဖီသောက်ရန် သင့်တော်ကောင်းမွန်သည့်အချိန်များဖြစ်သည်။

အချုပ်ဆိုသော် ကော်ဖီသောက်သုံးမှုနှင့်ပတ်သက်၍ ကျန်းမာရေးအတွက် အကောင်းအဆိုး အငြင်းပွားမှုများရှိလင့်ကစား ကမ္ဘာကြီးတွင် လူဦးရေတိုးလာသည်နှင့်အမျှ ကော်ဖီသောက်သူများ ပိုမိုတိုးပွားနေဦးမည်ဖြစ်သည်။ သင်တင့်လျောက်ပတ်စွာ သောက်သုံးပါက ကျန်းမာရေးအတွက် အထောက်အကူပြုလျက်ရှိပါသည်။ ကော်ဖီကို အသက်အရွယ်အလိုက် အသင့်အတင့်ပုံမှန်သောက်သုံးခြင်း၊ သကြားနို့ဆီစသည့် အချိုလျှော့ထည့်သောက်ခြင်းတို့က အထက်ဖော်ပြပါ ကျန်းမာရေးအကျိုးကျေးဇူးများစွာကို ရရှိစေသည်။ ၂၀ ရာစုတွင် အဖြစ်များသော စိတ်ကျရောဂါ၊ အယ်လ်ဇိုင်းမား ခေါ် ဦးနှောက်ဇရာအကြိုရောဂါ၊ ပါကင်ဆန် ခေါ် ခြေတုန်လက်တုန်ရောဂါနှင့် နာတာရှည်ဆီးချိုရောဂါအမှတ်-၂ စသည့် ရောဂါတို့ကိုလည်း ကော်ဖီကအတိုင်းအတာတစ်ခုထိ လျှော့ချပေးနိုင်ကြောင်း လေ့လာဖော်ပြလိုက်ရပါသည်။

# ကုန်ဈေးနှုန်းကြီးမြင့်မှုဖြင့် ရင်ဆိုင်နေရသော မြောက်ကိုရီးယားနိုင်ငံ

**မောင်သောင်းဝင်း(တမန်ဟောင်း)**

မြောက်ကိုရီးယားနိုင်ငံတွင် နိုင်ငံခြားငွေဈေးနှင့် ပြည်တွင်းကုန်ဈေးနှုန်းတို့သည် ယခင်နှစ်ကထက် နှစ်ဆမြင့်တက်သောကြောင့် စီးပွားရေးအကျပ်အတည်းများဖြင့် ရင်ဆိုင်ရလျက်ရှိသည်။ အစိုးရ၏ တုံ့ပြန်ဖြေရှင်းမှုသည် တင်းကျပ်သော ထိန်းချုပ်မှုကိုသာ ဗဟိုပြုလျက်ရှိပြီး အထူးသဖြင့် စားနပ်ရိက္ခာဖြန့်ဖြူးမှုအပေါ် ထိန်းချုပ်ရေးအတွက် နိုင်ငံပိုင်ဂျုံ၊ ဆန်စပါးဆိုင်များနှင့် ပေါင်းစပ်စီမံခန့်ခွဲမှုအဆောက်အအုံများကဲ့သို့သော အစီအမံများဖြင့် လုပ်ဆောင်လာလျက်ရှိသည်။

သို့သော် တင်းကျပ်သော ဈေးကွက်စည်းမျဉ်းစည်းကမ်းများ၊ တရားမဝင်ဂျုံနှင့်ဆန်စပါးရောင်းချသူများအတွက် တရားဥပဒေကြောင်းဆိုင်ရာ ပြစ်ဒဏ်များ၊ ရိက္ခာဖြန့်ဝေမှုအသေးစိတ်စည်းမျဉ်းစည်းကမ်းများအပါအဝင် နိုင်ငံတော်၏ ဖိအားပေးစွက်ဖက်ဆောင်ရွက်မှုများသည် ပြဿနာကိုဖြေရှင်းသည်ထက်ပိုမို၍ပင် ကြီးမားလာစေခဲ့သည်။ အာဏာပိုင်များက အဆိုပါအစီအမံများသည် စားနပ်ရိက္ခာလုံခြုံမှုနှင့်ဈေးနှုန်းတို့ တည်ငြိမ်လာစေမည်ဟု အခိုင်အမာပြောဆိုလျက်ရှိသော်လည်း ထိုသို့ တင်းကျပ်သော ဈေးကွက်ထိန်းချုပ်မှုသည် စီးပွားရေးကမောက်ကမဖြစ်မှုကိုသာ ပိုမိုနက်ရှိုင်းလာစေလျက်ရှိသည်။

**လက်ရှိဈေးကွက်အခြေအနေ**

ဆိုလ်းအခြေစိုက် Daily NK သတင်းအရင်းအမြစ်များအရ မြောက်ကိုရီးယားအာဏာပိုင်များက တင်းကျပ်သောဈေးကွက်ထိန်းချုပ်မှုသည် စီးပွားရေး အကျပ်အတည်းကို ပိုမိုဆိုးရွားလာစေသည့် အဓိကအကြောင်းရင်းဖြစ်သည်ဟု ဆိုသည်။ သာဓကအနေဖြင့် တောင်ပိုင်းပြွန်ဂန်ပြည်နယ်၏ ကော်မတီက အရင်းရှင်အုပ်စုများသည် ဈေးကွက်အတွင်းပျံ့နှံ့နေသည်ဟုဆိုကာ ၂၀၂၄ ခုနှစ် နှစ်ကုန်ပိုင်းတွင် ထိန်းချုပ်ရေးအစီအမံများကို ချက်ချင်းအကောင်အထည်ဖော်ခဲ့သည်။

အာဏာပိုင်များက ပြုံယမ်းဈေးကွက်နှင့် အသေးစားဈေးများအပါအဝင် အကြီးစားလက်ကားဈေးကွက်များတွင်တွေ့ရှိရသော အရင်းရှင်များ၏ တရားမဝင်ရောင်းဝယ်ဖောက်ကားမှုဟု ရည်ညွှန်းပြောဆိုမှုသည် ယိုးမယ်ဖွဲ့ခြင်းသာဖြစ်သည်။ နိုင်ငံခြားငွေနှင့်ဆေးဝါးတို့ကို မြောက်ကိုရီးယားဈေးကွက်၌ ရောင်းချနေသည်မှာ နှစ်ပရိစ္ဆေဒကြာမြင့်နေပြီဖြစ်ကြောင်း၊ အရေးယူဆောင်ရွက်မှုများကို မည်သည့်အတွက်ကြောင့် ရုတ်တရက်ဆောင်ရွက်ရသလဲဆိုသောမေးခွန်းများ ထွက်ပေါ်လာလျက်ရှိကြောင်း Daily NK သတင်းအရင်းအမြစ်များ၌ ဖော်ပြထားသည်။

အမှန်တော့ မြောက်ကိုရီးယားအာဏာပိုင်များသည် ဈေးကွက်ကို အကြောင်းပြချက်အမျိုးမျိုးဖြင့် တစိုက်မတ်မတ် ထိန်းချုပ်လျက်ရှိသည်။ ကိုဗစ်ရောဂါကာလအတွင်းကလည်း ရောဂါကူးစက်မှုနှုန်းမြင့်တက်လာမည်ဆိုသော အကြောင်းပြချက်ဖြင့် ဈေးကွက်လည်ပတ်မှုကို ရုတ်တရက်ပိတ်သိမ်းခြင်းအပြင် တောင်ကိုရီးယားမီဒီယာများသို့ သတင်းပေးနေသည့်သံသယရှိသူများကိုလည်း ဖမ်းဆီးမှုများ လုပ်ဆောင်ခဲ့သည်။

ထို့ကြောင့် ဈေးကွက်များသည် တဖြည်းဖြည်း ကျပ်တည်းလာခဲ့ပြီး လွတ်လပ်သော ကုန်သွယ်မှု ပျောက်ကွယ်သွားခဲ့သည်။ ဈေးရောင်းချသူများသည် စီးပွားရေးလုပ်ငန်းများကို လွတ်လပ်စွာ မလုပ်ဆောင်နိုင်သောကြောင့် ၎င်းတို့၏ ဘဏ္ဍာရေးအခြေအနေသည် တဖြည်းဖြည်းယိုယွင်းလာခဲ့ရာ ပြည်သူများ၏ဝယ်ယူစားသုံးနိုင်မှုစွမ်းအားကျဆင်းလာခဲ့သည်။ ထို့ကြောင့် အစိုးရ၏ တင်းကျပ်သော ထိန်းချုပ်မှုများသည် ပြည်သူများ၏ ဝယ်ယူစားသုံးမှုစွမ်းအားတွင် ဘက်ပေါင်းစုံမှ ကျဆင်းလာခဲ့သည်။

**ဈေးနှုန်းမြင့်တက်မှုအပေါ် နိုင်ငံတော်၏တုံ့ပြန်မှု**

တင်းကျပ်သောဈေးကွက်ထိန်းချုပ်မှုနှင့် ဝယ်ယူစားသုံးမှုစွမ်းအားကျဆင်းနေမှုများကြားတွင် အစိုးရသည် နက်ရှိုင်းလာသော စီးပွားရေးအကျပ်အတည်းကိုဖြေရှင်းရန် မဟာဗျူဟာကျကျဖြေရှင်းသွားမည့် ရည်မှန်းချက်ကို ထုတ်ပြန်ကြေညာခဲ့သည်။ အာဏာပိုင်များအနေဖြင့် လှုပ်ရှားဆောင်ရွက်မှုမြှင့်တင်နိုင်ရေး လွတ်လပ်သောဈေးကွက်ဖော်ဆောင်ရမည့်အစား စီးပွားရေးလုပ်ငန်းများတွင် ဈေးနှုန်းများထုတ်ပြန်ခြင်းဖြင့် ၎င်းတို့၏ထိန်းချုပ်မှုကို ပိုမိုမြှင့်တင်ခဲ့သည်။

အဆိုပါချဉ်းကပ်မှု၏ အဓိကအစိတ်အပိုင်းသည် ဈေးနှုန်းတည်ငြိမ်တိုးတက်မှုစီမံကိန်းပင်ဖြစ်သည်။




မြောက်ကိုရီးယား၏ မြင့်တက်လာသော စားနပ်ရိက္ခာဈေးနှုန်းများနှင့် မတည်ငြိမ်သော ငွေကြေးဈေးကွက်အခြေအနေကိုဖြေရှင်းရန် ၂၀၂၄ ခုနှစ် ပါတီမျက်နှာစုံညီညီလာခံ၌ ၎င်းစီမံကိန်းကို ကြေညာခဲ့ခြင်းဖြစ်သည်။ ထိုသို့ဆောင်ရွက်ရာတွင် ဈေးနှုန်းနှင့် ငွေလဲနှုန်းကို မည်သို့မည်ပုံထိန်းချုပ်သွားရေးသည်တာဝန်ရှိသူများအတွက် အဓိကအချက်ဖြစ်လာလျက်ရှိသည်။ အာဏာပိုင်များအနေဖြင့် ဈေးနှုန်းတည်ငြိမ်မှုသည် စီးပွားရေးကျပ်တည်းမှုဖြေလျှော့ခြင်းနှင့် လူမှုရေးဆိုင်ရာတည်ငြိမ်အေးချမ်းမှုကို ထိန်းသိမ်းရာတွင် များစွာအရေးပါလျက်ရှိသည်ဟု ရှုမြင်လျက်ရှိသည်။

အစိုးရ၏စီမံကိန်းသည် ဂျုံနှင့် ဆန်စပါးစနစ်တို့အပေါ် နိုင်ငံတော်က တင်းကျပ်စွာထိန်းချုပ်ခြင်း၊ စားနပ်ရိက္ခာဖြန့်ဖြူးမှုကွန်ရက်များ ပြုပြင်ပြောင်းလဲခြင်းနှင့် နိုင်ငံခြားငွေကြေးကိုတင်းကျပ်စွာထိန်းချုပ်ခြင်းအပေါ်တွင် မူတည်နေသည်။ အဆိုပါ အစီအမံများသည် နိုင်ငံတော်ဖြန့်ဖြူးမှုလမ်းကြောင်းများ တိုးမြှင့်နေစဉ်မှာပင် ပုဂ္ဂလိကစားနပ်ရိက္ခာရောင်းချမှုများကို လျှော့ချသွားရန် ရည်မှန်းထားရှိသည်။

စားနပ်ရိက္ခာဈေးနှုန်းနှင့် ငွေလဲနှုန်းများ မြင့်တက်လာခြင်းသည် စီးပွားရေးတည်ငြိမ်မှုကို ခြိမ်းခြောက်လျက်ရှိသည့်အပြင် ပြည်သူများ၏မကျေနပ်ချက်ကိုလည်း မြင့်တက်စေလျက်ရှိကြောင်း ဒေသတွင်း ဘဏ္ဍာရေးဆိုင်ရာ အစီရင်ခံစာများက ဖော်ပြလျက်ရှိသည်။ ထို့ကြောင့် အာဏာပိုင်များသည် ဈေးနှုန်းမတည်ငြိမ်မှုကို စီးပွားရေးဆိုင်ရာ စိန်ခေါ်မှုထက် လုံခြုံရေးဆိုင်ရာခြိမ်းခြောက်မှုအဖြစ် သဘောထားကာ အရှိန်မြှင့်တင်ဆောက်ရွက်လျက်ရှိသည်။ အစိုးရက ဈေးနှုန်းတည်ငြိမ်မှုရှိလာအောင် ဆောင်ရွက်ခြင်းဖြင့် စီးပွားရေးအကျပ်အတည်းကို ကျော်လွှားနေပြီဖြစ်ကြောင်း ပြောဆိုနေစဉ်မှာပင် တင်းကျပ်သော ထိန်းချုပ်မှုများသည် စီးပွားရေးဆိုင်ရာ ယိုယွင်းဆုတ်ယုတ်မှုကိုသာဖြစ်ပေါ်စေပြီး စစ်မှန်သောအဖြေနှင့် ပိုမိုဝေးကွာစေမည်ဆိုသောစိုးရိမ်ပူပန်မှုများ မြင့်တက်လာလျက်ရှိသည်။

**ဂျုံနှင့်ဆန်စပါးထိန်းချုပ်ရေးရည်မှန်းချက်များ**

တင်းကျပ်သော ဈေးကွက်ထိန်းချုပ်မှုများသည် ဂျုံနှင့် ဆန်စပါးကုန်သွယ်မှု အဆင်ပြေချောမွေ့စေမည့် ထိရောက်သောစီမံကိန်းတစ်ခုတွင် အစိုးရ၏ ကြားဝင်စွက်ဖက်မှုကိုသာ ဖြစ်ပေါ်စေလျက်ရှိသည်။ ယခင်က ဈေးကွက်ကန့်သတ်ချက်များကို ယာယီအကျပ်အတည်းများ သို့မဟုတ် လုံခြုံရေးဆိုင်ရာစိုးရိမ်ပူပန်မှုများကြောင့် လုပ်ဆောင်ခဲ့သော်လည်း ဂျုံနှင့် ဆန်စပါးကို စီမံခန့်ခွဲရန်အစိုးရ၏ချဉ်းကပ်မှုအသစ်သည် မြောက်ကိုရီးယား၏ စားနပ်ရိက္ခာဖြန့်ဖြူးမှုစနစ်ကို အမြဲတမ်းပြုပြင်ပြောင်းလဲသွားမည့် စနစ်တကျကြိုးပမ်းမှုကိုထင်ဟပ်စေလျက်ရှိသည်။

ထိုကြိုးပမ်းမှု၏ ဗဟိုချက်မသည် ၂၀၂၁ ခုနှစ်ကတည်းက တစ်နိုင်ငံလုံးတွင် လည်ပတ်လျက်ရှိသော နိုင်ငံတော်ပိုင်ဂျုံနှင့် ဆန်စပါးဆိုင်များ ကွန်ရက်တိုးချဲ့မှုဖြစ်သည့်အတွက် ယခင်က ဂျုံနှင့် ဆန်စပါးများ လွတ်လပ်စွာရောင်းချမှုနှင့်ဖြန့်ဖြူးမှုကို နိုင်ငံတော်၏ ကွပ်ကဲမှုအောက်သို့ တိုက်ရိုက်သွတ်သွင်းသွားလိုသည့် သိသာထင်ရှားသော ကြိုးပမ်းမှုပင်ဖြစ်သည်။

အစိုးရသည် အဆိုပါဂျုံနှင့် ဆန်စပါးဆိုင်များ ခိုင်မာအောင်တည်ဆောက်ပြီး ၂၀၂၄ခုနှစ် ပါတီမျက်နှာစုံညီညီလာခံ၌ ဂျုံနှင့်ဆန်စပါး စီမံခန့်ခွဲမှုဆိုင်ရာ ပေါင်းစပ်စီမံကိန်းများကို ကြေညာခဲ့သည်။ ထိုသို့ လုပ်ဆောင်ခြင်းသည် တစ်ခုတည်းသော စီမံခန့်ခွဲမှုစနစ်အောက်တွင် ဂျုံနှင့် ဆန်စပါးတို့ကို ထုတ်လုပ်ခြင်းမှသည် ဖြန့်ဖြူးခြင်းနှင့် ခွဲဝေခြင်းထိ ဂျုံနှင့်ဆန်စပါးလုပ်ငန်းမှန်သမျှကို ဗဟိုကချုပ်ကိုင်ဆောင်ရွက်သွားရန်ပင်ဖြစ်သည်။ လက်အောက်ဒေသဆိုင်ရာမှသည် ဗဟိုထိန်းချုပ်မှုကို ပြောင်းလဲခြင်းသည် စားနပ်ရိက္ခာဖြန့်ဖြူးမှုကို လူမှုရေးဆိုင်ရာထိန်းချုပ်မှုအတွက် အင်အားကြီးမားသောလက်နက်တစ်ခုအဖြစ် အစိုးရ၏ရှုမြင်မှုကို ထင်ဟပ်စေလျက်ရှိသည်။

အမှန်တော့ ဂျုံနှင့်ဆန်စပါးစီမံခန့်ခွဲမှု အဆောက်အအုံအသစ်များကို နိုင်ငံတစ်ဝန်း၌ တည်ဆောက်ခြင်း၊ အထူးသဖြင့် အဓိကကျသောစိုက်ပျိုးရေးဒေသများနှင့် ဖြန့်ဝေမှုဗဟိုချက်မများတွင် တည်ဆောက်ခြင်းအားဖြင့် ဗဟိုထိန်းချုပ်မှုစနစ်ကို စတင်အကောင်အထည်ဖော်နေပြီဖြစ်သည်။ အကြီးစားကုန်လှောင်ရုံကို ၂၀၂၄ ခုနှစ် ဇန်နဝါရီလတွင် ပြွန်ဆောင်၌ တည်ဆောက်ခဲ့ပြီး ကျေးလက်ဒေသမှသည် လူဦးရေထူထပ်သည့် လိုအပ်ချက်မြင့်မားသောနေရာများထိ ဗဟိုချုပ်ကိုင်သော ဂျုံနှင့် ဆန်စပါးဖြန့်ဖြူးမှုလုပ်ဆောင်သွားမည့် စီမံချက်များကို ၂၀၂၄ ခုနှစ် ဩဂုတ်လတွင် ချမှတ်ခဲ့သည်။

**လျှို့ဝှက်ရောင်းချသူများအတွက်ပြစ်ဒဏ်**

မြောက်ကိုရီးယားအစိုးရသည် ဗဟိုချုပ်ကိုင်သော ဖြန့်ဖြူးမှုစနစ်သစ်ပိုမိုသက်ရောက်မှုရှိစေရန် ရုပ်ဝတ္ထုအခြေခံအဆောက်အအုံများအပြင် ပြီးပြည့်စုံသော တရားဥပဒေမူဘောင်ကို ထူထောင်ရန် လုပ်ဆောင်လျက်ရှိသည်။ အဆောက်အအုံများ တည်ဆောက်ခြင်းဖြင့် မူဝါဒလက်တွေ့အကောင်အထည်ဖော်မှုကို ပြသနေသည့်အချိန်တွင် အသစ်ပြဋ္ဌာန်းထားသော စည်းမျဉ်းစည်းကမ်းများက အစိုးရအနေဖြင့် ကြီးလေးသောပြစ်ဒဏ်များ ချမှတ်သွားမည်ဖြစ်ကြောင်း ခြိမ်းခြောက်ကာ ဂျုံနှင့်ဆန်စပါးဖြန့်ဖြူးမှုကို မည်သို့မည်ပုံ ထိန်းချုပ်သွားမည်ဆိုသော သဘောထားကို ဖော်ပြလျက်ရှိသည်။

အထူးသဖြင့် အစိုးရသည် ၂၀၂၂ ခုနှစ်တွင် ပြန်လည်ပြင်ဆင်ရေးဆွဲပြဋ္ဌာန်းခဲ့သော ဂျုံနှင့် ဆန်စပါးဥပဒေပုဒ်မ ၄၃-၄၄ ဖြင့် စည်းမျဉ်းစည်းကမ်း ဥပဒေသစ်များကို ပြဋ္ဌာန်းခဲ့သည်။ ပုဒ်မ ၄၃ သည် စားနပ်ရိက္ခာဖြန့်ဖြူးမှုအတွက် တင်းကျပ်သော မူဘောင်ကို ပြဋ္ဌာန်းထားရှိပြီး ပုဒ်မ ၄၄ သည် စားနပ်ရိက္ခာရောင်းချရမည့်အချိန်ကာလကို သတ်မှတ်ထားခြင်းဖြစ်သည်။

၂၀၂၂ ခုနှစ် ဥပဒေသည် မြောက်ကိုရီးယား၏ စားနပ်ရိက္ခာပံ့ပိုးမှုအပေါ် တင်းကျပ်သော ထိန်းချုပ်မှုကို သိသိသာသာ တိုးချဲ့ထားခြင်းဖြစ်သည်။ ၂၀၂၁ ခုနှစ် ဥပဒေသည် ရောင်းချသည့်နေရာများကို စောင့်ကြည့်ရုံသာဖြစ်သော်လည်း ဥပဒေသစ်သည် အရောင်းကွင်းဆက်မှသည် ရောင်းချမှုအစီအစဉ်များထိ စားနပ်ရိက္ခာဖြန့်ဖြူးမှု လုပ်ငန်းစဉ်အားလုံးကို ထိန်းချုပ်စီမံသည့် ပြီးပြည့်စုံသောစနစ်တစ်ခုကို ဖန်တီးပေးထားသည်။

ပုဒ်မ ၄၅ သည် ဂျုံနှင့် ဆန်စပါးအရောင်းဆိုင်များကို ပိုလျှံဂျုံနှင့် ဆန်စပါးများကိုသတ်မှတ်ထားသည့်အတိုင်းရောင်းချသွားရန် ပြဋ္ဌာန်းထားခြင်းဖြစ်သည်။ ထိုသို့ရောင်းချရာတွင် အစိုးရအနေဖြင့် ပိုလျှံဂျုံနှင့် ဆန်စပါးများကို တင်းကျပ်စွာထိန်းချုပ်ကာ အဆိုပါဆိုင်များကို ရောင်းချခွင့်ပြုသွားမည်ဖြစ်သည်။

**မရေရာမသေချာသောအနာဂတ်**

အစိုးရ၏ စီးပွားရေးရည်မှန်းချက်များ အောင်မြင်မှုရရှိရေးကြိုးပမ်းမှုများသည် ၎င်း၏ နောက်ဆုံးမူဝါဒအလားအလာကြောင့် မသေချာမရေရာမှုများဖြစ်ပေါ်စေလျက်ရှိသည်။ အစိုးရအနေဖြင့် တိုင်းပြည်၏ ဂျုံနှင့် ဆန်စပါးပံ့ပိုးမှုအပေါ် ဗဟိုကချုပ်ကိုင်ထိန်းချုပ်ရန်ကြိုးပမ်းမှုများသည် ရည်မှန်းချက်များပျောက်ဆုံးနေဖွယ်ရာရှိနေသည်။

Daily NK သတင်းများအရ မြောက်ကိုရီးယားနိုင်ငံသားများသည် အစိုးရကို ဈေးကွက်ထိန်းချုပ်မှုဖြေလျှော့ရန် တင်ပြလျက်ရှိကြောင်း၊ ပြည်သူအများစုက အစိုးရအနေဖြင့် ကန့်သတ်ချက်များဖြေလျှော့ခြင်း၊ ဈေးများရောင်းချချိန်တိုးမြှင့်ခြင်းနှင့် ဖြို့ခွင်းနှိမ်နင်းမှုများလျှော့ချခြင်းတို့ လုပ်ဆောင်သွားမည်ဆိုလျှင် စီးပွားရေးလုပ်ငန်းသည် သဘာဝအလျောက် တိုးတက်နေမည်ဟု ယုံကြည်ထားကြကြောင်း၊ စည်းမျဉ်းစည်းကမ်းများ အလွန်အကျွံထုတ်ပြန်ခြင်းနှင့် လွှမ်းခြုံမှုမရှိသော အစိုးရ၏ထိန်းချုပ်မှုများသည် ပြည်သူများကို စီးပွားရေးလုပ်ငန်းများလုပ်ဆောင်ရာတွင် ပိုမိုရှုန်းကန်ရလျက်ရှိကြောင်း ဖော်ပြထားသည်။

**ကိုးကား**

– North Korea’s Economic Crisis: Solution or More Controls by the Diplomat.

# အကြောင်းအမျိုးမျိုးကြောင့် နေရာဒေသအသီးသီးသို့ ရောက်ရှိနေကြသည့် မြန်မာနိုင်ငံသားများကို ပြန်လည်ဖိတ်ခေါ်

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

သတင်းထုတ်ပြန်ချက်

## အကြောင်းအမျိုးမျိုးကြောင့် နေရာဒေသအသီးသီးသို့ ရောက်ရှိနေကြသည့် မြန်မာနိုင်ငံသားများကို ပြန်လည်ဖိတ်ခေါ်ခြင်း

၁။ တပ်မတော်က နိုင်ငံတော်တာဝန်ကို လွှဲပြောင်းရယူခဲ့ရသည့် ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီ ၁ရက် နောက်ပိုင်းကစ၍ NLD ပါတီဝင်များ၊ ၎င်းပါတီကို ထောက်ခံသူအစွန်းရောက်များ၊ မတရားအသင်းနှင့် အကြမ်းဖက်အုပ်စုများဖြစ်သည့် CRPH နှင့် NUG၊ CDM လှုံ့ဆော်မှုနှင့် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို မလိုလားသည့် ပြည်တွင်း၊ ပြည်ပမှ လူပုဂ္ဂိုလ်၊ အဖွဲ့အစည်းများ၏ သွေးထိုးလှုံ့ဆော်မှု၊ ခြောက်လှန့်မှုတို့ကြောင့် အချို့သော ကျောင်းသား၊ ကျောင်းသူ လူငယ်လူရွယ်များ၊ နိုင်ငံ့ဝန်ထမ်းများနှင့် မိမိတို့နိုင်ငံသားများသည် EAO များ တည်ရှိရာနေရာများနှင့် ပြည်ပနိုင်ငံများသို့ စိုးရိမ်စိတ်များဖြင့် တိမ်းရှောင်နေကြောင်း သိရှိရပါသည်။

၂။ ၎င်းတို့အနေဖြင့် မတရားအသင်းနှင့် အကြမ်းဖက်အုပ်စုများဖြစ်သည့် CRPH နှင့် NUG၊ ၎င်းတို့နှင့် ဆက်စပ်နေသည့် ပုဂ္ဂိုလ်အချို့၏ထုတ်ပြန်ခဲ့သည့် အာဏာရှင်ဆန်သည့်ထုတ်ပြန်ချက်၊ ပြောကြားချက်တို့ အပေါ်တွင်လည်း ထပ်မံစိုးရိမ်လျက်ရှိပြီး ရောက်ရှိရာနေရာများ၌လည်း လုံခြုံရေးအာမခံချက်မရှိမှု၊ လူမှုစီးပွားဘဝ အဆင်မပြေခက်ခဲမှုတို့နှင့်ရင်ဆိုင်နေရသဖြင့် မိမိတို့နေရပ်ဒေသအသီးသီးသို့ ပြန်လာလိုသည့် ဆန္ဒများဖြစ်ပေါ်နေသည်ကို သတင်းရရှိပါသည်။

၃။ **ယခုဖြစ်စဉ်ကာလအတွင်း လူသတ်မှု၊ လုယက်မှု၊ မီးရှို့မှု၊ မိုင်းဖောက်ခွဲမှု၊ လုံခြုံရေးတပ်ဖွဲ့ဝင်များကို ရည်ရွယ်ချက်ရှိရှိတိုက်ခိုက်မှု၊ ပြည်သူ့ဝန်ထမ်းများနှင့် ပြည်သူအချို့ကို အုပ်စုဖွဲ့ကိုယ်ထိလက်ရောက် တိုက်ခိုက်မှု၊ အစိုးရပိုင်အဆောက်အအုံများနှင့် ပုဂ္ဂလိကပိုင်အဆောက်အအုံများကို ဖျက်ဆီးမှု၊ CDM လှုပ်ရှားမှုတွင် ငွေကြေးအရဖြစ်စေ၊ အခြားနည်းလမ်းဖြင့်ဖြစ်စေ နက်ရှိုင်းစွာကာယကံမြောက်ပါဝင်သူများမှအပ စိုးရိမ်စိတ်ကြောင့် ထွက်ပြေးတိမ်းရှောင်နေကြသည့် ဝန်ထမ်းများ၊ အသိပညာရှင်၊ အတတ်ပညာရှင်များ၊ အခြားနယ်ပယ်အသီးသီးမှ ပုဂ္ဂိုလ်များ၊ နိုင်ငံသားများကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် အထူးသက်ညှာစွာ ဖြေလျှော့ဆောင်ရွက်ပေးမည်ဖြစ်ပါသည်။**

၄။ မိမိနေရပ်ဒေသအသီးသီးမှ စွန့်ခွာတိမ်းရှောင်နေရသူများသည်လည်း မိမိတို့နိုင်ငံသားများဖြစ်သောကြောင့် ၎င်းတို့အနေဖြင့် တိမ်းရှောင်ရောက်ရှိနေရာများမှ မြန်မာနိုင်ငံရှိ ၎င်းတို့ဒေသအသီးသီးသို့

**ယခုဖြစ်စဉ်ကာလအတွင်း လူသတ်မှု၊ လုယက်မှု၊ မီးရှို့မှု၊ မိုင်းဖောက်ခွဲမှု၊ လုံခြုံရေးတပ်ဖွဲ့ဝင်များကို ရည်ရွယ်ချက်ရှိရှိတိုက်ခိုက်မှု၊ ပြည်သူ့ဝန်ထမ်းများနှင့်ပြည်သူအချို့ကို အုပ်စုဖွဲ့ ကိုယ်ထိလက်ရောက် တိုက်ခိုက်မှု၊ အစိုးရပိုင်အဆောက်အအုံများနှင့် ပုဂ္ဂလိကပိုင်အဆောက်အအုံများကိုဖျက်ဆီးမှု၊ CDM လှုပ်ရှားမှုတွင် ငွေကြေးအရဖြစ်စေ၊ အခြားနည်းလမ်းဖြင့်ဖြစ်စေ နက်ရှိုင်းစွာ ကာယကံမြောက်ပါဝင်သူများမှအပ စိုးရိမ်စိတ်ကြောင့် ထွက်ပြေးတိမ်းရှောင်နေကြသည့် ဝန်ထမ်းများ၊ အသိပညာရှင်၊ အတတ်ပညာရှင်များ၊ အခြားနယ်ပယ်အသီးသီးမှ ပုဂ္ဂိုလ်များ၊ နိုင်ငံသားများကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် အထူးသက်ညှာစွာ ဖြေလျှော့ဆောင်ရွက်ပေးမည်ဖြစ်ပါသည်။**

ပြန်လည်ဝင်ရောက်ရေး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက စီမံဆောင်ရွက်သွားမည်ဖြစ်ပါသည်။

၅။ သို့ဖြစ်ပါ၍ နေရပ်ဒေသအသီးသီးသို့ အကြောင်းအရာတစ်မျိုးမျိုးဖြင့်ပြစ်မှုကျူးလွန်ထားသူများမှ အပ စိုးရိမ်စိတ်ကြောင့် တိမ်းရှောင်နေရသူများအနေဖြင့် မိမိတို့၏ကိုယ်ပိုင်စိတ်ဆန္ဒအရ မြန်မာနိုင်ငံရှိ မိမိတို့၏နေရပ်များသို့ ပြန်လည်ဝင်ရောက်လိုပါက ဥပဒေအရ ဖြေလျှော့ပေးမှုများနှင့်အညီ ပြန်လည်ဝင်ရောက်နိုင်ရေး နီးစပ်ရာ ရပ်ကွက်၊ ကျေးရွာ၊ မြို့နယ်၊ ခရိုင်စီမံအုပ်ချုပ်ရေးကောင်စီများနှင့် ပြည်ပရောက် နိုင်ငံသားများအနေဖြင့် သက်ဆိုင်ရာသံရုံး၊စစ်သံရုံး၊ကောင်စစ်ဝန်ရုံးများသို့ ဆက်သွယ်ဆောင်ရွက်နိုင်ပါရန် သတင်းထုတ်ပြန်အပ်ပါသည်။

သတင်းထုတ်ပြန်ရေးအဖွဲ့

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

# အိမ်မဲမြို့နယ်တွင် မိုးစပါး ကေအားလုံး ရိတ်သိမ်းပြီးစီး တစ်ကေလျှင် ၉၆ ဒသမ ၈၁ တင်း ထွက်ရှိ



**မြောင်းမြ ဖေဖော်ဝါရီ ၉**

ဧရာဝတီတိုင်းဒေသကြီး မြောင်းမြခရိုင် အိမ်မဲမြို့နယ်တွင် မိုးစပါး ကေအားလုံး ရိတ်သိမ်းပြီးစီးပြီဖြစ်ပြီး တစ်ကေလျှင် ၉၆ ဒသမ ၈၁ တင်း ထွက်ရှိကြောင်း မြောင်းမြခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

အိမ်မဲမြို့နယ်တွင် မိုးသီးနှံစိုက်ပျိုးရာသီ၌ စပါး ကေ ၁၄၃၀၁၀ ထိ စိုက်ပျိုးနိုင်ခဲ့ကြောင်း၊ အဆိုပါ စိုက်ပျိုးခဲ့သော စပါးခင်းများကို ၂၀၂၄ ခုနှစ် အောက်တိုဘာလ ဒုတိယပတ်က စတင်ရိတ်သိမ်းခဲ့ရာ ယနေ့တွင် စပါးကေ အားလုံးရိတ်သိမ်းပြီးစီးပြီဖြစ်ပြီး တစ်ကေလျှင် ၉၆ ဒသမ ၈၁ တင်းထိ ထွက်ရှိကြောင်း သိရသည်။

"မိုးသီးနှံစိုက်ပျိုးရာသီ အိမ်မဲမြို့နယ်မှာ စပါး ကေ ၁၄၃၀၀၀ ထိ စိုက်ပျိုးနိုင်ခဲ့ပါတယ်။ လက်ရှိ စိုက်ပျိုးထားတဲ့ စပါးကေအားလုံး ရိတ်သိမ်းပြီးစီးပြီ ဖြစ်ပါတယ်။ စိုက်ပျိုးရေးဦးစီးဌာနအနေနဲ့ စပါးတွေ အခက်အခဲမရှိ အဆင်ပြေပြေ ရိတ်သိမ်းနိုင်ဖို့အတွက် လိုအပ်တာတွေ ကြိုတင်လုပ်ဆောင်ပေးခဲ့ပါတယ်။ ဓာတ်မြေဩဇာနဲ့ အခြားလိုအပ်တာတွေကိုလဲ သက်ဆိုင်ရာ ဌာနအဖွဲ့အစည်းတွေနဲ့ လိုအပ်သလို ချိတ်ဆက်ကူညီပေးခဲ့ပါတယ်။ ဒါကြောင့်လဲ မိုးစပါးတွေကို အခက်အခဲမရှိ ပြန်လည်ရိတ်သိမ်းနိုင်တာ ဖြစ်ပါတယ်" ဟု မြောင်းမြခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်ခင်ဌေးမြင့်က ပြောပြသည်။

စပါးသီးနှံကို အထွက်နှုန်းတိုးတက်ကောင်းမွန်အောင် စိုက်ပျိုးနိုင်မည်ဆိုပါက နိုင်ငံတွင်း စားသုံးမှု ဖူလုံစေရုံမျှမက ပြည်ပသို့ ပို့ကုန်အဖြစ်ပါ ထုတ်လုပ်တင်ပို့နိုင်မည်ဖြစ်ကြောင်း၊ ထုတ်လုပ်မှုနှင့် ဈေးကွက်လိုအပ်ချက်ဖြစ်သော ဝယ်လိုအားမျှတလာပါက ကုန်ဈေးနှုန်းတည်ငြိမ်၍ လူမှုစီးပွားဘဝများလည်း မြင့်မားတိုးတက်လာမည်ဖြစ်သဖြင့် စပါးများ အထွက်နှုန်းတိုးတက်စေရေး ဒေသမရွေး ကြိုးပမ်းစိုက်ပျိုးကြရမည် ဖြစ်ကြောင်း ခရိုင်ဦးစီးမှူး ဒေါ်ခင်ဌေးမြင့်က ပြောပြ၍ သိရသည်။

ကျော်ကျော်လင်း

# မိုင်းယောင်းမြို့နယ် ဝမ်လဲကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**မိုင်းယောင်း ဖေဖော်ဝါရီ ၉**

ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းယောင်းခရိုင် မိုင်းယောင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ဝမ်တပ်ကျေးရွာအုပ်စု ဝမ်လဲကျေးရွာ၌ မြစိမ်းရောင်ကျေးရွာ စီမံကိန်း ရန်ပုံငွေထုတ်ချေးခြင်းကို ဖေဖော်ဝါရီ ၈ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ မိုင်းယောင်းမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်အေးအေးဝင်းက မြစိမ်းရောင် ကျေးရွာ စီမံကိန်းရန်ပုံငွေများ ထုတ်ချေးရခြင်း၏ ရည်ရွယ်ချက်များ၊ စီမံကိန်းအကြောင်းအရာများကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ စီမံကိန်း တာဝန်ခံဝန်ထမ်းက အတိုးနှုန်းနှင့် ကာလသတ်မှတ်ချက်များ၊ ချေးငွေထုတ်ချေးရာတွင် လိုက်နာရမည့် စည်းကမ်း သတ်မှတ်ချက်များကို ရှင်းလင်းဆွေးနွေးပြီး ဝမ်လဲကျေးရွာ မြစိမ်းရောင်ကျေးရွာ စီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များထံ စီမံကိန်းရန်ပုံငွေကျပ် ၃၅၅ သိန်းကို လွှဲပြောင်းပေးအပ်သည်။

ထို့နောက် အဆိုပါကျေးရွာ၌ မြစိမ်းရောင်ကျေးရွာ စီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များက စိုက်ပျိုးရေးလုပ်ငန်း လုပ်ကိုင်သူ စုစုပေါင်း အသင်းသား၊ အသင်းသူ သား၃၅ဦးကို မြစိမ်းရောင်ကျေးရွာ စီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေကျပ် ၃၅၅ သိန်း ထုတ်ချေးပေးခဲ့ကြောင်း မိုင်းယောင်းမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်အေးအေးဝင်းထံမှ သိရသည်။

ချိုသန်းညွန့်

ဗလငါးတန်ဖွံ့ဖြိုးဖို့
စာအုပ်စာပေဖတ်ကြစို့

# တပို့တွဲ ပေါက်လဲရယ်တဲ့ ငုံစီစီ

ခိုင်(မိတ္ထီလာ)

ရာသီချိန်ခါရောက်လို့ လဲပေါက်ကယ်ပွင့်ညီသော လရာသီမှာ တပို့တွဲလဖြစ်သည်။ လက်ပံပင်၊ ပေါက်ပင်တို့သည် အပွင့်များ တညီတညွတ်တည်း ပွင့်ကြလေပြီ။ ထိုအခါ လူတို့သည် လက်ဆယ်ချောင်းကိုပူးယှက်လျက် ဦးထိပ်ထက်တွင် တင်မြှောက်ပြီးလျှင် ရောင်ခြည်ခြောက်သွယ်ထွန်းပသော ဘုရားစေတီ၏ခြေတော်ရင်း၌ ပန်းနှင့်နံ့သာတို့ကို တင်လှူကြလေသည်။ ညဥ့်အခါ နှင်းကျ၍ ငွေရောင်ရှိသော နှင်းပေါက်တို့သည် စီစီရီရီရှိကြသည်။ ယုဂန်တောင်၏အစွန်းအထိပ်ဆီတွင် မာဃနက္ခတ်သည် ဖြိုးဝေစွာ အရောင်တောက်ပ ထွန်းလင်းလျက်ရှိပေသည်" ဟူသော ဆရာကြီး မင်းသုဝဏ်၏စကားပြေရေးဟန် မှာရိုးရှင်း၍ အသိလွယ်စေသဖြင့် "ရာသီချိန်ခါ ရောက်လို့ လဲပေါက်ကယ်တဲ့ပွင့်ညီ။ ရွှေပန်းနံ့သာနှင့်၊ ခြောက်ရောင်ဝါ စေတီရင်းမှာ၊ ဆယ်စင်းလက်စုံပူး။ ဦးမြှောက်လို့ချီ။ ငွေနှင်းရယ်စီ၊ သုံးလီသမယ။ ရောင်ဖြိုးဝေစွာနှင့်၊ ယုဂန်သာ တောင်တော်စွန်းမှာ၊ ထွန်းလိမ့်မာဃ"ဟူသော စာဆိုဖိုးသူတော် ဦးမင်း၏ လေးဆစ်သဖြန်လာ အနှစ်သာရသည် ကွက်ကွက်ကွင်းကွင်း ထင်လင်း၍ လာချေသည်။

တပို့တွဲလတွင် လက်ပံပွင့်၊ ပေါက်ပွင့် ပွင့်သည်။ နေပူကျဲကျဲတွင် ထိုနီရဲသောပန်းတို့ကို နေရာအနှံ့ တွေ့နေရသည်။ ထို့ကြောင့်လည်း ဤထင်ရှားသော ပန်းတို့ 'တပို့တွဲ ပေါက်လဲရယ်တဲ့ ငုံစီစီ'ဟုတစ်မျိုး၊ 'ရာသီချိန်ခါရောက်လို့ လဲပေါက်တဲ့ပွင့်ညီ'ဟု တစ်သွယ် စပ်ဆိုခဲ့ကြခြင်းဖြစ်ပေမည်။

တပို့တွဲလသည် 'နှာရည်ယိုရွှဲ တပို့တွဲ'ဟု စာဆိုရှိသည့်အတိုင်း နှာရည်များ ယိုထွက်လာသည့်တိုင်အောင် ချမ်းအေးရုံမျှမက 'တပို့တွဲ ကွဲချိုဖျား ဆက်ဆတ်ခါသည်'ဆိုစကားအတိုင်းလည်း ကွဲချိုဖျားများ ဆတ်ဆတ်ခါလာအောင်ပင် အချမ်းလွန်ကဲသောလဖြစ်ပါသည်။ ထို့ကြောင့်ထင့်။ 'ရွှေယုဂန် နန်းညိုမြကြ၊ စန်းစိုခလျှံလှူ၊ ချမ်းဆိုမျှ စံမတူသည်၊ သယမ္ဘူသော်မှ မီးမယ်ဖျူး ရွှေလက်ကင်သည် ရေစက်သွင် အေးတဲ့သည်လ'ဟု စာဆို ဦးကြော့ သီကုံးခဲ့ပါသည်။ သုံးလောကထွတ်ထား မြတ်စွာဘုရားကိုယ်တော်တိုင်ပင် တပို့တွဲလညများ၌ ဆီးနှင်းများ ပြင်းထန်စွာကျ၍ ခိုက်ခိုက်တုန်အောင် ချမ်းအေးလှသောကြောင့် ခတ်ကြီးလေးပါး မှျတစေရန် မီးအိုးကင်းတွင် ရွှေလက်တော်ကင်ကာ မီးလှုံတော်မူခဲ့ဖူးလေသည်။ ယင်းအကြောင်းကြောင့်ပင် ရှေးမြန်မာတို့သည် တပို့တွဲလတွင် မီးအလှူပွဲ (ဝါ) မီးပုံပွဲတော်ကို ကျင်းပပြုလုပ်ခဲ့ခြင်း ဖြစ်ပေသည်။

မြတ်စွာဘုရားရှင်လက်ထက်၌ တပို့တွဲလမှ တပေါင်းလသို့အကူး ကြားရှစ်ရက်သည် အလွန်အေးမြသည်။ ဝိနည်းတော်အရ ဘုရားရှင်သည် ရဟန်းတို့အား မီးမလှုံရန် တားမြစ်ပိတ်ပင်ထားသည်။ အကြောင်းမှာ မီးနှင့် မျက်စိမသင့်ခြင်း၊ မီးလှုံခြင်းကြောင့် အဆင်းပျက်ခြင်း၊ ခွန်အားဆုတ်ယုတ်ခြင်း စသည်တို့ကြောင့် ပိတ်ပင်ရခြင်းဖြစ်သည်။ သို့ရာတွင် ဖော်ပြပါ ကြားရှစ်ရက်သည် အလွန်တရာအေးမြလှသောကြောင့် မီးလှုံရန်ခွင့်ပြုတော်မူရုံမျှမက မိမိဘုရားရှင်ကိုယ်တိုင်လည်း မီးလှုံတော်မူလေ့ရှိ၏။ ဤသည်ကိုအစွဲပြု၍ တပို့တွဲ၌ မီးပုံသဘင်ကို ဆင်ယင်ကျင်းပကြသည်။ စာပေစကားတွင် မီးဖုန်းသဘင်ဟု ရေးရကြောင်း ဆရာကြီးမောင်ထင်၏ မြန်မာဆယ့်နှစ်လအကြောင်း စာအုပ်တွင် ဖွင့်ဆိုထားပါသည်။

**❖မြတ်စွာဘုရားရှင်လက်ထက်၌ တပို့တွဲလမှ တပေါင်းလသို့အကူး ကြားရှစ်ရက်သည် အလွန်အေးမြသည်။ ဝိနည်းတော်အရ ဘုရားရှင်သည် ရဟန်းတို့အား မီးမလှုံရန်တားမြစ်ပိတ်ပင်ထားသည်။ အကြောင်းမှာ မီးနှင့်မျက်စိမသင့်ခြင်း၊ မီးလှုံခြင်းကြောင့် အဆင်းပျက်ခြင်း၊ ခွန်အားဆုတ်ယုတ်ခြင်း စသည်တို့ကြောင့် ပိတ်ပင်ရခြင်းဖြစ်သည်။ သို့ရာတွင် ဖော်ပြပါကြားရှစ်ရက်သည် အလွန်တရာအေးမြလှသောကြောင့် မီးလှုံရန် ခွင့်ပြုတော်မူရုံမျှမက မိမိဘုရားရှင်ကိုယ်တိုင်လည်း မီးလှုံတော်မူလေ့ရှိ၏။ ဤသည်ကိုအစွဲပြု၍ တပို့တွဲ၌ မီးပုံသဘင်ကိုဆင်ယင်ကျင်းပကြသည်။ စာပေစကားတွင် မီးဖုန်းသဘင်ဟုရေးရကြောင်း ဆရာကြီး မောင်ထင်၏မြန်မာဆယ့်နှစ်လအကြောင်းစာအုပ်တွင်ဖွင့်ဆိုထားပါသည်။❖**

အလှူရှင်ဒါယကာ၊ ဒါယိကာမတို့သည် မီးပုံပွဲကျင်းပရန်အလို့ငှာ တောသို့တက်၍ နံ့သာစသော ထင်းများကို လူစုလူဝေးနှင့်ခုတ်ကြသည်။ ထို့နောက် ရရှိသောထင်းများကို စုပုံမီးရှို့၍ ဘုရား၊ ကျောင်း၊ တန်ဆောင်းတို့၌ အပူဓာတ်ကို လှူဒါန်းပူဇော်သည်။ အချို့မှာ မီးမယ်ဖျူး ခေါ် မီးလင်းဖို၌ အမွှေးနံ့သာ ထင်းများကိုထည့်၍ မီးဖိုကာ ပူဇော်ကြသည်။ ဤပွဲသဘင်ဆင်ယင်ကျင်းပရာ၌ ဆောင်ရွက်မြဲထုံးစံမှာ ယာဂုအိုး ၁၀၀၀ တို့ကို စီမံပြီးလျှင် မီးအပူဓာတ်ကို လှူဒါန်းပူဇော်ကြကြောင်းလည်း မှတ်သားရပါသည်။

ယာဂုပူဇော်ပွဲအစဉ်အလာကို ဝိနည်း ပိဋကတ် မဟာဝဂ် ပါဠိတော်၌လည်း ပြဆိုထားသေးသည်။ တစ်ရံခါသော် မြတ်စွာဘုရားသည် များစွာသော သံဃာတော်တို့နှင့်အတူ အန္ဓဝိန္ဒရွာသို့ ဒေသစာရီ ကြွချီတော်မူရာ ဇနပုဒ်၌နေသောသူတို့သည် ဆန်၊ ဆီ၊ ဆား၊ ဆေး စသောလှူဖွယ်ဝတ္ထုတို့ကို လှည်းဖြင့်တင်၍ မြတ်စွာဘုရား ကြွချီရာသို့လိုက်ပြီးလျှင် ဆွမ်းဘောဇဉ် အာဟာရတို့ကို ကပ်လှူပူဇော်ကြလေသည်။ ထိုအခါ ပုဏ္ဏားတစ်ယောက်သည် ဆွမ်းလုပ်ကျွေးလိုပါသော်လည်း မိမိအလှည့်မကျရောက်နိုင်သောကြောင့် အရှင်အာနန္ဒာထံချဉ်းကပ်၍ ယာဂုနှင့်တကွ ပျားသကာ၊ မုန့်ချိုတို့ကို မြတ်စွာဘုရားနှင့် သံဃာတော်တို့အား ဆက်ကပ်ခွင့်ရရန် လျှောက်ထားတောင်းပန်၏။ အရှင်အာနန္ဒာလည်း မြတ်စွာဘုရားအားလျှောက်ထားရာ ခွင့်ပြုတော်မူလေသည်။ ဤသည်မှစ၍ ယာဂုအစဉ်အလာ ပေါ်ပေါက်သည်။ ဦးပုည မေတ္တာစာတွင် 'ယာဂုထမနဲ၊ အိုးကြီးကွဲခါမှ၊ စွန့်ကြသည်ဒါနလည်း နိပ္ဖကမဆိုသာ၊ စေတနာဇောသန်၍ သမုဋ္ဌာန်လွန်ကဲလျှင်၊ အိုးကွဲမှစွန့်လှူသည်၊ ထိုသူတို့ကုသိုလ်လည်း မင်္ဂဖိုလ် ဧကန်ရပေမည်ဟုပါရှိရာ ယာဂုနှင့်ထမနဲကို အတူတူဟု ကောက်ချက်ချသူတို့ကိုလည်း မရှားပေ။ ဝိနည်းတော်အရ တပို့တွဲနှင့် တပေါင်းစပ်ကြား၌ ရဟန်းတို့မီးလှုံရန် ခွင့်ပြုသောအကြောင်းလည်း ဆရာကြီးမောင်ထင် ရေးသားထားပါသည်။

တပို့တွဲလဟူသည် ထန်းဖူးထန်းခိုင်တို့ကို အောက်သို့တွဲကျအောင် ပြုလုပ်ခြင်းဖြစ်၍ ထန်းရည်နှင်းသောလဟု အဓိပ္ပာယ်ရကြောင်း ဦးဖိုးလတ်၏ မြန်မာလအမည်များတွင် တွေ့ရှိရပါသည်။ ယေဘုယျအားဖြင့် တပို့တွဲလသည် ညတာရှည်ကြောင်း မှတ်ယူနိုင်သည်။ မန်လည်ဆရာတော်ကြီး၏ မဃဒေဝလင်္ကာသစ်တွင် နှစ်သစ်ကူး၍ ရက်ပေါင်း ၃၁၈ ရက်ရောက်သော် တပို့တွဲလသို့ ရောက်၏။ ငွေရောင်ဆီးနှင်းထူ၏။ ကုံရာသီမည်၏။ ထိုသမယ၌ မူရင်းခေါ်သော ဆောင်းစပါးသီးနှံများတွင် ကောက်သားဝင်ရာဖြစ်ကြောင်း စပ်ဆိုခဲ့သည်။ ထို့ပြင် 'တမာလည်းသီး၊ ကျေးလည်းကြီးလျက် ဆီးဝမ်းပေါက်ပြဲ၊ တပို့တွဲဝယ်၊ ပေါက်လဲကင်းငုံ၊ ရာသီကုံနှင့်၊ ရကုံသာတောင်၊ ဟေမာန်ပြောင်း"ဟူ၍ ဖွဲ့သီခဲ့ပါသည်။

တပို့တွဲလပြည့် ညဥ့်သန်းခေါင်ယံအချိန်၌ လပြည့်ဝန်းကြီးသည် မာဃနက္ခတ်နှင့် တောင်မြောက်ယှဉ်ပြိုင်၍ ထွန်းလင်းသည်။ ထို့ကြောင့် တပို့တွဲလသည် စန်းယှဉ်နက္ခတ်အမည်အားဖြင့် မာဃဟူ၍ ခေါ်ဆိုရိုးရှိသည်။

တပို့တွဲလသည် စကားပုံ၊ ဆိုရိုးမှတ်ဖွယ် ထိုအတိ ပြည့်သောလလည်းဖြစ်သည်။ 'တပို့တွဲ နွှဲ၍ရွာခြင်း သန်မိုးကြွင်း"ဟူသော မိုးဆောင်ပုဒ်ကိုလည်း ပိုင်ဆိုင်လေပြန်ရာ မိုးကို သတိထားအပ်ကြပေသည်။ တပို့တွဲလအခါတွင် 'တပို့တွဲဟု၊ မြူရှဲရောင်ပ၊ ပြည့်သည့်လဝယ်၊ ပွဲမအဖုံ၊ လုံးစုံသံဃာ၊ စည်းဝေးရာ၌၊ ကျမ်းပါတိမုတ်၊ ရွှေနှုတ်တော် ညွှန်ပြ"ဟူ၍ကိုးခန်းပျို့တွင် ဖွဲ့ဆိုထားသည်နှင့် အညီ ဘုရားရှင်သည် 'ဩဝါဒပါတိမောက်' ဒေသနာတော်ကို ဘုရားဖြစ်ပြီး ကိုးလပြည့်သော သာသနာ သက္ကရာဇ် ၁၀၃ ခု တပို့တွဲလပြည့်နေ့၌ ဟောကြားတော်မူခဲ့ပါသည်။

အပယ်ဘေးမှ ကင်းဝေးစေသော အဆုံးအမကို ဩဝါဒဟုခေါ်သည်။ ထိုဩဝါဒမိန့်ကြားတော်မူခြင်းကို ဩဝါဒပါတိမောက်ပြသည်ဟု ခေါ်ဆိုရပါသည်။ ပါတိမောက်တွင် ဩဝါဒပါတိမောက်၊ အာဏာပါတိမောက်ဟု နှစ်မျိုးကွဲပြားသည်။ ဩဝါဒပါတိမောက်ကို မြတ်စွာဘုရားတို့သာ ပြတော်မူပါသည်။ တပည့်သံဃာများပြခွင့်မရှိပါ။ တပည့်သံဃာများသည် အာဏာပါတိမောက်ကိုသာ ပြခွင့်ရှိပါသည်။

ဩဝါဒပါတိမောက်ဂါထာတော် မြန်မာပြန်ကား ၁။ 'ခန္တီကျင့်သုံး၊ အမြတ်ဆုံး၊ ရှေးထုံးလိုက်နာအပ်။ ၂။ နိဗ္ဗာန်ဓာတ်သား အမြတ်ထား၊ ဘုရင်မိန့်တော်မှတ်။ ၃။ ပဗ္ဗဇိတ၊ မှန်ကန်က၊ လုံးဝမညှဉ်းအပ်။ ၄။ ညှဉ်းဆဲပါက၊ သမဏ၊ မုချမခေါ်အပ်။"

"အကုသိုလ်ရှောင်၊ ကုသိုလ်ဆောင်၊ ဖြူအောင် စိတ်ကိုထား။

ဘုရားတိုင်းသာ၊ ဟောမိန့်မှာ၊ သုံးဖြာဤစကား။

ဘုရားတပည့်၊ ထားသတိ၊ ပွားဘိဤတရား"။

'သူတစ်ပါးကို မကဲ့ရဲ့၊ မစွပ်စွဲရာ၊ မညှဉ်းဆဲရာ။ ပါတိမောက္ခသံဝရသီလကို စောင့်ရှောက်ရာ၏။ စားဖွယ်၌ အတိုင်းအရှည်ကိုသိရာ၏။ ဆိတ်ငြိမ်သော ကျောင်း၊ အိမ်ရာ၊ နေရာသို့ကပ်ရောက်နေထိုင်ရာ၏။ သမာဖတ်ရှစ်ပါးဟူသော အမိစိတ္တာသီလကို ပွားများရာ၏။ ဤသည်ကား ဘုရားရှင်တို့၏အဆုံးအမတော်ပေတည်း။

မြတ်စွာဘုရားရှင်လက်ထက် တပို့တွဲလပြည့်နေ့တွင် ရာဇဂြိုဟ်ပြည် ဝေဠုဝန်ကျောင်းတော်၌ ရဟန္တာပေါင်း ၁၂၅၀ ပါး တက်ရောက်သော ပထမဆုံး သံဃာ့အစည်းအဝေးကို ကျင်းပကာ ဘုရားအဆူဆူ၏ဆုံးမစကား ဩဝါဒပါတိမောက် ချီးမြှင့်ခဲ့ခြင်းဖြစ်သည်။ ထို့ပြင် လက်ယာရံ အဂ္ဂသာဝက ရှင်သာရိပုတ္တရာနှင့် လက်ဝဲရံ အဂ္ဂသာဝက အရှင်မဟာမောဂ္ဂလာန်တို့အား ဧတဒဂ်ရာထူးအပ်နှင်းသောနေ့(ဧတဒဂ်ရသောနေ့)ဖြစ်ခြင်း၊ ဘုရားရှင်မှတစ်ပါး ရဟန်းတို့သည် ဧဟိဘိက္ခုရဟန်းချည်းဖြစ်ခြင်း၊ ထိုရဟန်းတို့မှာ ဈာန်အဘိညာဉ်နှင့် ပြည့်စုံသောရဟန်းချည်းဖြစ်ခြင်း လပြည့်ဥပုသ်နေ့နှင့် ကြုံကြိုက်ခြင်း၊ အင်္ဂါလေးရပ်နှင့်ပြည့်စုံသော ရဟန်းပရိသတ်တို့ အလိုအလျောက် စုဝေးမိသောနေ့ဖြစ်ခြင်း စသည်ဖြင့် ထူးခြားချက်ကို ဝိသေသလေးမျိုးပြည့်စုံသော နေ့မှာ တပို့တွဲလပြည့်နေ့ဖြစ်သည်။ "ဤအင်္ဂါလေးပါးပြည့်စုံသောအခါ ဩဝါဒပါတိမောက်ကို ပြတော်မူ၏။ ဤဩဝါဒပါတိမောက်ပြရခြင်းကား ခပ်သိမ်းသော ဘုရားရှင်တို့၏ မစွန့်လွှတ်နိုင်သော ဓမ္မတာတရားတည်း"ဟု မြန်မာ့ရာသီဆယ့်နှစ်လနှင့် ယဉ်ကျေးမှုဓလေ့ပွဲတော်များ စာအုပ်ပြုစုသူ ဦးသိန်းအောင်(မြန်မာစာ)က သုံးသပ်ထားပါသည်။ အင်္ဂါလေးပါးမညီပါက ဂန္ထဝါတိမောက် ခေါ် ပါတိမောက်ကျမ်းလာ သိက္ခာပုဒ်များကို ရွတ်ဆို၍ ပါတိမောက်ပြကြရလေ၏။

တပို့တွဲလပြည့်နေ့အခါဝယ် သုံးလူ့ထွတ်ထား မြတ်ဘုရားပင်လျှင် လေးပါးသော မဟာဘူတ မျှတစေရန် မီးရှိန်ခံတော်မူသည်ကိုရည်စူး၍ ဘုရားရှင်၏ ရုပ်ပွားတော်များ၌ နံ့သာမျိုး ၁၀ ပါးကို မီးပုံပူဇော်ကြသည်။ "ဘုရားရှင်အားလုံး ဩဝါဒပါတိမောက် ဂါထာကို ရွတ်မြဲပြမြဲဖြစ်ပါသည်။ တစ်ဆူနှင့်တစ်ဆူ ဩဝါဒပေးပုံကွဲပြားခြားနားမှုမရှိကြပါ။ ပြတော်မူတဲ့ အချိန်ကာလသာ ကွဲပြားပါတယ်။ ဥပမာ- ဝိပဿီ မြတ်စွာဘုရားသည် ခုနစ်နှစ်လျှင် တစ်ကြိမ် ဩဝါဒပါတိမောက်ပြတော်မူပါတယ်။ တစ်ကြိမ် ပြရုံဖြင့် ဩဝါဒခုနစ်နှစ်ကြာတည်တံ့ပါတယ်။

သိခီနှင့် ဝေဿဘူ မြတ်စွာဘုရားတို့မှာ ခြောက်နှစ်လျှင် တစ်ကြိမ် ဩဝါဒပါတိမောက် ပြတော်မူပါတယ်။ တစ်ကြိမ်ပြရုံဖြင့် ဩဝါဒ ခြောက်နှစ်ကြာ တည်တံ့ပါတယ်။

ကကုသန်နှင့် ကောဏာဂုံ မြတ်စွာဘုရား တို့မှာ တစ်နှစ်လျှင်တစ်ကြိမ် ဩဝါဒပါတိမောက် ပြတော်မူပါတယ်။ တစ်ကြိမ် ခြောက်ရုံဖြင့် ဩဝါဒတစ်နှစ် တည်တံ့ပါတယ်။

ကဿပမြတ်စွာဘုရားမှာ ခြောက်လလျှင် တစ်ကြိမ် ဩဝါဒပါတိမောက်ကို ပြတော်မူပါသည်။ တစ်ကြိမ်ပြရုံဖြင့် ဩဝါဒခြောက်လကြာ တည်တံ့ပါတယ်"ဟူသော အံ့မခန်းမှတ်ဖွယ်တို့ကိုလည်း ဆရာတော် မာဂဓီ(သာစည်)၏ အခါတော်နေ့များ စာအုပ်အရ ဆည်းပူးမှတ်သားခွင့်ရနိုင်ပါသည်။

တပို့တွဲလပြည့်နေ့တွင် ဘုရားရှင်တိုင်း တပည့်သားတို့အား ဩဝါဒပေးတော်မူသည်ကို အကြောင်းပြု၍ တပို့တွဲလပြည့်နေ့ကို ဩဝါဒပါတိမောက်အခါတော်နေ့ဟုခေါ်ဆိုကြောင်း သိမှတ်ရပေသည်။

# တရုတ်နိုင်ငံ စီချွမ်ပြည်နယ်တွင် မြေပြိုမှုကြောင့် လူ ၂၉ ဦး ထက်မနည်း ပျောက်ဆုံးနေ



**ပေကျင်း ဖေဖော်ဝါရီ ၉**

တရုတ်နိုင်ငံ အနောက်တောင်ပိုင်း စီချွမ်ပြည်နယ်တွင် ဖေဖော်ဝါရီ ၈ ရက် ဒေသစံတော်ချိန် ၁၁ နာရီ မိနစ် ၅၀ တွင် မြေပြိုမှုဖြစ်ပွားသဖြင့် လူ ၂၉ ဦး ထက်မနည်း ပျောက်ဆုံးနေကြောင်း သက်ဆိုင်ရာ အာဏာပိုင်များက ပြောကြားခဲ့သည်ဟု ယနေ့သတင်းများတွင် ဖော်ပြထားသည်။

တရုတ်နိုင်ငံ စီချွမ်ပြည်နယ် ယီဘင်းမြို့နယ် ဂျင်ပင်းရွာတွင် ဖေဖော်ဝါရီ ၈ ရက်က မြေပြိုမှုဖြစ်ပွားခဲ့ရာ လူ ၂၉ဦး ပျောက်ဆုံးနေကာ လူပေါင်း ၂၀၀ ခန့်ကို ဘေးလွတ်ရာသို့ ရွှေ့ပြောင်းပေးထားရပြီး လူနှစ်ဦးကို ကယ်ဆယ်နိုင်ခဲ့ကြောင်း ခရိုင်အရေးပေါ်စီမံခန့်ခွဲရေးအဖွဲ့၏ ထုတ်ပြန်ချက်များ အရသိရသည်။

အခင်းဖြစ်ပွားရာနေရာတွင် ကွပ်ကဲမှုဗဟိုဌာနတစ်ခု ထူထောင်ထားပြီး ပျောက်ဆုံးနေသူများကို အလုံးစုံ ရှာဖွေကယ်ဆယ်နိုင်ရန်၊ လူအသေအပျောက် နည်းစေရန်နှင့် နောက်ဆက်တွဲဆိုးကျိုးများကို စနစ်တကျ ကိုင်တွယ်ဖြေရှင်းရန် တရုတ်သမ္မတ ရှီကျင့်ဖျင်က သက်ဆိုင်ရာအာဏာပိုင်များကို အမိန့်ပေးထားကြောင်း သိရသည်။

မြေပြိုမှုဖြစ်ပွားရာ နေရာတွင် ရာနှင့်ချီသော အရေးပေါ်ကယ်ဆယ်ရေးလုပ်သားများနှင့်မီးသတ်တပ်ဖွဲ့ဝင်များက ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိပြီး အနီးအနားဒေသများတွင်လည်း မြေပြိုမှုဖြစ်ပွားနိုင်ခြေရှိသော ဘူမိဗေဒဆိုင်ရာ အန္တရာယ်များကို စုံစမ်းစစ်ဆေးရန် တရုတ်ဝန်ကြီးချုပ်လီချန်းက ပြောကြားထားကြောင်း သိရသည်။

Ref : Sputnik News

Trs : AZH

# ကယ်လီဖိုးနီးယားပြည်နယ် တောင်ဘက်ပိုင်းတွင် အားကောင်းသည့် မုန်တိုင်းဝင်ရောက်ဖွယ်ရှိ

**ဝါရှင်တန် ဖေဖော်ဝါရီ ၉**

အမေရိကန်နိုင်ငံ ကယ်လီဖိုးနီးယားပြည်နယ် တောင်ဘက်ပိုင်းတွင် အားကောင်းသည့် မုန်တိုင်းဝင်ရောက်ဖွယ်ရှိကြောင်း အမေရိကန်နေရှင်နယ်မိုးလေဝသဦးစီးဌာနက ထုတ်ပြန်သွားခဲ့ကြောင်း ယနေ့သတင်းများတွင် ဖော်ပြထားသည်။

မုန်တိုင်းဝင်ရောက်မည့် လက္ခဏာကြောင့် မိုးသည်းထန်စွာရွာသွန်းမှု ဖြစ်ပေါ်နေသကဲ့သို့ မုန်တိုင်းဝင်ရောက်လာပါက မိုးရေချိန် ပိုမိုမြင့်တက်လာဖွယ်ရှိနေပြီး မြေပြိုကျမှုများလည်းဖြစ်ပေါ်လာနိုင်သည့် အခြေအနေဖြစ်နေကြောင်း၊ ဆောင်းရာသီကာလအတွင်း အားအကောင်းဆုံးမုန်တိုင်းဖြစ်လာနိုင်သည့်အတွက် အန္တရာယ်များ၍ လိုအပ်သော ကြိုတင်ပြင်ဆင်မှုများ ပြုလုပ်ထားသင့်ကြောင်း အမေရိကန်နေရှင်နယ်မိုးလေဝသဦးစီးဌာနက သက်ဆိုင်ရာ အာဏာပိုင်အဖွဲ့အစည်းကို အသိပေးခဲ့သည်။

''ဆောင်းရာသီကာလရဲ့ အားအကောင်းဆုံး မုန်တိုင်းဟာ ကယ်လီဖိုးနီးယား ပြည်နယ်တောင်ဘက်ပိုင်းကိုဝင်ရောက်လာဖွယ်ရှိနေတယ်။ လက်ရှိမှာလဲမိုးသည်းထန်စွာရွာသွန်းနေပြီးတော့ ဖေဖော်ဝါရီ ၁၂ ရက် နောက်ပိုင်း မိုးရေချိန် ပိုမိုမြင့်တက်လာနိုင်ပါတယ်။ ရာသီဥတုပြောင်းလဲမှုတွေက မြန်ဆန်နေပြီးတော့ ဆောင်းရာသီကာလအတွင်း မကြုံဖူးသေးတဲ့ မိုးရွာသွန်းမှုမျိုးဖြစ်ပေါ်လာနိုင်ပါတယ်။ မုန်တိုင်းဝင်ရောက်ချိန် မိုးရေချိန်ဟာ ၂ လက်မကနေ ၄ လက်မထိမြင့်တက်သွားနိုင်တယ်။ မိုးရွာသွန်းမှုနဲ့အတူရေကြီးရေလျှံမှုတွေဖြစ်ပေါ်လာနိုင်ပြီး မြေပြိုကျမှုတွေလဲ ဖြစ်ပေါ်လာနိုင်ပါတယ်။ လိုအပ်တဲ့ ကြိုတင်ပြင်ဆင်မှုတွေ ပြုလုပ်ထားသင့်တဲ့ အခြေအနေဖြစ်ပါတယ်''ဟု အမေရိကန်နေရှင်နယ် မိုးလေဝသဦးစီးဌာန၏ ထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

Ref : Sputnik News

Trs : Sai Sat

# ဩစတြေးလျနိုင်ငံ ပြည်နယ်နှစ်ခုတွင် ရေကြီးရေလျှံမှု အနီရောင်အဆင့် သတိပေးချက်ထုတ်ပြန်ထား

**ကင်ဘာရာ ဖေဖော်ဝါရီ ၉**

ဩစတြေးလျနိုင်ငံ ကွင်းစလန်းပြည်နယ်နှင့် အနောက်ဩစတြေးလျ ပြည်နယ်တို့တွင် မိုးသည်းထန်စွာ ရွာသွန်းနေပြီး ရေကြီးရေလျှံမှုစတင်ဖြစ်ပေါ်နေသဖြင့် Bureau of Meteorology (BoM) က အနီရောင်သတိပေးချက်ထုတ်ပြန်ခဲ့သည်ဟု ယနေ့သတင်းများတွင်ဖော်ပြထားသည်။

မိုးရေချိန်မှာ ၂၅၀ မီလီမီတာထိ မြင့်တက်လာနိုင်ကြောင်း ကွင်းစလန်းပြည်နယ် ရေဘေးအန္တရာယ် အနီရောင်အဆင့် သတ်မှတ်ထားသော ဒေသများမှာ တောင်းစဗီးဒေသ၊ ကက်ဝယ်ဒေသနှင့် အင်ဂမ်ဒေသတို့ဖြစ်ပြီး မြစ်ချောင်းများနှင့် နီးကပ်သော လူနေအိမ်ခြေများမှ ဒေသခံများကို လိုအပ်ပါကဘေးလွတ်ရာရွှေ့ပြောင်းနိုင်ရေးအတွက် ကြိုတင်ပြင်ဆင်မှုများပြုလုပ်ထားရန် သတိပေးချက် ထုတ်ပြန်ထားကြောင်း၊ အင်ဂမ်ဒေသတွင် လမ်းတံတားများ ပျက်စီးနိုင်သည့် အခြေအနေမျိုးဖြစ်ပေါ်လာနိုင်ပြီး ရေဘေးအန္တရာယ် အနီရောင်အဆင့် သတ်မှတ်ထားသည့် ဒေသများတွင် ကြီးမားသော ပျက်စီးဆုံးရှုံးမှုများ ဖြစ်ပေါ် လာနိုင်ကြောင်းလည်း Bureau of Meteorology (BoM) က သတိပေးချက်ထုတ်ပြန်ခဲ့သည်။



''ကွင်းစလန်းပြည်နယ်နဲ့ အနောက်ဩစတြေးလျပြည်နယ်တို့မှာအန္တရာယ်ရှိတဲ့ ရေကြီးရေလျှံမှုတွေ ဖြစ်ပေါ်လာနိုင်ပါတယ်။ မုန်တိုင်းပါ ဝင်ရောက်လာနိုင်ပြီး ဆိုင်ကလုန်း မုန်တိုင်းအသွင်ထိ ကူးပြောင်းသွားနိုင်ပါတယ်။ ရေကြီးရေလျှံမှု အနီရောင် အဆင့် သတိပေးချက် ထုတ်ပြန်ထားပါတယ်'' ဟု Bureau of Meteorology (BoM)က ထုတ်ပြန်သွားခဲ့သည်။

Ref : Russia Today

Trs : Sai Sat

# ကာရေဘီယံဒေသအနောက်ဘက်ပိုင်းတွင် ငလျင်လှုပ်ခတ်မှု ဖြစ်ပွားခဲ့သဖြင့် ဆူနာမီလှိုင်းသတိပေးချက် ထုတ်ပြန်ခဲ့ရ

**စန်ဂျူအန် ဖေဖော်ဝါရီ ၉**

ကာရေဘီယံ အနောက်ဘက်ပိုင်းဒေသများဖြစ်သော ပေါ်တိုရီကိုနိုင်ငံနှင့် အမေရိကန်ပိုင်နက်ဖြစ်သည့် ယူအက်စ်ဗာဂျင်းကျွန်းကြားတွင် ဖေဖော်ဝါရီလ ၈ ရက် ညပိုင်းတွင် ပြင်းအား ၇ ဒသမ ၆ မဂ္ဂနီကျူရှိသည့် ငလျင်လှုပ်ခတ်မှုဖြစ်ပွားခဲ့ကြောင်းခဲ့သဖြင့် ဆူနာမီလှိုင်းသတိပေးချက် ထုတ်ပြန်ခဲ့ရကြောင်း ယနေ့သတင်းများတွင် ဖော်ပြထားခဲ့သည်။

ငလျင်လှိုင်းသည် ဗြိတိန်ပိုက်နက်ဖြစ်သည့် ကေးမန်းကျွန်းအထိ ရောက်ရှိခဲ့ပြီး ဆူနာမီလှိုင်းသတိပေးချက်ထုတ်ပြန်ခဲ့ရကြောင်း၊ သို့သော် နာရီပိုင်းအကြာတွင် အဆိုပါ ဆူနာမီလှိုင်းသတိပေးချက်ကို ပြန်လည်ရုတ်သိမ်းခဲ့ကြောင်း၊ ငလျင်လှိုင်းရောက်ရှိခဲ့သောကေးမန်းကျွန်း၊ ပေါ်တိုရီကိုနိုင်ငံနှင့် ယူအက်စ်ဗာဂျင်းကျွန်းမှ ဒေသခံတချို့ ဘေးလွတ်ရာသို့ အရေးပေါ် ရွှေ့ပြောင်းခဲ့ကြရကြောင်း၊ ဆူနာမီလှိုင်းသတိပေးချက် ထုတ်ပြန်ခဲ့ခြင်းကြောင့် ပိုင်းကို အရေးပေါ်အခြေအနေ ကမ်းခြေဒေသများမှ ဒေသခံများ ကုန်းမြင့်ပိုင်းသို့ အရေးပေါ် ရွှေ့ပြောင်းခဲ့ကြရကြောင်း သိရသည်။

''ကေးမန်းကျွန်းကို ပြင်းအားများတဲ့ ငလျင်လှိုင်းရိုက်ခတ်မှုတွေဖြစ်ပေါ်ခဲ့တယ်။ ဆူနာမီလှိုင်းသတိပေးချက်ကြောင့် ကမ်းခြေဒေသတွေမှာ နေထိုင်တဲ့ ဒေသခံတချို့ ဘေးလွတ်ရာ ရွှေ့ပြောင်းခဲ့ရပါတယ်။ ကမ်းခြေဒေသမှာနေထိုင်တဲ့ဒေသခံတွေကုန်းမြင့်ပိုင်းကို အရေးပေါ်အခြေအနေနဲ့ ပြောင်းရွှေ့ခဲ့ကြရတယ်'' ဟု ကေးမန်းကျွန်း အရေးပေါ်စီမံခန့်ခွဲရေး အေဂျင်စီက ထုတ်ပြန်ခဲ့ကြောင်း သိရသည်။

ပေါ်တိုရီကိုနိုင်ငံတွင်လည်း ဆူနာမီလှိုင်း သတိပေးချက်ကြောင့် ဒေသခံတချို့အရေးပေါ် ဘေးလွတ်ရာ ရွှေ့ပြောင်းခဲ့ရခြင်းနှင့်ပတ်သက်ပြီး ပေါ်တိုရီကို အုပ်ချုပ်ရေးမှူးဖြစ်သူ ဂျန်နီဖာဂွန်ဇာလက်ဇ်ကပြောကြားသွားသည်။

Ref : Sputnik News

Trs : Sai Sat

# အင်ဒိုနီးရှားနိုင်ငံတွင် ပြင်းအား ၅ဒသမ ၃ မဂ္ဂနီကျူအဆင့်ရှိ ငလျင်တစ်ခုလှုပ်ခတ်

**ဂျကာတာ ဖေဖော်ဝါရီ ၉**

အင်ဒိုနီးရှားနိုင်ငံအရှေ့ပိုင်း ပါပူဝါပြည်နယ်တွင် ဖေဖော်ဝါရီ ၈ ရက်က ပြင်းအား ၅ ဒသမ ၃ မဂ္ဂနီကျူရှိ အင်းအားပြင်းငလျင်တစ်ခု လှုပ်ခတ်ခဲ့မှု ဖြစ်ပွားခဲ့ကြောင်း အင်ဒိုနီးရှား မိုးလေဝသ၊ရာသီဥတုနှင့်ဘူမိရူပအေဂျင်စီ၏ ထုတ်ပြန်ချက်များကို ကိုးကား၍ ယနေ့သတင်းများတွင် ဖော်ပြထားသည်။

ငလျင်လှုပ်ခတ်မှုသည် ဒေသစံတော်ချိန် မွန်းလွဲတစ်နာရီခန့်တွင် ပါပူဝါပြည်နယ် ဆာမိခရိုင်၏ အရှေ့တောင်ဘက် ကီလိုမီတာ၂၀အကွာ ပင်လယ်ကြမ်းပြင် မြေအောက်အနက်ပေ ၁၀ ကီလိုမီတာခန့်တွင် လှုပ်ခတ်ခဲ့ခြင်းဖြစ်ပြီး ဆူနာမီဖြစ်ပေါ်နိုင်ခြင်း မရှိကြောင်း မိုးလေဝသ၊ ရာသီဥတုနှင့် ဘူမိရူပအေဂျင်စီက သတင်းထုတ်ပြန်ခဲ့သည်။

''ငလျင်လှုပ်ခတ်မှု ပြင်းပြင်းထန်ထန်ခံစားရတာကြောင့် ဒေသခံအများအပြား နေအိမ်ပြင်ပကို ထွက်ပြေးခဲ့ကြပါတယ်။ အသေးစားထိခိုက်ပျက်စီးမှုတွေရှိပေမဲ့ လူထိခိုက်သေဆုံးမှုတော့မရှိသေးပါဘူး။ အကဲဖြတ်မှု လုပ်ငန်းတွေ ဆက်လက် ဆောင်ရွက်နေပါတယ်''ဟု ဆာမိခရိုင် သဘာဝဘေးအန္တရာယ် စီမံခန့်ခွဲရေးနှင့် လျော့ပါးရေးအေဂျင်စီ အရေးပေါ်ကယ်ဆယ်ရေးဌာနမှ ပြောရေးဆိုခွင့်ရှိသူ ဆာနာဝတီက ပြောကြားခဲ့သည်။

ငလျင်လှုပ်ခတ်မှုကို ဆာမိခရိုင်တွင် ပြင်းထန်စွာခံစားခဲ့ရပြီး ပြည်သူများအနေဖြင့် ငလျင်ဒဏ်ခံနိုင်သော အမိုးအကာအောက်တွင် နေထိုင်သင့်ကြောင်း ဆာနာဝတီက ဆက်လက်ပြောကြားခဲ့သည်။

အင်ဒိုနီးရှားနိုင်ငံသည် ကမ္ဘာပေါ်တွင် ငလျင်လှုပ်ခတ်မှုအများဆုံးဖြစ်ပွားသော နိုင်ငံတစ်နိုင်ငံဖြစ်ပြီး သက်ဝင်လှုပ်ရှားလျက်ရှိသော မီးတောင် ၁၂၇ လုံးကြောင့် ငလျင်လှုပ်ခတ်မှုများ မကြာခဏဖြစ်ပွားလေ့ရှိရာ ယခုနှစ် အစောပိုင်းတွင်လည်း မီးတောင်ပေါက်ကွဲမှုနှင့် မြေပြိုမှုများဖြစ်ပွားခဲ့သေးကြောင်း သိရသည်။

Ref : Russia Today

Trs : AZH

သစ်ပင်စိုက်ပါ တို့ကမ္ဘာ သာယာလှပ စိမ်းမြမြ



*117# ကိုခေါ်ဆိုပြီး Mytel ဖုန်းဘေလ်ဖြင့် 5 Digits အောင်ဘာလေအွန်လိုင်းထီ ဝယ်ယူကံစမ်းနိုင်ပါပြီ။




## အများပြည်သူသို့ အသိပေးကြေညာချက်




၁။ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်သည် အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးလုပ်ငန်းများကို ထိရောက်စွာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်အတွက် ကော်မရှင်အပါအဝင် ပြည်ထောင်စုဝန်ကြီးဌာန/အဖွဲ့အစည်းများတွင် အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးအဖွဲ့များ ဖွဲ့စည်းဆောင်ရွက်လျက်ရှိပါသည်။

၂။ ကော်မရှင်အနေဖြင့် သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးဌာန/အဖွဲ့အစည်းများ၏ ကြီးကြပ်မှုအောက်ရှိ အများပြည်သူနှင့် ဆက်သွယ်ဆောင်ရွက်လျက်ရှိသော ရုံး/ဌာနများတွင် ဝန်ဆောင်မှုရယူခဲ့ကြသော ပြည်သူများ၏ တယ်လီဖုန်းများသို့ Short Code နံပါတ် ''1111'' အသုံးပြု၍ SMS မှတစ်ဆင့် မေးခွန်းများ မေးမြန်းခြင်းနှင့် တုံ့ပြန်မှုရယူခြင်းအစီ အစဉ် (Public Feed–back Programme–PFP) ကို အသုံးပြုဆောင်ရွက်လျက်ရှိပါသည်။

၃။ အများပြည်သူထံမှ တုံ့ပြန်မှုရယူခြင်းအစီအစဉ်အရ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်နှင့် ပြည်ထောင်စုဝန်ကြီးဌာန/အဖွဲ့ အစည်းများထံမှ Short Code နံပါတ် ''1111'' ဖြင့် ဝန်ဆောင်မှုရယူစဉ်က ကြုံတွေ့ခဲ့ရသည့်အခြေအနေများ နှင့်စပ်လျဉ်း၍ ပေးပို့မေးမြန်းလိုက်သော SMS များကို မှန်ကန်စွာပြန်လည်ဖြေကြားပေးခြင်းဖြင့် သက်ဆိုင်ရာဌာနအသီးသီး၏ ဝန်ဆောင်မှုလုပ်ငန်းအရည်အသွေးကို သိရှိနိုင်မည်ဖြစ်ပြီး အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးအတွက် လိုအပ်ချက်များကို ပြုပြင်နိုင်မည်ဖြစ်ပါသည်။

၄။ သို့ဖြစ်ပါ၍ ပြည်သူလူထုအနေဖြင့် ကော်မရှင်နှင့် ပြည်ထောင်စုဝန်ကြီးဌာန/အဖွဲ့အစည်းများရှိ အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးအဖွဲ့များက Short Code နံပါတ် ''1111'' ဖြင့် SMS ပေးပို့မေးမြန်းလိုက်သော မေးခွန်းများကို ပြန်လည်ဖြေကြားပေးခြင်းသည် အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးလုပ်ငန်းများတွင် တစ်ဖက်တစ်လမ်း က ပါဝင်ဆောင်ရွက်ခြင်းဖြစ်သဖြင့် အများပြည်သူထံမှ တုံ့ပြန်မှုရယူခြင်းအစီအစဉ်ကို အတူတကွပူးပေါင်းပါဝင်ဆောင်ရွက်စေလိုပါ ကြောင်း အသိပေးနှိုးဆော်တင်ပြအပ်ပါသည်။

အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်

# ဝက်လက်မြို့နယ်တွင် ဆောင်းသီးနှံ ပဲတီစိမ်း ဧက ၄၅၅၀ စိုက်ပျိုးပြီးစီး လျာထားဧကထက် ပိုမိုစိုက်ပျိုးနိုင်ခဲ့



ဝက်လက် ဖေဖော်ဝါရီ ၉

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင် ဝက်လက်မြို့နယ်တွင် ဆောင်းသီးနှံ ပဲတီစိမ်း ဧက ၄၅၅၀ စိုက်ပျိုးပြီးစီးပြီဖြစ်ပြီး လျာထားဧကထက် ပိုမိုစိုက်ပျိုးနိုင်ခဲ့ကြောင်း ဝက်လက်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ဝက်လက်မြို့နယ်တွင် ၂၀၂၄–၂၀၂၅ ခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ပဲတီစိမ်း ၄၅၆၅ ဧက စိုက်ပျိုးရန် လျာထားပြီး ၂၀၂၄ ခုနှစ် အောက်တိုဘာလမှ စတင်စိုက်ပျိုးခဲ့ရာ ယနေ့ထိ ဧက ၄၅၅၀ စိုက်ပျိုးပြီးစီးပြီဖြစ်ပြီး လျာထားဧကထက် ပိုမိုစိုက်ပျိုးနိုင်ခဲ့ကြောင်း သိရသည်။

" ဆောင်းသီးနှံစိုက်ပျိုးရာသီ ဝက်လက်မြို့နယ်မှာ ပဲတီစိမ်း ၄၅၆၅ ဧက စိုက်ပျိုးဖို့ လျာထားပါတယ်။ ဒီနေ့ထိ ဧက ၄၅၅၀ စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ ပဲတီစိမ်းစိုက်ပျိုးမှုနဲ့ ပတ်သက်ပြီး တိုးချဲ့စိုက်ပျိုးဖို့၊ အထွက်နှုန်းကောင်းမွန်ဖို့၊ မျိုးကောင်းမျိုးသန့် တွေသုံးစွဲဖို့ အသိပညာပေးလုပ်ငန်းတွေ ဆောင်ရွက်ပေးပါတယ်" ဟု ဝက်လက်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ကြင်စန်းက ပြောပြ၍ သိရသည်။

ဝက်လက်မြို့နယ်တွင် ပဲတီစိမ်းစိုက်ပျိုးတောင်သူများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက ဒေသနှင့် ကိုက်ညီသည့် မျိုးကောင်း၊ မျိုးသန့်ရရှိရေး၊ စိုက်နည်းစနစ်မှန်ကန်ရေး၊ ပိုးမွှားကျရောက်မှု ကင်းရှင်းရေး၊ ဓာတ်မြေဩဇာ စနစ်တကျသုံးစွဲရေး၊ အထွက်နှုန်း ကောင်းမွန်ရေးတို့ကို အသိပညာ ပေးလုပ်ငန်းများ ဆောင်ရွက်လျက် ရှိကြောင်း သိရသည်။

ပဲတီစိမ်းသီးနှံကို အထွက်နှုန်း တိုးတက်ကောင်းမွန်အောင် စိုက်ပျိုး နိုင်မည်ဆိုပါက နိုင်ငံတွင်း စားသုံးမှုဖူလုံစေရုံမျှမက ပြည်ပသို့ ပို့ကုန်အဖြစ်ပါ တင်ပို့နိုင် မည်ဖြစ်ကြောင်း၊ ထုတ်လုပ်မှု နှင့် ဈေးကွက်လိုအပ်ချက်ဖြစ်သော ဝယ်လိုအား မျှတလာပါက ကုန်ဈေးနှုန်းတည်ငြိမ်၍ လူမှု စီးပွားဘဝများလည်း မြင့်မား တိုးတက်လာမည် ဖြစ်သဖြင့် ပဲတီစိမ်းသီးနှံများ အထွက်နှုန်း တိုးတက်စေရေး ဒေသမရွေး ကြိုးပမ်းစိုက်ပျိုးကြရမည် ဖြစ် ကြောင်း ဝက်လက်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ် ဦးစီးမှူး ဒေါ်ကြင်စန်းက ပြောပြ၍ သိရသည်။

(၂၀၆)

# ကြံခင်းမြို့နယ် ပြာသာစုကျေးရွာ၌ ဓာတ်အားလိုင်းသွယ်တန်းခြင်းပြီးစီးမှု စစ်ဆေး

ကြံခင်း ဖေဖော်ဝါရီ ၉

ဧရာဝတီတိုင်းဒေသကြီး မြန်အောင်ခရိုင် ကြံခင်းမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက သောကြာဒူး ကျေးရွာအုပ်စု ပြာသာစုကျေးရွာ၌ နိုင်ငံတော်ပံ့ပိုး(မီးလင်းရေး) ရန်ပုံငွေဖြင့် ၄၀၀ ဗို့ ဓာတ်အားလိုင်း သွယ်တန်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုအခြေအနေကို ဖေဖော်ဝါရီ ၈ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ကြံခင်းမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးယဉ်မင်းဦးနှင့် အင်ဂျင်နီယာဝန်ထမ်းများက ၄၀၀ ဗို့ ဓာတ်အားလိုင်းသွယ်တန်းခြင်း လုပ်ငန်း ဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ကြည့်ရှု စစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက ကျေးရွာရပ်မိ၊ ရပ်ဖများနှင့် တွေ့ဆုံကာ ဆောင်ရွက်ပြီး လုပ်ငန်းများကို ရေရှည်တည်တံ့အောင် ဝိုင်းဝန်းထိမ်းသိမ်းကြရန် ဆွေးနွေးမှာကြားပြီး ကျေးရွာတင်ပြချက်များအပေါ် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

အဆိုပါ ပြာသာစုကျေးရွာ၌ ၄၀၀ဗို့ ဓာတ်အားလိုင်းသွယ်တန်းခြင်းလုပ်ငန်းကို နိုင်ငံတော်ပံ့ပိုး (မီးလင်းရေး) ရန်ပုံငွေကျပ် ၁၆ ဒသမ ၂၈၉ သန်း၊ ပြည်သူထည့်ဝင်ငွေကျပ် သုံးသန်း စုစုပေါင်း ငွေကျပ် ၁၉ ဒသမ၂၈၉ သန်း အသုံးပြု၍ မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနနှင့် မြို့နယ်လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးရေးလုပ်ငန်းတို့ပူးပေါင်း၍ ၂၀၂၄ ခုနှစ် ဒီဇင်ဘာလ ဒုတိယပတ်က စတင် အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ အားလုံး ရာနှုန်းပြည့်ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း ကြံခင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးယဉ်မင်းဦးထံမှ သိရသည်။

သံသာ










“အဂတိပယ်ရှား ပြည်သာယာ”
Remove Corruption, Promote Prosperity

## အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်သို့ တိုင်ကြားရာတွင် သတိပြုရမည့်အချက်များ

၁။ မည်သူမဆို အဂတိလိုက်စားမှုနှင့် စပ်လျဉ်း၍သော်လည်းကောင်း၊ အဂတိလိုက်စားမှုဖြင့် ကြွယ်ဝချမ်းသာလာခြင်းနှင့် စပ်လျဉ်း၍သော်လည်းကောင်း၊ သတင်းအချက်အလက်များနှင့်အညီ ကော်မရှင်သို့ဖြစ်စေ၊ ကော်မရှင်ရုံးသို့ ဖြစ်စေ၊ ဥပဒေအရ ဖွဲ့စည်းသော လုပ်ငန်းကော်မတီ၊ လုပ်ငန်းအဖွဲ့၊ ပဏာမစိစစ်ရေးအဖွဲ့နှင့် စုံစမ်းစစ်ဆေးရေးအဖွဲ့ တစ်ခုခုသို့ဖြစ်စေ၊ သက်ဆိုင်ရာ အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းတစ်ခုခုသို့ဖြစ်စေ သတင်းပေးပို့ချက်နှင့် တိုင်တန်းချက်များကို ပေးပို့နိုင်သည်။

၂။ တိုင်ကြားစာပေးပို့ရာတွင် ကော်မရှင်ထံ မိတ္တူပေးပို့ခြင်းမပြုဘဲ တိုက်ရိုက်လိပ်မူပေးပို့ရမည်။

၃။ တိုင်ကြားသူ၏ အမည်၊ လက်မှတ်၊ နိုင်ငံသားစိစစ်ရေးကတ်ပြားမိတ္တူ၊ ဆက်သွယ်ရန် လိပ်စာအပြည့်အစုံ၊ ဖုန်းနံပါတ် ပါဝင်ရမည်။

၄။ အရေးကြီးသော သက်သေခံချက်ဖြစ်သည့် မျက်မြင်သက်သေ၊ စာရွက်စာတမ်း၊ ဓာတ်ပုံ၊ အသံဖိုင်၊ ဗီဒီယိုဖိုင် စသည်တို့ရှိကြောင်း ဖော်ပြနိုင်ရမည်။

၅။ ပုဂ္ဂိုလ်တစ်ဦးတစ်ယောက်အား နစ်နာစေရန် သို့မဟုတ် ဂုဏ်သရေပျက်စေရန် တမင်ပြုလုပ်တိုင်ကြားပါက ဥပဒေပုဒ်မ ၅၉ အရ အရေးယူခံရနိုင်သည်ကိုလည်း သတိပြုရမည်။

### လိပ်မူတိုင်ကြားရန် လိပ်စာ

အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်
ရုံးအမှတ် (၅၆)၊ ဇေယျာဌာနီလမ်း၊ ဥတ္တရသီရိမြို့နယ်၊ နေပြည်တော်၊
စာတိုက်သေတ္တာအမှတ်(၁၄၄)၊ ဖုန်းနံပါတ် ၀၆၇-၈၁၀၃၃၄၇၊
၀၆၇-၈၁၀၃၃၃၄၊
Email Address - accm@accm.gov.mm၊
Website Address - http://www.accm.gov.mm

လူကုန်ကူးခံရသူများအနေဖြင့် အကူအညီနှင့်အားပေးမှုများ
လိုအပ်သည်ဟု ခံစားနေရပါက
သတင်းအချက်အလက်မျှဝေရာစင်တာသို့
ဆက်သွယ်နိုင်ပါသည်။

ဆက်သွယ်ရန်လိပ်စာ - လူမှုဝန်ထမ်း၊ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန
ပြန်လည်ထူထောင်ရေးဦးစီးဌာန
အမှတ်(၆၅)၊ကျိုက်ဝိုင်းဘုရားလမ်း၊ မရမ်းကုန်းမြို့နယ်၊ရန်ကုန်တိုင်းဒေသကြီး
ဆက်သွယ်ရမည့်ဖုန်း - ၀၁-၆၆၆၆၁၉ (ရုံးချိန်အတွင်း)

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်(၉)ရပ်

**၁။ နိုင်ငံရေး**

(က) စစ်မှန်၍ စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး။

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်(NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။

(ဂ) ပြည်သူလူထု၏ လူမှုစီးပွားဘဝလုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးအပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်ရေး။

**၂။ စီးပွားရေး**

(က) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သောစိုက်ပျိုးရေးနှင့် မွေးမြူရေးကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင် ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။

(ခ) တိုးတက်ကောင်းမွန်လာသည့် စီးပွားရေးမောင်းနှင်အားကို မဏ္ဍိုင်ပြု၍ MSME စက်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ကာ ပို့ကုန်ကဏ္ဍမြှင့်တင်ရေး။

(ဂ) ပြည်တွင်းစားသုံးဆီဖူလုံရေးအတွက် ဆီထွက်သီးနှံစိုက်ပျိုးမှုကို အားပေးမြှင့်တင်ပြီး ပန်းတိုင်ရည်မှန်းချက်အတိုင်းထွက်ရှိအောင် ဆောင်ရွက်၍ နိုင်ငံအတွင်းဖူလုံမှုမှသည် ပြည်ပသို့ တင်ပို့နိုင်သည်အထိ ကြိုးပမ်းဆောင်ရွက်ရေး။

**၃။ လူမှုရေး**

(က) တစ်နိုင်ငံလုံး အသိပညာ၊ အတတ်ပညာမြင့်မားတိုးတက်စေရေး၊ ကုန်ထုတ်လုပ်မှုအထောက်အကူပြုပညာရှင်များ ထွန်းကားလာစေရေးအတွက် လူတိုင်းလက်လှမ်းမီသည့်ဘက်စုံပညာရေးစနစ်ကို အကောင်အထည်ဖော်ဆောင်ရေး။

(ခ) တစ်မျိုးသားလုံးသက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူအားလုံးအကျိုးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍ မြှင့်တင်ဆောင်ရွက်ရေး။

(ဂ) နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၌ လူငယ်များအနေဖြင့် အဓိကစွမ်းအားစုအဖြစ် ပါဝင်နိုင်ရေး ဗလငါးတန်နှင့် ပြည့်စုံသော လူငယ်များဖြစ်စေရန် လူငယ်ကဏ္ဍကို မြှင့်တင်ဆောင်ရွက်ရေး။

**❖ စာမတတ်သူသည် ထိုင်နေသည့်လူနှင့်တူ...**

**❖ စာတတ်ပြီး စာမဖတ်သည့်သူမှာ ရပ်နေသည့်လူနှင့်တူ...**


**❖ စာတတ်ပြီး စာလည်းဖတ်သည့် သူမှာတော့ လမ်းလျှောက်နေသည့်သူနှင့်တူ...**

**❖ လူငယ်များအပါအဝင် ပြည်သူများ စာဖတ်ကြစေရန် မိမိတို့အားပေးကြရမည်ဖြစ်...**

**❖ စာပေလေ့လာဖတ်ရှုနိုင်မည့် ပတ်ဝန်းကျင်များ ဖန်တီးပေးကြရမည်ဖြစ်...**

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ ၂၀၂၄ ခုနှစ် မေ ၃ ရက်တွင် ပြုလုပ်သော မြန်မာနိုင်ငံတစ်ဝန်းလုံးရှိ စာကြည့်တိုက်များနှင့် တပ်မတော်ဌာနချုပ်များ၊ တပ်ရင်းတပ်ဖွဲ့ စာကြည့်တိုက်များသို့ စာအုပ်စာစောင်များ ပေးအပ်လှူဒါန်းပွဲအခမ်းအနားတွင် တက်ရောက်အမှာစကားပြောကြားမှုမှ ကောက်နုတ်ချက်)

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် အိန္ဒိယနိုင်ငံမှ လူသားချင်းစာနာထောက်ထားမှုခေါင်းဆောင်နှင့်ငြိမ်းချမ်းရေးသံတမန်ကြီး Gurudev Sri Sri Ravi Shankarကို လက်ခံတွေ့ဆုံ



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် အိန္ဒိယနိုင်ငံမှ လူသားချင်းစာနာထောက်ထားမှုခေါင်းဆောင်နှင့် ငြိမ်းချမ်းရေးသံတမန်ကြီး Gurudev Sri Sri Ravi Shankar ကို လက်ခံတွေ့ဆုံစဉ်။

**နေပြည်တော် ဖေဖော်ဝါရီ ၉** နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် အိန္ဒိယနိုင်ငံမှ လူသားချင်းစာနာထောက်ထားမှု ခေါင်းဆောင်နှင့် ငြိမ်းချမ်းရေးသံတမန်ကြီး Gurudev Sri Sri Ravi Shankar ကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌရုံး သံတမန်ဆောင်ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

အဆိုပါတွေ့ဆုံပွဲသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အတူ

**စာမျက်နှာ ၂၀ ကော်လံ ၁ ☆**

